ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ စနေနေ့ (29-8-2015) (၈၃၀၇)

### မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂျပန်အာကာသယာဉ်မှူးအား လက်ခံတွေ့ဆုံ

သတင်း စာမျက်နှာ - ၃

## တောင်သူများအတွက် စိန်ခေါ်မှုအသွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်

နန္ဒာဝင်း



တောင်ကုတ်မြို့နယ်တွင် ပျက်စီးသွားသော စပါးစိုက်ခင်းများအား တောင်သူများပြန်လည်စိုက်ပျိုးနေစဉ်။

တောင်တွေနှင့် နီးပြီး စိမ်းစိမ်းစိုစို စပါးခင်းများသည် အခြားအချိန်များတွင် သာယာလှပသည့် ရှုခင်း၊ ပန်းချီကားတစ်ချပ်ကဲ့သို့ ဖြစ်နေသော်လည်း ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် မိုးများအဆက်မပြတ်ရွာသွန်းကာ တောင်တွေ ပြိုဆင်းလာခဲ့ချိန်မှာတော့ စိမ်းလဲ့လဲ့ လယ်ကွင်းပြင်သည် တစ်ပေခွဲခန့်ထုရှိသည့် ရွှံ့ညွှန်များဖုံးလွှမ်းကာ သဲနှင့်ကျောက်စရစ်ပြင်ကြီးတစ်ခုသဖွယ်ဖြစ်ခဲ့ရသည်။

ပြီးခဲ့သည့် ဇွန်၊ ဇူလိုင်လများအတွင်း ဆိုင်ကလုန်းမုန်တိုင်း ကိုမန် ရိုက်ခတ်မှုကြောင့် မုတ်သုံမိုး သည်းထန်စွာရွာသွန်းခဲ့ပြီး မြန်မာနိုင်ငံအနှံ့ အပြားတွင် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များအဖြစ် ရေကြီးနစ်မြုပ်ခဲ့သော ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် ရေပြန်လည်ကျဆင်းသွားသော်လည်း ရွှံ့ညွှန်များ၊ နုန်းများနှင့် သဲများဖုံးလွှမ်း၍ ကျန်ခဲ့တော့သည်။

အဆိုပါ ရေကြီးနစ်မြုပ်ခြင်းခံခဲ့ရသော ဒေသတစ်ခုဖြစ်သည့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် နတ်ချောင်းကျေးရွာမှ တောင်သူ ဦးလှအောင်က "လယ်လုပ်ကိုင်ပြီး ဝမ်းစာအတွက် စုဆောင်းရတာဆိုတော့ အခုလိုဖြစ်သွားတာ ကျွန်တော်တို့အတွက်တော့ ထိခိုက်မှုကြီးပေါ့ဗျာ"ဟု ပြောသည်။

"ရေမရှိတော့ဘူး၊ နုန်းတွေက ဒူးကျော်၊ ခါးလောက်ရှိတဲ့ နေရာလည်း ရှိတယ်။ ကျွန်မသွားတောင်မကြည့်နိုင်ဘူး" ဟု ကလေးမြို့နယ် သာယာကုန်း ကျေးရွာမှ တောင်သူတစ်ဦးက ဆိုသည်။

ထိုကဲ့သို့ ရွှံ့ညွှန်နှင့် သဲနုန်းများဖုံးလွှမ်းခဲ့ရာတွင် အချို့နေရာများ၌ ခြေမျက်စိခန့်(၄ လက်မ)ဝန်းကျင်သာ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

## ဟားခါးမြေပြိုမှုဖြစ်စဉ် သစ်တောပြုန်းတီးမှုနှင့် မိုးများမှုတို့ပါဝင်

တွေ့ဆုံမေးမြန်း » မင်းသစ်၊ ဓာတ်ပုံ » နေလင်း(သတင်းစဉ်)

ချင်းပြည်နယ် ဟားခါးမြို့တွင် ဇူလိုင်လတတိယပတ်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ကာ လူနေအိမ်၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံနှင့် လမ်း၊ တံတားများ ပြိုကျပျက်စီးမှုများဖြစ်ပေါ် ခဲ့သည်။

ဟားခါးမြို့ မြေပြိုကျမှုဖြစ်စဉ်နှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ ဘူမိသိပ္ပံ အသင်းမှ ပညာရှင်များသည် ဩဂုတ် ၁၇ ရက်က လေ့လာစမ်းသပ်မှုများ ပြုလုပ်နိုင်ရန် သွားရောက်ခဲ့ကြသည်။ ဟားခါးမြေပြိုမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း(ဗဟိုကော်မတီဝင်) ရန်ကုန်နည်းပညာတက္ကသိုလ် ဘူမိအင်ဂျင်နီယာဌာန(ဧည့်ပါမောက္ခ) ဆရာဦးကျော်ထွန်းနှင့် သွားရောက် တွေ့ဆုံ၍ မေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည်။

**မေး။ ဟားခါးမြို့က မြေပြိုလို့ပါသွားတဲ့ရပ်ကွက်တွေကို လူနေထိုင်ဖို့ သင့်၊ မသင့် ဘယ်လိုသတ်မှတ်ထားပါသလဲ။ နေထိုင်ဖို့မသင့်ဘူးဆိုရင် ဘယ်နေရာ တွေမှာ နေထိုင်ဖို့သင့်တယ်လို့ သတ်မှတ်သွားမှာပါလဲ။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



ဟားခါး မြေပြိုမှုအား တွေ့ရစဉ်။



အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် ၂၈-၈-၂၀၁၅၊ စနေနေ့

# အာကာသနည်းပညာတက်လှမ်း

တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မြန်မာနိုင်ငံသည်လည်း လိုက်ပါတိုးတက်ပြောင်းလဲလာသည်ကို တွေ့ရသည်။ အထူးသဖြင့် အိုင်စီတီနည်းပညာများတိုးတက်လာပြီး လူမှုကွန်ရက်နယ်ပယ်ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးလာသည်မှာ ငြင်းမရသည့်အချက်ဖြစ်သည်။

သို့ရာတွင် အိုင်စီတီနည်းပညာတိုးတက်လာမှုနှင့်အတူ ဆက်သွယ်ရေးကွန်ရက် အားကောင်းမောင်းသန်ဖွံ့ဖြိုးတိုးတက်မှသာ လုပ်ငန်းတွင်ကျယ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။ ဆက်သွယ်ရေး ကွန်ရက်နှင့် နည်းပညာတိုးတက်မှုသည် တိုက်ရိုက်အချိုးကျ ဆက်စပ်နေသည့် သဘောဖြစ်သည်။

အိုင်စီတီနည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် မြန်မာနိုင်ငံ၌ ဆက်သွယ်ရေးဆိုင်ရာ ရေအောက်ကေဘယ်၊ မြေအောက်ကေဘယ်နှင့် မြေပေါ်ဆက်သွယ်ရေးတာဝါတိုင်များအား အစိုးရ၊ ပုဂ္ဂလိကဖက်စပ်လုပ်ကိုင်မှုများ တစ်နိုင်ငံလုံးလွှမ်းခြုံဆောင်ရွက်နေသည်ကို မြင်တွေ့နေရသည်။ ထိုလုပ်ငန်းများ အားကောင်းလျှင် ကောင်းသလို ဆက်သွယ်ရေးကွန်ရက်များ ဖွံ့ဖြိုးနေသည်။

သို့သော် မြေပေါ်၊ မြေအောက် ဆက်သွယ်ရေးကွန်ရက်ဆိုသည်မှာ အသုံးပြုသူအနည်းအများနှင့် ပတ်ဝန်းကျင်သဘာဝ အခြေအနေများအရ ဆက်သွယ်ရေးအခက်အခဲနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နိုင်ပါသည်။ အထူးသဖြင့် အသုံးပြုသူများဘက်တွင် Connection မကောင်းပါဟု ညည်းတွားမြည်တွန်သံများ မကြာခဏကြားနေရသည်။ ယင်းသို့ ဖြစ်ရသည်မှာ ဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို ရုပ်ဝတ္ထုများဖြင့်တည်ဆောက်ထားသောကြောင့်ဖြစ်သည်။

ထိုအခါ အာကာသနည်းပညာ(ဂြိုဟ်တုနည်းပညာ)များ မဖြစ်မနေလိုအပ်လာသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက်ပိုင်းတွင် ကမ္ဘာပေါ်၌ ဂြိုဟ်တုနည်းပညာများကို အပြိုင်အဆိုင်တီထွင်ဖန်တီးလုပ်ကိုင်လာကြရာ အမေရိကန်နှင့်ဆိုဗီယက်ကဲ့သို့ အင်အားကြီးနိုင်ငံကြီးများမှာ နည်းပညာဘက်တွင် ရှေ့တန်းသို့ရောက်ရှိလာခဲ့သည်။

ဆက်သွယ်ရေးဂြိုဟ်တုကိုအာကာသအတွင်းသို့ ပထမဆုံး အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပြီး ဆက်သွယ်ရေးနှင့် အာကာသစူးစမ်းရှာဖွေရေးသုတေသနလုပ်ငန်းများအား ဇောက်ချလုပ်ကိုင်လာကြသည်ကို တွေ့ရသည်။ အမေရိကန်နိုင်ငံရှိ အမျိုးသားလေကြောင်းနှင့် အာကာသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နာဆာ (NASA)သည် ကမ္ဘာပေါ်တွင် ယနေ့ထက်တိုင် အောင်မြင်ကျော်ကြားပြီး ထင်ရှားသည့် အဖွဲ့ကြီးတစ်ဖွဲ့အဖြစ် ရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်ရေးနည်းပညာပိုင်းတွင် ခေတ်နောက်ကျကျန်ခဲ့သော်လည်း မျက်မှောက်ခေတ်ပြုပြင်ပြောင်းလဲရေးကာလတွင်မူ ဆက်သွယ်ရေးနည်းပညာကို မိမိတတ်နိုင်သည့် အခြေခံအင်အားဖြင့် အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများအကြားတွင် ရင်ပေါင်တန်းလိုက်ပါနိုင်သည်မှာ အံ့သြဖွယ်ဖြစ်သည်။ ရှိသည့်အင်အားဖြင့် နည်းပညာတိုးတက်လာသည်မှာ မြန်မာတို့၏ ဉာဏ်ပညာထက်မြက်မှုဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံတော်အပိုင်းကလည်း အာကာသနည်းပညာ အသုံးပြုမှုဖွံ့ဖြိုးတိုးတက်ရေး ဂြိုဟ်တုနည်းပညာ ပိုင်ဆိုင်ရေးအတွက် အာကာသဆိုင်ရာမူဝါဒ၊ ရည်မှန်းချက်များနှင့် ရေတို၊ ရေရှည်စီမံကိန်းများချမှတ်ဆောင်ရွက်သွားမည်ဟုသိရသဖြင့် မြန်မာနိုင်ငံ ခေတ်မီဆက်သွယ်ရေးလုပ်ငန်းများအတွက် အားတက်မိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံမှလူငယ်၊ လူရွယ်များ သင်္ချာ၊ သိပ္ပံနှင့် အာကာသဆိုင်ရာ နည်းပညာများအား တိုးတက်ရှာဖွေနိုင်သည့် အခွင့်အလမ်းများကို မျှဝေပေးပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းချင်ပါသည်။ ။

## အမြန်လမ်းမကြီးပေါ်တွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တိုက်နယ်ဆေးရုံတစ်ရုံနှင့် ကြက်ခြေနီစခန်းသစ်တစ်ခုဖွင့်လှစ်မည်

**နေပြည်တော် ဩဂုတ် ၂၈**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား သွားလာအသုံးပြုနေသောပြည်သူများအတွက် အရေးပေါ်ယာဉ်မတော်တဆမှုများ ဖြစ်ပွားခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်လာပါက ကူညီစောင့်ရှောက်ပေးနိုင်ရန်အတွက် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ခုနှင့် ကြက်ခြေနီစခန်းတစ်ခုကို တည်ဆောက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၈၃ မိုင် ခြောက်ဖာလုံရှိ မြို့ချောင်းတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံနှင့် မိုင်တိုင်အမှတ် ၂၈၅ မိုင်ရှိ မိတ္ထီလာ သီးကုန်းတို့တွင် ကြက်ခြေနီစခန်းတစ်ခုတို့ကို တည်ဆောက်လျက်ရှိပြီး ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ အမြန်လမ်းမကြီးပေါ်တွင် သွားလာရင်း အရေးပေါ်ကြုံတွေ့လာသည့် ကျန်းမာရေး ကိစ္စရပ်များတွင် အချိန်နှင့်တစ်ပြေးညီ စောင့်ရှောက်မှုပေးရန်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အမြန်လမ်းမှာ ယာဉ်သွားလာမှုများလာတာနဲ့အမျှ ထိခိုက်မှု၊ မတော်တဆမှုတွေ အဖြစ်များလာတယ်။ ၂၀၁၃-၂၀၁၄ မှာ ဖြစ်တဲ့ ယာဉ်မတော်တဆမှုတွေကို သုံးသပ်ရင် မနက် ၄ နာရီနဲ့ ၆ နာရီကြား၊ မွန်းလွဲ ၂ နာရီနဲ့ ညနေ ၄ နာရီကြားတွေမှာ အဖြစ်များတယ်။ နောက်ပြီး မနက်ပိုင်းမှာဖြစ်တဲ့ မတော်တဆမှုတွေမှာ ပိုပြီးတော့ ဆုံးရှုံးမှုပိုကြီးတယ်။ ဒါကြောင့် အရေးပေါ် ကယ်ဆယ်စောင့်ရှောက်မှုလိုအပ်ပါတယ်။ နေ့ခင်းဘက်မှာ မတော်တဆမှုဖြစ်ခဲ့ရင် သက်ဆိုင်ရာကို အချိန်မီဆက်သွယ်ပြီး လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ပေမယ့် မနက်အရုဏ်တက်ချိန်ဖြစ်ရင် ဘယ်သူမှ မသိလိုက်တဲ့အတွက် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးရတာတွေ ဖြစ်တတ်ပါတယ်။ ဒါတွေက မတော်တဆမှုဖြစ်ပြီးချိန် အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုမပေးနိုင်လို့ဖြစ်ရတယ်လို့ ယူဆပါတယ်။ နောက်ပြီး ဒီဆေးရုံ ဖွင့်လိုက်ခြင်းအားဖြင့် အနီးနားမှာရှိတဲ့ ကျေးရွာနေပြည်သူများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာဖြစ်ပါတယ်"ဟု အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးကြည်ဇော်မြင့်က ပြောသည်။

ထို့အပြင် မိုင်တိုင်အမှတ် ၂၈၅ မိုင်ရှိ မိတ္ထီလာ သီးကုန်းရှိ ကြက်ခြေနီစခန်းကို စင်ကာပူ ကြက်ခြေနီအသင်းက လှူဒါန်းခြင်းဖြစ်ပြီး ယမန်နှစ်အတွင်းက စတင်တည်ဆောက်ခဲ့ကာ လာမည့် နိုဝင်ဘာလတွင် အပြီးသတ်ဖွင့်လှစ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သိရသည်။

အမြန်လမ်းမကြီးတစ်လျှောက်တွင် ကြက်ခြေနီစခန်းများကို မိုင်တိုင် ၁၁၅ တွင် လည်းကောင်း၊ မိုင်တိုင် ၂၈၅ရှိ မိတ္ထီလာ သီးကုန်းတွင် လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး လုပ်အားပေး ကြက်ခြေနီအဖွဲ့များ ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အမြန်လမ်းမကြီးတစ်လျှောက်လုံး အနေနဲ့ဆိုရင် ဒီလိုကြက်ခြေနီစခန်းနှစ်ခုထဲက နည်းနေပါသေးတယ်။ ဒီလိုကြက်ခြေနီစခန်းတွေ နောက်ထပ်ဖွင့်နိုင်ဖို့ကလည်း အလှူရှင်တွေအပေါ်မှာ မူတည်နေပါတယ်။ နေပြည်တော်တိုးဂိတ်မှာလည်း ကြက်ခြေနီစခန်းသစ်တစ်ခု ထပ်ဖွင့်သွားဖို့အစီအစဉ်ရှိပါတယ်"ဟု မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေသန်းက ပြောသည်။

"အမြန်လမ်းမကြီးပေါ်မှာ ယာဉ်မတော်တဆမှုတွေနဲ့ ခရီးသွားပြည်သူတွေ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများလိုအပ်လာရင် စောင့်ရှောက်မှုပေးနိုင်ဖို့ ဆေးရုံဆေးခန်းတွေ ဒီထက်မက လိုအပ်နေပါသေးတယ်။ ဒါပေမယ့် ဆေးရုံဆေးခန်းတွေပဲ ဆောက်နေလို့မပြီးသေးပါဘူး။ ယာဉ်မောင်းတွေ၊ လမ်းအသုံးပြုသူတွေ အနေနဲ့လည်း စည်းကမ်းလိုက်နာပြီး သတ်မှတ်မိုင်နှုန်းထက်ပိုမမောင်းဖို့နဲ့ စည်းစနစ်ရှိရှိ မောင်းနှင်အသုံးပြုဖို့ လိုအပ်ပါသေးတယ်။ ဘာပဲဖြစ်ဖြစ် ဖြစ်မှ ကုသတာထက် မဖြစ်ခင်က ကြိုတင်ကာကွယ်တာတော့ အကောင်းဆုံးပေါ့ဗျာ"ဟု အမြန်လမ်းအသုံးပြုသူ ယာဉ်မောင်းတစ်ဦးက ဆိုသည်။

အမြန်လမ်းမကြီးတွင် ၂၀၁၅ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လကုန်ပိုင်းအထိ ယာဉ်မတော်တဆမှု ၂၁၇ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၇၃ ဦးနှင့် ဒဏ်ရာရရှိသူ ၅၆၃ ဦးရှိခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာမြင့်(ကြေးမုံ)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။



**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၅၆၄၀၀ | - | ၇၅၇၄၀၀ |
| မန္တလေး | ရွှေဈေး | ၇၅၆၄၀၀ | - | ၇၅၇၄၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀/၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၇၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၃. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၀၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၇၆၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂. ၉၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၁၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၅၃. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈. ၂၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၅. ၉၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၁. ၃၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှုစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်

အငယ်တန်းသတင်းထောက်များ - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြာ်နီ၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - စုနှင်းလဲ့၊ သီရိ

ပြည်တွင်းရေးရာ

# ဂျပန်အမျိုးသားအာကာသဖွံ့ဖြိုးရေးအေဂျင်စီနှင့် မြန်မာနိုင်ငံအကြား အာကာသစူးစမ်းလေ့လာရေးပညာရပ်များ ရေရှည်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အာကာသစူးစမ်းလေ့လာရေးအသင်းဥက္ကဋ္ဌနှင့် Japan Aerospace Exploration Agency(JAXA) ဂျက်ဆာအာကာသယာဉ်မှူးအဖွဲ့၏ အကြီးအကဲဖြစ်သူ ဂျပန်အာကာသယာဉ်မှူး Mr.Soichi Noguchi အား ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ဂြိုဟ်တုမှ စောင့်ကြည့်လေ့လာ၍ အချိန်မီသိရှိနိုင်ရန် ကူညီဆောင်ရွက်နေမှု၊ ဂျပန်အမျိုးသားအာကာသ ဖွံ့ဖြိုးရေးအေဂျင်စီနှင့် မြန်မာနိုင်ငံအကြား အာကာသစူးစမ်းလေ့လာရေး ပညာရပ်များတွင် ရေရှည်ပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနည်းပညာဆိုင်ရာ ဗဟုသုတများရရှိရန် သင်တန်းများ၊ ဟောပြောပွဲများအပြင် ရေရှည်အစီအစဉ်များ ချမှတ်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာစန်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**✻ ဟားခါးမြေပြိုမှုမှ**

ဖြေ။ မြေပြိုတဲ့အဓိကနေရာကတော့ ဟားခါးမြို့ဟောင်းရပ်ကွက်နဲ့ ဈေးဟောင်းရပ်ကွက်တွေမှာ ဆိုးဆိုးရွားရွားဖြစ်ခဲ့တယ်။ အထူးသဖြင့် ဒေသအခေါ် ရှန်းတောင်ခြေမှာရှိတဲ့ ရပ်ကွက်တွေက အတော်လေးမြေပြိုတဲ့ဒဏ်ကြောင့် အထိနာတာတွေ့ရတယ်။ မြေပြိုတဲ့နေရာတွေကို ကြည့်တဲ့အခါ ရှန်းတောင်က တည့်တည့်ဆင်းလာတဲ့ နေရာတွေက ပမာဏလည်းကြီးတယ်။ တောင်ကပြိုလာတယ်။ကျိုးပဲ့အစတွေ၊ မြေသား ကျောက်သားအစတွေနဲ့ ဖုံးသွားတဲ့အတွက်ကြောင့် အဲဒီလို နေရာမျိုးကတော့ မပြုပြင်ဘဲနဲ့တော့ နေလို့ရမယ့် အခြေအနေမရှိဘူး။ ပြုပြင်မယ်ဆိုလည်း စရိတ်က တော်တော်လေး အကုန်အကျများတယ်။ ဒီအတွက်ကြောင့် ပိုပြီးအန္တရာယ်ကင်းလုံခြုံတဲ့နေရာ ရွေးပေးပြီး ပြောင်းရွှေ့ပေးရင်ကောင်းတာပေါ့။ ပြိုသွားတဲ့နေရာတွေက ဘယ်လောက်အကျယ်အဝန်း ရှိတယ်ဆိုတာ တိုင်းတာပြီး မြေပုံပေါ်တင်နေတယ်။ ပြီးရင် ဇုန်တွေခွဲမယ်။ ဘယ်ဇုန်က ပြောင်းလို့ရမယ်။ ဘယ်ဇုန်က နည်းနည်းပါးပါး ပြုပြင်ပြီး ဆက်နေလို့ရမယ်ဆိုတာ လုပ်နေပါတယ်။

**မေး။ မြေပြိုတဲ့နေရာတွေမှာပဲ တိုင်းတာစစ်ဆေးမှုတွေ လုပ်တာလား၊ တခြားနေရာတွေရော လုပ်သေးသလား သိပါရစေ။**

ဖြေ။ အကောင်းပကတိရှိတဲ့နေရာတွေကိုလည်း လိုက်ကြည့်တယ်။ အပြင်ပန်းက ကြည့်ရင် အိမ်ပြိုတာ၊ လမ်းပြိုတာမရှိပေမယ့် မြေပြိုမှုအရှိန်ကြောင့် အက်ကွဲကြောင်းလေးတွေတော့ ရှိတယ်။ သိပ်ပြီးမကြီးမားတဲ့အတွက်ကြောင့် ပြုပြင်လို့ရတဲ့နည်းလမ်းတွေ ရှိတယ်။ အထူးသဖြင့် မိုးများလို့ မိုးရေကြောင့်ဖြစ်တာတို့၊ ဆင်ခြေလျှောမတ်စောက်လို့ ဖြစ်တာတို့ ရှိတာကြောင့် နံရံထိန်းတွေ ဆောက်ပြီး ဆက်လက်နေထိုင်လို့ရတဲ့ အခြေအနေမျိုးတွေ ရှိပါတယ်။

**မေး။ ဟားခါးမြို့ ရှန်းတောင်ပြိုကျတာနဲ့ပတ်သက်ပြီး ဘူမိဗေဒအမြင်နဲ့ ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ မိုးရွာတဲ့ပမာဏက ဒေသခံတွေပြောပြချက်အရ တစ်ပတ်အတွင်းမှာပဲ လက်မ ၃၀ ကျော်ရွာတယ်။ တစ်နှစ်ပတ်လုံးရွာနေတဲ့ မိုးရေတစ်ဝက်လောက်က တစ်ပတ်အတွင်း ရွာလိုက်တာ။ မြေပြိုတဲ့အဓိကအကြောင်းရင်းက မိုးရေကြောင့်ဆိုတဲ့ အချက်က ထိပ်ကပါနေပါတယ်။ မြေသားမြေဆီလွှာပေါ် မိုးရေဝင်သွားတဲ့အခါ ကျွန်တော်တို့အခေါ် အောင်းရေဖိအားစုပြီး တက်လာတယ်။ တက်လာတဲ့အချိန်မှာ သူ့ရဲ့ တွန်းချအားက တအားများလာတယ်။ မြေပြင်ပေါ်မှာ မြေဆီလွှာသဘောက အမြဲတမ်းလိုလို တွန်းချအား၊ တွန်းကန်အားရှိတယ်။ တွန်းချအားပိုတဲ့အခါ မြေပြိုတော့တာပဲ။ မြေသားကလည်း ဘူမိဗေဒအမြင်နဲ့ကြည့်တဲ့အခါ ဒီနေရာက လူတွေ မနေထိုင်ခင်ကတည်းက မြေပြိုပြီးသားနေရာဆိုတာ သိခဲ့ရတယ်။ ဒါကိုဒေသခံတွေ မသိကြဘူး။ သူတို့က နေလို့ရတယ်ဆိုပြီး နေနေကြတာ။ အဓိက ပြိုသွားတဲ့နေရာ သည်ပင်လျှင် အတိတ်က လူတွေ မနေခင်အချိန်က ပြိုပြီးသားမြေဖြစ်တယ်။ ဒါတော်တော်အရေးကြီးတဲ့ အချက်ပါပဲ။

**မေး။ ချင်းတောင်တန်းတွေက ဘယ်လို ဖွဲ့စည်းထားတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ထုံးစံအရ တောင်တန်းအပေါ်က မြေဆီလွှာ၊ အတွင်းမှာက အမာခံကျောက်တွေ ရှိတယ်။ မြေဆီလွှာဘယ်လောက်ထူလဲ။ မြေဆီလွှာထိန်းသိမ်းတဲ့သစ်တောရှိလား။ အထူးသဖြင့် မိုးများတဲ့အခါကျရင် မြေဆီလွှာမပြုန်းတီးအောင်ထိန်းတာ၊ သစ်တောတွေကထိန်းတာ။ တစ်နိုင်ငံလုံးမှာလည်းသစ်တောပြုန်းတီးမှုတအားများတယ်။အပေါ်မြေဆီလွှာ တိုက်စားတော့ မြေသားတွေ အောက်ဆင်းလာပြီး တောင်ပြိုမြေပြိုတာပါ။ အောက်ဘက်မှာက ကျောက်မာရှိတယ်။ အပေါ်မှာ မြေဆီလွှာရှိတယ်။ကျောက်သားတွေက တဖြည်းဖြည်းဆွေးမြည့်ပြီး မြေဆီလွှာဖြစ်လာတယ်။ ဒါကြောင့် အပင်ပေါက်နိုင်တာပါ။ မြေဆီလွှာက တိုက်စားမှုများပြီး ကျောက်သားတွေပေါ်လာရင် အပင်ပေါက်ဖို့ အခက်အခဲရှိလာမယ်။ ချင်းတောင်တန်း တစ်ခုလုံးက အောက်ခံကျောက်သား၊ ကျောက်သားပေါ်မှာမြေဆီလွှာရှိတယ်။ မြေဆီလွှာက ကျောက်သားထက်စာရင် ဂုဏ်သတ္တိ နည်းတယ်။ အောက်ခံကျောက်ရှိတဲ့အတွက် နည်းနည်းခံနိုင်ရည် ရှိတယ်။ ပြန်ပြီးနေရာချထားပေးမယ်ဆိုရင် အဲလိုနေရာမျိုးများများရွေးမယ်။ အောက်ခံကျောက်သားလည်းရှိတယ်။ မြေဆီလွှာလည်းရှိမယ့် နေရာပေါ့။ နောက် ဆင်ခြေလျှောတွေ သိပ်မမတ်စောက်တဲ့ နေရာတွေကိုလည်း သေချာလိုက်ရွေးတာပေါ့။



ဆရာဦးကျော်ထွန်း။

**မေး။ မြေပြိုတာတွေ စမ်းသပ်စစ်ဆေးတဲ့အခါ ဒေသခံတွေရဲ့ တုံ့ပြန်မှုက ဘယ်လိုရှိပါသလဲ။**

ဖြေ။ ဒေသခံတွေက သူတို့ရဲ့ ထင်မြင်ချက်တွေတော့ပြောကြတယ်။ အဓိက မိုးများလို့ ဖြစ်တာပါ။ မိုးရေမှာလည်း သဲသဲမဲမဲရွာတဲ့မိုးရေကြောင့်ပါ။ တချို့နိုင်ငံတွေမှာ တောင်တန်းဒေသတွေမှာ ဘာလုပ်ပေးထားသလဲဆိုရင် မိုးရာသီဆို အဲဒီတောင်တန်းဒေသတွေရဲ့ မိုးရေချိန်ဘယ်နှလက်မဆို တောင်ပြိုနိုင်တယ်ဆိုပြီး စံသတ်မှတ်ထားတဲ့နှုန်းရှိတယ်။ အဲဒီသတ်မှတ်ချက်ကျော်ရင် သတိပေးပြီး လူတွေကိုရွှေ့ပြောင်းခိုင်းတယ်။ အဲဒီလို အလေ့အကျင့်မျိုး၊ အစီအမံမျိုးတွေ တောင်တန်းဒေသတွေမှာ လုပ်ပေးဖို့ကောင်းတယ်။

**မေး။ ဟားခါးမြို့ မြေပြိုတာနဲ့ ပတ်သက်ပြီး အင်တာနက်လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ မြို့ပြောင်းရွှေ့ရမယ်ဆိုပြီး အသံတွေထွက်နေတယ်။ အဲဒီအပေါ် ဆရာ့အမြင်သုံးသပ်ပေးပါ။**

ဖြေ။ သူတို့ပြောတဲ့အထဲမှာလည်း တကယ့်ကိုခိုင်မာတဲ့ အခြေခံအချက်အလက်မရှိဘဲနဲ့ တစ်ဆင့်စကားကြားပြီးတော့ ပြန်ချဲ့ကားပြောတဲ့အတွက် ဒေသခံတွေ စိုးရိမ်ပြီး ကြောက်စရာဖြစ်တာပါ။ ဟားခါးတစ်မြို့လုံးမဟုတ်ပါဘူး။ မြို့သစ်ရပ်ကွက်ကဆိုရင် နည်းနည်းပါးပါး ဖြစ်တဲ့နေရာတွေကို ပြုပြင်ပြီး နေထိုင်လို့ရမယ်။ မြို့ဟောင်းရပ်ကွက်ကတော့ တောင်ကြီးပတ်ပတ်လည်မှာ ရှိတဲ့အတွက် အခြေအနေဆိုးခဲ့တယ်။ ကောင်းတဲ့နေရာတွေလည်းကျန်ခဲ့တယ်။ ပြင်ပကစကားတွေကိုပြည်သူက မယုံဖို့အရေးကြီးတယ်။ ကျွန်တော်တို့ ကြည့်တဲ့အခါ ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်နဲ့ ဈေးဟောင်းရပ်ကွက်ပဲ အခြေအနေဆိုးခဲ့တယ်။

**မေး။ မြေပြိုမှုတွေနဲ့ပတ်သက်ပြီး ဖြစ်ပွားမှုနည်းပါးအောင် ဘယ်လိုကာကွယ်ရမလဲ။**

ဖြေ။ မြေပြိုမှုတွေက ၁၉၉၀ နောက်ပိုင်းမှာပိုဖြစ်လာတယ်။ ဘာနဲ့ဆက်စပ်နေလဲဆိုတော့ သစ်တောပြုန်းတီးမှုများလာတာနဲ့ ဆက်စပ်နေတယ်။ သူတစ်ခုထဲ ပုံချလို့တော့ မရဘူး။ တချို့ တောင်ယာခုတ် မီးရှို့တာ၊ မီးသွေးဖုတ်ဖို့ သစ်ပင်ခုတ်တာတို့ ဒါတွေ မတားဆီးနိုင်တဲ့အတွက် မြေသားကိုထိန်းသိမ်းမယ့် အပင်က မရှိတဲ့အတွက်ကြောင့်ပါ။ အပင်ရှိတဲ့အခါ မိုးရွာရင် အပင်က တစ်ဆင့်ခံထားတယ်။ အောက်ကိုလည်းကြွေကျတဲ့သစ်ရွက်တွေက တစ်ဆင့်ခံထားတော့ ဒိုင်းသဖွယ် အကာအကွယ်ပေးထားတယ်။ မြေပြင်ထိန်းသိမ်းမှုက အတော်လေးကောင်းနေတယ်။ အဲဒီလိုဟာမျိုးတွေ မရှိတဲ့အတွက်ကြောင့် မိုးများတဲ့အခါ မိုးရေက အတားအဆီးမရှိစီးဆင်းတဲ့အတွက်ကြောင့် မြေဆီလွှာတိုက်စားမှုတွေ တအားများလာတယ်။ ဒါကိုထိန်းသိမ်းဖို့ဆိုရင် အပင်တွေ များများစိုက်ရမယ်။ စီးဆင်းလာတဲ့ မိုးရေကိုလည်း လမ်းတို့၊ တံတားတို့ရှိရင် တည့်တည့်မဖြတ်အောင် ရေနုတ်မြောင်းတွေ ရေဆင်းကောင်းအောင် စနစ်တကျလုပ်ပေးမယ်။ ဆင်ခြေလျှောနေရာတွေမှာ အမြင့်ရှည် နှစ်ရှည်ခံ ချက်ချင်းကြီးထွားမယ့်အပင်တွေကို ရှာဖွေပြီးစိုက်မယ်။ တခြားနိုင်ငံတွေမှာဆို အပင်စိုက်ပြီး ဆင်ခြေလျှောထိန်းသိမ်းတဲ့ နည်းပညာတွေပေါ်နေတဲ့အတွက်ကြောင့် အဲလိုမျိုး လုပ်ပေးမယ်ဆိုရင် မြေပြိုသက်သာမှာပါ။

**မေး။ မြန်မာနိုင်ငံမှာ မြေပြို တောင်ပြိုမှုတွေရှိခဲ့ဖူးသလား၊ ရှိခဲ့တယ်ဆိုရင် သိပါရစေ။**

ဖြေ။ မြန်မာနိုင်ငံမှာဖြစ်ခဲ့ဖူးတယ်။ မှတ်တမ်းတွေကို ကြည့်မယ်ဆိုရင် တနင်္သာရီ၊ ရှမ်းပြည်နယ်၊ မိုးကုတ်၊ ပဲခူးရိုးမ၊ ရခိုင်ဘက်တွေမှာ ပြိုခဲ့တာတွေရှိခဲ့တယ်။ တနင်္သာရီဘက်ဆို ရွာလုံးကျွတ် မြုပ်သွားတာတွေ၊ အသေအပျောက်တွေ ရှိခဲ့တယ်။ ချင်းပြည်နယ်မှာ ကံကောင်းတာက လူတွေကိုလွတ်ရာကို ရွှေ့ပြောင်းပေးနိုင်တဲ့အတွက် အသေအပျောက်မရှိခဲ့ဘူး။

**မေး။ ဟားခါးမြို့ မြို့ဖွဲ့စည်းပုံနဲ့ အိမ်တွေတည်ဆောက်ထားပုံက ဘူမိဗေဒအမြင်နဲ့ ဘယ်လိုမြင်လဲဆိုတာ သိပါရစေ။**

ဖြေ။ ဒေသနဲ့ ရိုးရာအလျောက် တောင်တွေမှာ အားပြုပြီး မြေပြင်ကို ပြုပြင်ထိန်းသိမ်းမှုမရှိဘဲ သဘောသဘာဝ ရှေးရိုးအစဉ်အလာအတိုင်း ဆောက်တဲ့အတွက် ရေဆင်းစနစ်က စနစ်တကျ မရှိဘူး။ လမ်းတွေကလည်း စနစ်တကျမရှိဘူး။ အဓိကဖြစ်တာက ရေဆင်းစနစ်ပါ။ ရေဆင်းစနစ်အတွက် သေသေချာချာလုပ်ပေးဖို့လိုတယ်။ ဆင်းလာတဲ့ရေကို မြောင်းတွေ၊ ပိုက်တွေနဲ့ အောက်ဘက်က ချောင်းထဲရောက်အောင် လုပ်ထားတာမရှိဘူး။ မြို့အနေအထားကလည်း တောင်စောင်းတွေမှာ အိမ်တွေဆောက်ကြရတဲ့အတွက် လမ်းတွေကလည်း ကွေ့ကွေ့ကောက်ကောက်တွေ့ရတယ်။

**မေး။ လေ့လာစစ်ဆေး တွေ့ရှိချက် အစီရင်ခံစာအပေါ် ဘယ်လို ဆက်လက်ဆောင်ရွက်သွားမလဲ။**

ဖြေ။ အစီရင်ခံစာကို သက်ဆိုင်ရာ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုတင်မှာပါ။ သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒ သတ္တုရှာဖွေရေးဌာနက အဖွဲ့တွေနဲ့ ပူးပေါင်းပြီး သူတို့ရတဲ့ အချက်အလက်နဲ့ ကျွန်တော်တို့ရတဲ့အချက်အလက်ပေါင်းရေးပြီး အစီရင်ခံစာတင်မယ်။ ပြည်သူလူထုက လိုအပ်လို့ ရှင်းပြပါဆိုရင်လည်း ရှင်းပြပေးမယ်။ ကယ်ဆယ်ရေးစခန်းမှာ နေရတဲ့သူတွေကလည်း ရေရှည်မနေချင်ကြဘူး။ ကိုယ့်အိမ်ကိုယ့်ရာပဲ ပြန်ချင်တယ်။ ပြန်လည် နေရာချထားမယ်ဆိုရင်လည်း နေရာချထားစေချင်ကြပြီ။ ကျွန်တော်တို့မှာက အများကြီး ထည့်စဉ်းစားရတယ်။ ပြန်လည်နေရာချထားမယ့် နေရာကိုလည်း သေသေချာချာ စိစစ်ပြီးရွေးနေရတယ်။ ချင်းပြည်နယ်တစ်ခုလုံးက တောင်တန်းဒေသ ဖြစ်တဲ့အတွက် ရာနှုန်းပြည့်အကောင်းကြီးမဟုတ်တောင် အကောင်းဆုံးနေရာကို ရွေးနေတယ်။ ဒါကိုလည်း Town Plan ကို အသေအချာဆွဲပြီးလုပ်ရမယ်။ ဗိသုကာပညာရှင်တွေကလည်း ကူညီမယ်။ ဗိသုကာပညာရှင် တစ်ယောက်တော့ ဟားခါးကိုတက်သွားပြီ။ သူ့ဆီကလည်း အကူအညီတွေရမယ်။

**မေး။ မြေပြို၊ တောင်ပြို၊ ကမ်းပြိုမှုရဲ့ကနဦးလက္ခဏာတွေကိုရှင်းပြပေးပါဦး။**

ဖြေ။ မိမိနေတဲ့ တောင်ပေါ်ကိုယ့်ပတ်ဝန်းကျင်ကို အမြဲစူးစမ်းလေ့လာဖို့လိုတယ်။ မြစ်ကမ်းပါးပြိုတာ၊ တောင်ပြိုတာ၊ မုန်တိုင်းတိုက်တာက ခန့်မှန်းလို့ရတယ်။ ငလျင်လှုပ်တာက ဘယ်တော့လှုပ်မယ်ဆိုတာ ပြောလို့မရဘူး။ မြေပြိုကမ်းပြိုမယ်ဆိုရင် လက္ခဏာတွေပေါ်လာတယ်။ တောင်ပေါ်တွေမှာဆိုရင် သစ်ပင်တွေက ယိုင်ပြီးဆင်းလာတယ်။ မြေပြင်ပေါ်မှာ အက်ကွဲကြောင်းတွေ စပြီးပေါ်လာတယ်။တောင်ပေါ်က ကျောက်တုံးလေးတွေပြုတ်ကျလာတယ်။ တောင်စောင်းမှာရှိတဲ့အိမ်တွေယိုင်လာတယ်။ တံခါးပိတ်လို့မရဘူး။ ကွန်ကရစ်တွေဆို အက်ကွဲကြောင်းတွေ ပေါ်လာတယ်။ အဲဒီလို နိမိတ်လက္ခဏာတွေပြလာရင် သတိထားရမယ်။ ကမ်းပြိုမယ်ဆိုရင်လည်း အက်ကွဲကြောင်းတွေ ပေါ်လာတယ်။ ပြုပြင်ထိန်းသိမ်းတဲ့ အင်ဂျင်နီယာ နည်းပညာတွေကလည်းပေါ်နေပြီ။ လုပ်လို့မရတဲ့နေရာမရှိဘူး။ အဓိက ဘယ်လောက်အကုန်အကျခံနိုင်မလဲပေါ့။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၈**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ အဖွဲ့ဝင် ဦးကျော်စိန်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ထိုင်း-မြန်မာ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ဆွေးနွေး




**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အားလျော်စွာ ရှည်ကြာသော ဆက်ဆံရေးသမိုင်းအစဉ်အလာရှိသည့် နိုင်ငံများဖြစ်ကြောင်း၊ ယခုမျက်မှောက်ကာလသည် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး အကောင်းဆုံးအချိန်အခါဖြစ်ပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီး အစည်းအဝေးများ၊ ဒေသအဆင့် နယ်ခြားကော်မတီအစည်းအဝေးများနှင့် မြို့နယ်အဆင့်နယ်ခြား ကော်မတီအစည်းအဝေးများ ပုံမှန်ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် တည်ဆောက်လျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးမှတစ်ဆင့် တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ ပိုမိုအားကောင်းလာစေရန် တည်ဆောက်နိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Dusit Thani Hotel ရှိ Vimansuriya Room ၌ ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၅ မိနစ်တွင် ကျင်းပသော 3rd Thailand-Myanmar High Level Committee Meeting တွင် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Dusit Thani Hotel ရှိ Library Room ၌ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် သီးသန့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၅ မိနစ်တွင် ၎င်းဟိုတယ်ရှိ Vimansuriya Room ၌ 3rd Thailand-Myanmar High Level Committee Meeting ကို ကျင်းပရာ မြန်မာ့အဆင့်မြင့် ကော်မတီပူးတွဲဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူးတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံမှ ထိုင်းအဆင့်မြင့်ကော်မတီ ပူးတွဲဥက္ကဋ္ဌ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ်များနှင့် ထိုင်းဘုရင့်တပ်မတော်မှအရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က အစည်းအဝေး အစီအစဉ်များကို အတည်ပြုကြေညာသည်။

ယင်းနောက် 3rd Thailand-Myanmar High Level Committee Meeting ၏ အစည်းအဝေးအကြောင်းအရာ အချက်အလက်များအား ဥက္ကဋ္ဌနှစ်ဦးဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က အတည်ပြုဆုံးဖြတ်ကြသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က ပိတ်ပွဲအခမ်းအနားမိန့်ခွန်းပြောကြားကြပြီး အစည်းအဝေး သဘောတူညီချက်များကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကာ အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြသည်။

3rd Thailand-Myanmar High Level Committee Meeting ပူးတွဲအတွင်းရေးမှူးအဖွဲ့အစည်းအဝေးအား Montien Hotel ရှိ အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၄ ရက်နှင့် ၂၆ ရက်များတွင် ကျင်းပခဲ့ပြီး ထိုင်း-မြန်မာ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများဖြစ်သည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ စစ်ဘက်အားကစားပြိုင်ပွဲများ ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်နှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသလုံခြုံရေးတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# အနည်းဆုံးအခကြေးငွေထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ
(အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

## အနည်းဆုံးအခကြေးငွေထုတ်ပြန်ကြေညာခြင်း

၁။ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန် ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇ အဖြစ် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၌ ပြဋ္ဌာန်းပေးခဲ့ပြီး အနည်းဆုံးအခကြေးငွေနည်းဥပဒေများကိုလည်း ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများနှင့်အညီ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးနိုင်ရေးကို လုပ်ငန်းစဉ် ၅ ရပ်ချမှတ်၍ ဆောင်ရွက်ခဲ့ပါသည်။

၃။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် လက်ရှိအချိန်အထိ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၈)ကြိမ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများပါဝင်သော သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပွဲ အကြိမ် (၃၀)နှင့် ပညာရှင်များ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသော ရပ်မိရပ်ဖများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကြီးကိုလည်း ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ သဘောထားများနှင့် အကြံပြုချက်များကို ရယူခဲ့ပါသည်။

၄။ ထိုသို့ ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် (၇)ကြိမ်မြောက် အမျိုးသားကော်မတီ အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီဝင်များ၏ အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များ၊ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သော အမျိုးသားကော်မတီအစည်းအဝေးများ၏ ရလဒ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှ ရရှိလာသော ဆွေးနွေးပွဲရလဒ်များ၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီများအလိုက် ကျင်းပပြုလုပ်ခဲ့သော အစိုးရ၊အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးမှုများမှ ရရှိလာသည့် အဆိုပြုနှုန်းထားများ၊ တစ်နိုင်ငံလုံးကို လွှမ်းခြုံ၍ မြို့နယ်ပေါင်း ၁၀၈ မြို့နယ်ရှိ အိမ်ထောင်စုပေါင်း ၂၂၀၃၂ စု၏ နေထိုင်စားသောက်မှုကုန်ကျစရိတ် စာရင်းစစ်တမ်းကောက်ယူမှုမှ ရရှိခဲ့သည့် လူတစ်ဦးချင်း၏ ပျမ်းမျှနေထိုင်စားသောက်မှုကုန်ကျစရိတ်နှုန်းထားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အနိမ့်ဆုံးအခြေခံလစာနှင့် နေ့စားအလုပ်သမားများ၏လုပ်ခ စသည်တို့အပေါ်တွင် မှီငြမ်းကိုးကား၍ အဆိုပြုအနည်းဆုံးအခကြေးငွေကို ညှိနှိုင်းသတ်မှတ်ခဲ့ကြပါသည်။

၅။ ထိုသို့ ဆွေးနွေးညှိနှိုင်းချက်အရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားနှင့် ပတ်သက်၍ နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီသတ်မှတ်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၄၅၀/-(ကျပ်လေးရာ ငါးဆယ်တိတိ) နှုန်းဖြင့် အလုပ်ချိန် ရှစ်နာရီ(တစ်ရက်)အတွက် ကျပ် ၃၆၀၀/- (ကျပ်သုံးထောင် ခြောက်ရာတိတိ) ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦးနှင့် အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ဖြင့် ထုတ်ပြန်ကြေညာပေးခဲ့ပါသည်။

၆။ အဆိုပါ အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်လိုသည့် အဖွဲ့အစည်း(သို့မဟုတ်) လူပုဂ္ဂိုလ်သည် အဆိုပြုအနည်းဆုံးအခကြေးငွေထုတ်ပြန်သည့် နေ့ရက်မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း သတ်မှတ်ပေးထားသည့် ပုံစံတွင်ဖြည့်စွက်ပြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ (သို့မဟုတ်) ပြည်နယ်ကော်မတီထံပေးပို့နိုင်ကြောင်းကိုလည်း ထုတ်ပြန်ကြေညာပေးခဲ့ပါသည်။

၇။ အဆိုပါကြေညာချက်အရ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်ရှင်နှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားနှင့် အလုပ်သမားအဖွဲ့အစည်းများ၏ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်း၊ အဆိုပြုခြင်းနှင့် ထောက်ခံခြင်း စသည့် သဘောထားမှတ်ချက်များအား ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများက ကွင်းဆင်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။

၈။ ထိုသို့ ဆောင်ရွက်ခဲ့ပြီးနောက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီဥက္ကဋ္ဌများအပါအဝင် ညှိနှိုင်းအစည်းအဝေးထပ်မံကျင်းပ၍ အတည်ပြုအနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးကို ညှိနှိုင်းဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီတစ်နာရီလျှင် ကျပ် ၄၅၀/- (ကျပ်လေးရာ ငါးဆယ်တိတိ)နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ကျပ် ၃၆၀၀/- (ကျပ်သုံးထောင် ခြောက်ရာတိတိ)သတ်မှတ်သင့်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦးနှင့်အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်းကို ကန့်ကွက်သူမရှိဘဲ သဘောတူအတည်ပြုခဲ့ကြပါသည်။

၉။ သို့ဖြစ်ပါ၍ **၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဃ)နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ တစ်နိုင်ငံလုံးတစ်ပြေးညီ သတ်မှတ်သည့် အနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၄၅၀/- (ကျပ်လေးရာ ငါးဆယ်တိတိ)နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၃၆၀၀/- (ကျပ်သုံးထောင် ခြောက်ရာတိတိ)ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦးနှင့်အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။**

**အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ**

# ကလေးသူငယ်များ ပြုစုပျိုးထောင်ရေး အလေးထားစီမံဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ ကလေးသူငယ်များ အခွင့်အရေးအတွက် လှုပ်ရှားဆောင်ရွက်နေသူများ၊ မီဒီယာများနှင့် UNICEF တို့အကြား ကလေးသူငယ်များဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ ကော်မရှင် အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ရွေးကောက်ပွဲ အရာရှိ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ကလေးငယ်များ၏ ဖျော်ဖြေတင်ဆက်မှုဖြင့် အခမ်းအနားအား ဖွင့်လှစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာ မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှု အစီရင်ခံစာအရ မြန်မာနိုင်ငံလူဦးရေ၏ ၃၄ ရာခိုင်နှုန်းသည် ကလေးသူငယ်များဖြစ်ကြောင်း၊ အခြားသော စစ်တမ်းကောက်ယူမှုများအရ အသက်ငါးနှစ်မှ ၁၈ နှစ်အောက်အရွယ်ရှိ ကလေးငယ် ၄ ဒသမ ၄ သန်းသည် ကျောင်းမနေရပါကြောင်း၊ အသက် ၁၀ နှစ်မှ အသက် ၁၈ နှစ်ကြား ကလေးငယ် ၁ ဒသမ ၆ သန်းသည် အလုပ်လုပ်နေရပါကြောင်း၊ ကလေးငယ် ၁၀ သန်းသည် ဆင်းရဲခြင်း သံသရာတွင် နေထိုင်ကြရပြီး ငါးသန်းသော ကလေးငယ်များသည် သန့်ရှင်းသော သောက်သုံးရေမရရှိပါကြောင်း၊ ၂ ဒသမ ၃ သန်းသော ကလေးငယ်များသည် အိမ်သာသုံးစွဲနိုင်ခြင်းမရှိကြောင်း။

ထို့ကြောင့် ကျောင်းမနေရသော ကလေးငယ်များ ပညာသင်ကြားနိုင်ရေး၊ ပညာသင်ချိန်တွင် ပညာကို တစိုက်မတ်မတ်သင်ယူနိုင်ရေး၊ အရွယ်မရောက်မီ လုပ်ငန်းခွင်မရောက်ရှိရေး၊ ကလေးငယ်များ ကျန်းမာသန်စွမ်းရေးနှင့် ဆင်းရဲခြင်းသံသရာမှ လွတ်မြောက်စေရေးတို့ကို စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးသဖြင့် ရွေးကောက်ပွဲတွင် နိုင်ငံတော်ကို ဦးဆောင်ရန် ရွေးကောက်တင်မြှောက်ခံရမည့် ပါတီများအနေဖြင့် မူဝါဒရေးဆွဲ၍ ရေ့လုပ်ငန်းစဉ်များ ချပြဆောင်ရွက်သွားရန်လိုကြောင်း။

မြန်မာမှုနယ်ပယ်တွင် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ စသည့် ဗလငါးတန်ရှိကြောင်း၊ ကလေးသူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံအောင် ပြုစုပျိုးထောင်ကြရမည်ဖြစ်ကြောင်း၊ တစ်ခုတည်းပြည့်စုံနေရုံဖြင့် မရကြောင်း၊ ကိုယ်ကာယ ကျန်းမာသော်လည်း အကျင့်စာရိတ္တ မကောင်းလျှင် လူကောင်းတစ်ယောက် ဖြစ်လာမည်မဟုတ်ကြောင်း၊ ဉာဏ်ပညာမြင့်မားသော်လည်း စာရိတ္တမကောင်းလျှင် လူတော်သာဖြစ်ပြီး လူကောင်းဖြစ်မည်မဟုတ်ကြောင်း၊ ကလေးသူငယ်များကို လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ရာတွင် ဗလငါးတန်နှင့်ပြည့်စုံအောင် ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း။

လူငယ်များအား ပြုစုပျိုးထောင်ရာတွင် အဓိကမှာ မိဘ၊ ဆရာများဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံရေးပါတီများအနေဖြင့် မိဘ၊ ဆရာများနှင့် လက်တွဲ၍ ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် မူဝါဒများရေးဆွဲရာတွင် လူငယ်များ ပြုစုပျိုးထောင်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ကဏ္ဍအသီးသီးအလိုက် အစီအမံများ ထည့်သွင်း ရေးဆွဲဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ပတ်သက်၍ ရပ်တည်ကာကွယ်ပေးရန် လိုအပ်သကဲ့သို့ မိမိတို့၏လုပ်ငန်းစဉ်များတွင်လည်း ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းပြည်၏ လူသားအရင်းအမြစ်များ အောင်မြင်စွာ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် များစွာမှီတည်လျက်ရှိသည့်အားလျော်စွာ ပင်မအရင်းအမြစ်များဖြစ်သည့် ကလေးသူငယ်၊ လူငယ်များမှ စတင်ရမည်ဖြစ်ကြောင်း၊ ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် အလေးထား စီမံဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် UNICEF မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel က ကလေးသူငယ်များဆိုင်ရာ အချက်အလက်များနှင့် ၎င်းတို့၏ အခွင့်အရေးများ ဖြည့်ဆည်းဆောင်ရွက်ရေး၊ ကလေးသူငယ်များ၏ အရေးနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများအနေဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးသည်။

ယင်းနောက် ကလေးသူငယ်အခွင့်အရေးနှင့် ဥပဒေအပေါ် သိမြင်လိုက်နာမှု၊ ကျန်းမာရေးမြှင့်တင်ရေးနှင့် အာဟာရချို့တဲ့မှု မရှိစေရေး၊ ပညာရေးအခွင့်အလမ်းများ အပြည့်အဝရရှိရေး၊ ကလေးသူငယ်များကြား မူးယစ်ဆေးဝါးကင်းစင်ရေး၊ ကလေးလုပ်သားဘဝပပျောက်ရေး စသည့် တောင်းဆိုချက် ငါးချက်အား နိုင်ငံရေးပါတီ ကိုယ်စားလှယ်များနှင့် ကလေးသူငယ်များ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

နိုင်ငံရေးပါတီ ကိုယ်စားလှယ်များက နိုင်ငံရေးပါတီများအနေဖြင့် ကလေးသူငယ်များအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် တရားဥပဒေ အခွင့်အရေးဆိုင်ရာများအား ပါတီမူဝါဒများတွင် ထည့်သွင်းရေးဆွဲ၍ ရွေးကောက်ပွဲကာလတွင် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲပြီး ကာလတွင်လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် Save the Children အဖွဲ့မှ Field Operations Director ဦးအောင်ကျော်မိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ နည်းဥပဒေများထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ နည်းဥပဒေများကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၅၈/၂၀၁၅)ဖြင့် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ နည်းဥပဒေများတွင် အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ အခန်း(၃) အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၄) ဌာနအလိုက်လုပ်ငန်းတာဝန်များ၊ အခန်း(၅) စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အခန်း(၆) ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ရန်လုပ်ငန်းများ၊ အခန်း (၇) ဆုကြေးငွေချီးမြှင့်ခြင်း၊ အခန်း(၈) အထွေထွေဟူ၍ ပါရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ နည်းဥပဒေများ ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နည်းဥပဒေများကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၀၄၇/၂၀၁၅)ဖြင့် ထုတ်ပြန်ထားကြောင်း သိရှိရသည်။

အဆိုပါ နည်းဥပဒေများတွင် အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ကြီးကြပ်ကွပ်ကဲခြင်း၊ အခန်း(၃) မီးသတ်တပ်ဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ၊ အခန်း(၄) မီးသတ်တပ်သား၏ အရည်အချင်း၊ အခန်း(၅) မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ အခန်း(၆) မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၇) အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း၊ အခန်း(၈) အရန်မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အခန်း(၉) အရန်မီးသတ်တပ်ဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်းနှင့် ရပ်စဲခြင်း၊ အခန်း(၁၀) အရန်မီးသတ်တပ်ဖွဲ့ကို ဖျက်သိမ်းခြင်း၊ အခန်း(၁၁) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၁၂)သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းအတွက် လျော်ကြေး သို့မဟုတ် ကရုဏာကြေး၊ အခန်း(၁၃) မီးလောင်မှုဖြစ်ပွားခြင်းများကို စုံစမ်းစစ်ဆေးခြင်း၊ အခန်း(၁၄) မီးသတ်ယာဉ်၊ မီးသတ်စက်၊ မီးသတ်ပစ္စည်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ ထိန်းသိမ်းခြင်းနှင့် ပြင်ဆင်ခြင်း၊ အခန်း(၁၅) မီးဘေးလုံခြုံရေးစီမံချက်များ၊ အခန်း(၁၆) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ အဖွဲ့အစည်းနှင့် ပစ္စည်းသိုလှောင်ရုံများတွင် မီးဘေးလုံခြုံရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ အခန်း(၁၇) သယ်ယူပို့ဆောင်ရေးယာဉ်များတွင် မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အခန်း(၁၈) မီးလောင်မှုနှင့် သက်ဆိုင်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း(၁၉) အထွေထွေဟူ၍ ပါရှိသည်။

**(သတင်းစဉ်)**

## ဂျပန်-အာဆီယံပေါင်းစည်းမှုရန်ပုံငွေအဖွဲ့၏ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျပန်-အာဆီယံပေါင်းစည်းမှုရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့တို့ ပူးတွဲစီစဉ်သည့် ပထမအကြိမ် ဂျပန်-အာဆီယံပေါင်းစည်းမှုရန်ပုံငွေအဖွဲ့၏ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Grand Amara Hotel ၌ ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က အမှာစကားပြောကြား ဖွင့်လှစ်ပေးပြီး အာဆီယံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Koichi Aiboshi နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H.E.Dr.Lim Hong Hin တို့က အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်း၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်၊ သက်ဆိုင်ရာဝန်ကြီးဌာန ၂၃ ခုနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဂျပန်-အာဆီယံပေါင်းစည်းမှုရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဂျပန်-အာဆီယံပေါင်းစည်းမှုရန်ပုံငွေအဖွဲ့၏ အလုပ်ရုံဆွေးနွေးပွဲသည် ယင်းအဖွဲ့မှ ထောက်ပံ့ပေးသည့် စီမံကိန်းများအတွက် ထိရောက်မှုများရှိစေရန် ပြီးခဲ့သည့် စီမံကိန်းများ၏ အောင်မြင်မှုများကို မျှဝေပေးရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ဂျပန်-အာဆီယံပေါင်းစည်းမှုရန်ပုံငွေအဖွဲ့မှ ထောက်ပံ့ပေးသည့် စီမံကိန်းများအား ထပ်လောင်းအထောက်အပံ့ပြုရန်၊ အထူးသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဂျပန်-အာဆီယံပေါင်းစည်းမှုရန်ပုံငွေအဖွဲ့၏ ပြည်သူ့ကဏ္ဍမိတ်ဖက်များအကြား လုပ်ငန်းခွင်ကွန်ရက် ဆက်ဆံရေးရှာဖွေဖန်တီးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

နှစ်ရက်ကြာကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဂျပန်-အာဆီယံပေါင်းစည်းမှုရန်ပုံငွေမှ ထောက်ပံ့သည့် စီမံကိန်းများ၏ အောင်မြင်မှုများအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြမှုများပြုလုပ်ခဲ့ပြီး စီမံကိန်းအဆိုပြုလွှာရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ပြီးစီးခြင်းဆိုင်ရာ နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဩဂုတ် ၂၈ ရက် ညနေ ၅ နာရီတွင် အလုပ်ရုံဆွေးနွေးပွဲ ပြီးဆုံးခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းက လာအိုနိုင်ငံ ကိုယ်စားလှယ်အား ဂျပန်-အာဆီယံပေါင်းစည်းမှု ရန်ပုံငွေအဖွဲ့၏ ကန္တာရခရီးအစီအစဉ်အား လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ခြေလျင်နှင့် တောင်တက်အကြောင်း သိကောင်းစရာ ဟောပြော

**မန္တလေး ဩဂုတ် ၂၈**

ရတနာပုံတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းကကြီးမှူး၍ ခြေလျင်နှင့်တောင်တက်အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အဖွင့်အမှာစကား ပြောကြား၍ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာပိုင်စိုးက ခြေလျင်နှင့်တောင်တက်အကြောင်း သိကောင်းစရာများကို ဟောပြောပို့ချသည်။ ထို့နောက် ရတနာပုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်အောင်မင်းက အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ခြေလျင်နှင့်တောင်တက်အသင်း၏ နှစ်အလိုက် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် တောင်တက်ရာတွင် အသုံးပြုသော တောင်တက်ပစ္စည်းကိရိယာများကို ရတနာပုံတက္ကသိုလ် ပင်မဆောင် မြေညီထပ်တွင် ခင်းကျင်းပြသခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

### နေပြည်တော်နှင့် အနီးတစ်ဝိုက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

### ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်

မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

### မန္တလေးမြို့နှင့် အနီးတစ်ဝိုက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ချေးယူခွင့်နှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၈၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသည်။

ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေနှင့် ဒေါ်နန်းစေအွာတို့က နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အပေါ် ထောက်ခံဆွေးနွေးခဲ့ကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၉၉ ဒသမ ၈၅၀ ဘီလီယံ ချေးယူခွင့်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၇) ဦးတို့ ဆွေးနွေးခဲ့ကြသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များသည် လိုအပ်သည့် လုပ်ငန်းစီမံချက်များ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းနေသည့်အတွက် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များအနေဖြင့် နောင်ကာလများအထိ ဆက်လက်ကူညီပေးနေဦးမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ပြည်ပချေးငွေဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများကို အလေအလွင့်မရှိအောင် သုံးစွဲကြရန် အကြံပြုလိုပါကြောင်း။

ဝန်ကြီးဌာနများအနေဖြင့်လည်း ပြည်ပချေးငွေများ ထုတ်ယူသုံးစွဲမှုကို ကြည့်ပါက ထပ်မံထုတ်ယူရန် ကျန်ရှိသေးသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်ပချေးငွေများဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဝန်ကြီးဌာနများအနေဖြင့် ပြည်ထောင်စုလွှတ်တော်၌ (၆) လတစ်ကြိမ် လာရောက်ရှင်းလင်းတင်ပြစေလိုပါကြောင်း ဆွေးနွေးသည်။

မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်က ယခု JICA မှ ချေးငွေများကို ချေးယူရန် အလျင်စလို ဆုံးဖြတ်ဆောင်ရွက်လိုက်ခြင်း၏ အကျိုးဆက်သည် ကောင်းကျိုးအတွက်ဟု ယူဆရမည်ဆိုသော်လည်း ဆိုးကျိုးများလည်းရှိနိုင်ပါကြောင်း၊ လက်ရှိအစိုးရသက်တမ်းသည် ကုန်ဆုံးခါနီးနေပြီဖြစ်ပြီး ယခင်စာချုပ်ချုပ်ဆို၍ ယူထားသည့်ချေးငွေများသည် ယခုဝန်ကြီးဌာန သုံးခုစလုံးတွင် ကုန်အောင်မသုံးနိုင်သေးသည်မှာ ထည့်တွက်ရမည့် အခြေအနေဖြစ်ပါကြောင်း၊ အဓိက ထည့်တွက်ရမည့် တစ်ချက်အနေဖြင့် ထောက်ပံ့ငွေမဟုတ်ဘဲ ချေးငွေဖြစ်နေသည့်အတွက် တိုင်းပြည်ဝန်ထုပ်ဝန်ပိုးတိုးနိုင်ပါကြောင်း၊ မည်သည့်ပြည်ပချေးငွေမဆို ယခုအချိန်တွင် အဆောတလျင် မစဉ်းစားသင့်ပါကြောင်း၊ ချေးပြီးသား ပြည်ပချေးငွေများကို အယိုအဖိတ်မရှိစေရန် စိစစ်စွာဖြင့် ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံခြားချေးငွေဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းတိုင်းကိုအောင်မြင်စေရန် တာဝန်ခံမှု၊ တာဝန်ယူမှုတိုင်းတွင် တာဝန်ကျေအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။



ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်။



ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်။

ယင်းချေးငွေများနှင့် စပ်လျဉ်း၍ ချေးယူရန်လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော Maritime Labour Convention 2006 သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန် ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ဆက်လက်၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က ရှင်းလင်းတင်ပြရာတွင် သဘာဝဘေးသည်တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြစ်ပွားခဲ့သဖြင့် ကျယ်ပြန့်သော စီမံခန့်ခွဲမှုဖြင့်ဆောင်ရွက်ခဲ့ရခြင်း၊ ဘေးသင့်ဒေသများသည် ဘေးဒဏ်ခုခံနိုင်စွမ်းနည်းပါးခြင်း၊ ပြီးပြည့်စုံသော ကြိုတင်ပြင်ဆင်မှုအပိုင်းတွင်အားနည်းခြင်း စသည့်အချက်များကို တွေ့ရှိရမည်ဖြစ်ပြီး အရေးပေါ်တုံ့ပြန်မှုများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုများအားလုံးမှ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့သည်ဟု သုံးသပ်ပါကြောင်း။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက အဓိကတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူလူထုများအားလုံးမှ ပါဝင်ဆောင်ရွက်နိုင်ရေးကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ယခုတွေ့ကြုံရသည့် ရင်ဆိုင်ဖြေရှင်းရသည့် အားနည်းချက်များအပေါ် သုံးသပ်၍ ဘေးဒဏ်ခုခံနိုင်စွမ်းရှိသည့် ရပ်ရွာလူထု၊ ပိုမိုကောင်းမွန်သည့် စီမံခန့်ခွဲမှုပုံစံဖြစ်စေရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီး၏ ရှင်းလင်းချက်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက (၁၂)ကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယခုအစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် လွှတ်တော်အတွင်း၌ အကြိတ်အနယ် ဆွေးနွေးမှုများနှင့်အတူ ဆန္ဒမဲပေးဆုံးဖြတ်ဆောင်ရွက်မှုများကို စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ဥပဒေပေါင်း ၅၂ ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည့်အတွက် ပထမအကြိမ် လွှတ်တော်များစတင်ခဲ့သည့် ၂၀၁၁ခုနှစ်မှ ယနေ့အထိ အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေ စုစုပေါင်း ၁၈၅ ခုရှိခဲ့ပြီးဖြစ်ပါကြောင်း။

လွှတ်တော်အသီးသီးတွင်ကျန်ရှိနေသည့် ဆောင်ရွက်ဆဲဥပဒေကြမ်းအနေဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ပေးပို့ထားသည့် ဥပဒေကြမ်းလေးခု၊ ဆောင်ရွက်ဆဲ ဥပဒေကြမ်းသုံးခု၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး ဆိုင်းငံ့ထားသည့်ဥပဒေကြမ်း နှစ်ခုရှိပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း ၁၅ခု၊ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း အခု ၃၀ ကျန်ရှိပါကြောင်း၊ ယခု အစည်းအဝေးတွင် ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့သည့် ဥပဒေ ၅၂ ခုထဲတွင် နှစ်စဉ်မဖြစ်မနေ ပြဋ္ဌာန်းပေးရသည့် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားအတွက် မဖြစ်မနေလိုအပ်သည့် ဥပဒေများပါဝင်ပါကြောင်း၊ ယခုနှစ်ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေသည် အခွန်ကောက်ခံသည့် နိုင်ငံတော်အစိုးရနှင့် အခွန်ထမ်းပြည်သူများအတွက် ရာနှုန်းပြည့်ကောင်းသည်ဟု မဆိုနိုင်သော်လည်း သင့်တင့်မျှတသည့် အခွန်နှုန်းထားများရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတမှုရှိရှိနှင့် အောင်မြင်ချောမွေ့စွာပြီးစီးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌သာ တာဝန်ရှိသည် မဟုတ်ပါကြောင်း၊ ပြည်သူများအားလုံးနှင့်အတူ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးများအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

ထို့အတူ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလများတွင် ပြည်သူများအားလုံးအနေဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင်ရှိပြီး စိုးရိမ်ပူပန်မှုမရှိဘဲ စိတ်အေးချမ်းတည်ငြိမ်စွာဖြင့် ယုံကြည်စိတ်ချစွာ ရှိနေစေရေးအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြီးများ ပူးပေါင်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာကြရန် Code of Conduct for Parties and Candidates ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာရန်နှင့် ရွေးကောက်ပွဲအောင်မြင်အဆင်ပြေရေးအတွက် နိုင်ငံတော်အစိုးရ၊ အုပ်ချုပ်ရေးအဖွဲ့၊ တရားရေးဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများနှင့်အတူ ဥပဒေပြုရေးအဖွဲ့များ၌ ပါဝင်ကြသည့် ကိုယ်စားလှယ်များအနေဖြင့် တက်တက်ကြွကြွ ပါဝင်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**မော်လမြိုင် ဩဂုတ် ၂၈**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ နဝမအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ ပြည်နယ် တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ရှင်းလင်းဆွေးနွေးပြီး ပြည်နယ် တရားလွှတ်တော် တရားရေးဦးစီးမှူးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေး အခြေအနေနှင့် ရုံးလုပ်ငန်း အခြေအနေများကို တင်ပြဆွေးနွေးကြပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများဖြင့် ပြန်လည်ဆွေးနွေးကြောင်း သိရသည်။

**(၁၀၇)**

သဘာဝဘေး စုပေါင်းကာကွယ်ပေး

ပြန်ကြားရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ (၂၈-၈-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး(၂)ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက် (၁)ဦး၊ ထုတ်ဝေခွင့်သက်တမ်းတိုး (၁)ဦး၊ ထုတ်ဝေခွင့်အတွက်အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၅)ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် (၁)ဦး၊ အထွေထွေထုတ်ဝေခွင့် (၁၉) ဦးနှင့် ပေါင်းလုပ်ငန်းအသစ် (၂၅) ဦးတို့အားလည်းကောင်း၊ ဂျာနယ်ထုတ်ဝေသူ အမည်ပြောင်း (၂)ဦး၊ ဂျာနယ်အမည်ပြောင်း (၁)ဦးနှင့် လုပ်ငန်းလိပ်စာပြောင်း (၁)ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၁၀၃၃) ဦးနှင့် အသစ်လျှောက်ထားသူ (၂၂၅) ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး (၉၈၉) ဦးနှင့် အသစ်လျှောက်ထားသူ (၅၄၇) ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ (၁၇)ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် (၂၈၁၁) စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၈**

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှ ထောက်ပံ့ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် Ilyushin-76 လေယာဉ် နှစ်စင်းဖြင့် နေပြည်တော်လေဆိပ်သို့ လာရောက်လှူဒါန်းသည်။



တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ ထောက်ပံ့ပစ္စည်းများ တင်ဆောင်လာသည့် ပထမလေယာဉ် သည် နံနက် ၇ နာရီ မိနစ် ၄၀ တွင် ရောက်ရှိပြီး ဒုတိယလေယာဉ်သည် နံနက် ၈ နာရီ မိနစ် ၂၀ တွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိသည်။ ထို့နောက် ထောက်ပံ့ပစ္စည်း များလွှဲပြောင်းပေးအပ်ပွဲကိုပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မိုးမြင့်ထွန်းနှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ စစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှ လေယာဉ်အဖွဲ့သားများ တက်ရောက်ကြသည်။

ယင်းနောက် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှ မြန်မာနိုင်ငံအတွင်း သဘာဝဘေးဒဏ် သင့်ဒေသများရှိ ပြည်သူများအတွက် ပေးပို့လှူဒါန်းသော ထောက်ပံ့ပစ္စည်း များကို တရုတ်သံအမတ်ကြီးက လွှဲပြောင်းပေးအပ်ရာ ဒုတိယဗိုလ်ချုပ် ကြီးရဲအောင်က လက်ခံရယူသည်။

ယနေ့ တရုတ်ပြည်သူ့လွတ်မြောက် ရေးတပ်မတော်မှ လေယာဉ်နှစ်စင်း ဖြင့် လာရောက်လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများမှာ ရွက်ဖျင် တဲ ၁၈၂ လုံး၊ 3KW မီးစက် ၁၈၂ လုံးနှင့် စောင်စိမ်းပါကင်ထုပ် ၁၂၀ စုစုပေါင်း ၅၄ ဒသမ ၆၂ တန် ဖြစ်ပြီး ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက် တို့တွင်လည်း ထပ်မံလာရောက် လှူဒါန်းမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**(မြဝတီ)**

❖ ❖ ❖

# အသိပေးကြေညာခြင်း

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ကိုမန်မုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိ ပြည်သူများအတွက် ဒေသအသီးသီးမှ အလှူရှင်၊ စေတနာရှင်၊ ပရဟိတအသင်းအဖွဲ့များ၊ NGO အဖွဲ့အစည်းများစသည့် စေတနာရှင်များမှ မိမိတို့ တူရာတူရာအုပ်စု ငယ်များဖြင့် ဒေသအသီးသီးသို့ သွားရောက်လှူဒါန်းခြင်းများရှိနေသည်။

ထိုသို့ ကူညီလှူဒါန်းမှုများပြုလုပ်ရာတွင် တိကျသေချာသော သတင်း အချက်အလက်များနှင့် လိုအပ်သောအကူအညီများတောင်းခံနိုင်ရန် အောက်ဖော်ပြပါ Recovery Coordination Centre နေရာများအား ဖွင့်လှစ်ထားရှိပြီးဖြစ်၍ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေး အပ်ပါသည်-

- ရန်ကုန်မြို့တွင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်း ဘုရားလမ်းနှင့် သာယာအေးလမ်းထောင့်ရှိ တိုင်းဒေသကြီးဦးစီးမှူး ရုံး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လူ/ကယ်/ပြန် ဝန်ကြီးဌာန၊ ဖုန်း- ၀၁-၅၂၂၇၂၆
- မန္တလေးမြို့တွင် လမ်း(၃၀)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) မန္တလေးတိုင်းရုံး၊ ဖုန်း - ၀၂-၃၀၂၀၈
- နေပြည်တော်တွင် လူ/ကယ်/ပြန်ဝန်ကြီးဌာန၊ ရုံးအမှတ် (၂၃) ဖုန်း- ၀၆၇-၄၀၄၀၂၁၊ ၀၆၇-၄၀၄၀၂၂

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**
**ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး၊**
**ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ**

# မွန်ပြည်နယ်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီအဖွဲ့ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်း

**မော်လမြိုင် ဩဂုတ် ၂၈**

မွန်ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက အလှူငွေကျပ်သိန်း ၁၀၀ ထည့်ဝင်၍ မွန်ပြည်နယ်အတွင်းရှိ (၁၀)မြို့နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၊ ကျိုက်ထီးရိုးတောင်တက် ယာဉ်လုပ်ငန်း၊ မော်လမြိုင်မြို့နယ် ကုန်တင်ယာဉ်လုပ်ငန်း၊ စီးလုံးငှားယာဉ် ငယ်လုပ်ငန်းနှင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ ပါဝင်သည့် စုပေါင်း အလှူငွေများဖြင့် ရေဘေးကူညီလှူဒါန်းမှုအဖြစ် ၄၈ သိန်း တန်ဖိုးရှိ ပစ္စည်းများ နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ငွေကျပ် သိန်း ၈၀ စုစုပေါင်း ၂၂၈ သိန်းကို ဩဂုတ် ၁၄ ရက်မှ ၂၇ ရက်အတွင်း ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာခြောက်ရွာသို့ သွားရောက်လှူဒါန်းခဲ့ သည်။

အဆိုပါ လှူဒါန်းမှုကို မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ် ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက် ဦးဆောင်သော ကော်မတီဝင်များ၊ ရုံး ဝန်ထမ်းများက ရေလမ်း၊ ကုန်းလမ်းတို့မှ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငါးသေတ္တာ၊ ခေါက်ဆွဲထုပ်၊ ငါးပိထောင်းဘူး၊ ဆပ်ပြာမှုန့်၊ ရေသန့်ဘူး စသည့်ပစ္စည်းများကို ရေဘေးကြုံတွေ့ခဲ့ရသော ရွာသူရွာသားများ လက်တွင်းသို့ အရောက် ပေးလှူခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

# ကလေးမြို့နှင့် ဟားခါးမြို့များသို့ ရေဘေးပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် အလှူငွေများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ချင်းပြည်နယ် ဟားခါးမြို့များမှ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် ကမ္ဘောဇဘဏ်လီမိတက် အမှုဆောင်ဒါရိုက်တာ (ကမ္ဘောဇအနာဂတ် အလင်း တန်းမြန်မာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ) ဒေါ်နန်းခမ်းနောင့် ဦးဆောင်၍ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့်အတူ Iron Cross တေးဂီတအဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ကလေးမြို့သို့ Air KBZ အထူး လေယာဉ်ဖြင့် သွားရောက်ပြီး ကလေးမြို့ ပြည်သူ့ဆေးရုံအတွက် ECG စက် နှစ်လုံး၊ ချွဲစုပ်စက် ၁၀ လုံး၊ Air Sep (Oxygen Concentrator) ၁၀ လုံး၊ Nebuliser လေးလုံး၊ ရေခဲသေတ္တာ လေးလုံး၊ အဝတ်လျှော်စက် တစ်လုံးတို့ကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ကူညီဆောင်ရွက် နေသော ကလေးလွင်ပြင်ပရဟိတအဖွဲ့သို့ ဘိလပ်မြေအိတ် ၆၀၀၀၊ သွပ်အချပ် ၆၀၀၀၊ ဒီဇယ်ဂါလန် ၁၀၀၀၀၊ ရေစုပ်စက် ၁၀ လုံး၊ ကျောင်းဆရာ ၅၀၀ အတွက် ကျောင်းဝတ်စုံအင်္ကျီအဖြူ အထည် ၅၀၀ နှင့် ဝက်ဝံတံဆိပ် ကျောင်း စိမ်းပုဆိုး အထည် ၅၀၀၊ ကျောင်းဆရာမ ၁၀၀၀ အတွက် သရီးရိုင်ဖယ် အင်္ကျီအဖြူစ ၂၀၀၀ နှင့် အုန်းနှစ်ပင်တံဆိပ် ကျောင်းစိမ်းလုံချည်အထည် ၁၀၀၀၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ အတွက် ကျောင်းဝတ်စုံ ၂၅၀၇၂ စုံ၊ ခဲတံ ဒါဇင် ၆၅၀၀ နှင့် ဗလာစာအုပ် ဒါဇင် ၆၅၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲပိုင်းတွင် ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ် ဟားခါးမြို့သို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ဟားခါးမြို့တွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ချင်းပြည်နယ် ပြည်နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်တို့နှင့်အတူ ချင်းပြည်နယ် ဟားခါးမြို့နှင့် မြို့နယ်အတွင်းရှိ ပြိုကျပျက်စီးခဲ့သည့် အိမ်ခြေစုစုပေါင်း ၅၁၇ အိမ်အတွက် တစ်အိမ်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၅၁၇၀၊ အိုးခွက်ပန်းကန်အစုံ ၅၁၇ စုံနှင့် စားနပ်ရိက္ခာကိုးမျိုးပါ ပစ္စည်းထုပ် ၅၁၇ ထုပ်တို့ကို ရေဘေးသင့် အိမ်ထောင်စုများအား ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြိုကျပျက်စီးခဲ့သည့် မူလတန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်းနှင့် အထက်တန်းကျောင်း တစ်ကျောင်း စုစုပေါင်း စာသင်ကျောင်း ၁၀ ကျောင်းကို အသစ်ပြန်လည်တည်ဆောက်ရန် အတွက် အလှူငွေကျပ် ၅၈၂၅ သိန်းအား ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင့်က ချင်းပြည်နယ် ပြည်နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်မှတစ်ဆင့် သက်ဆိုင်ရာ ကျောင်းအသီးသီး သို့လည်းကောင်း၊ ပျက်စီးခဲ့သည့် ဘုရားကျောင်း ခြောက်ကျောင်းအတွက် တစ်ကျောင်းလျှင် ငွေကျပ် သိန်း ၁၀၀ စီဖြင့် ကျပ်သိန်း ၆၀၀ အား သက်ဆိုင်ရာ ဘုရားကျောင်းတာဝန်ရှိသူများအားလည်းကောင်း၊ ဟားခါးပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာ ၈၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီနှင့် ဆရာဝန်၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများ



အတွက် ထောက်ပံ့လှူဒါန်းငွေများအားလည်းကောင်း၊ ဖလမ်းမြို့ ပြန်လည် ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၃၀၀ အားလည်းကောင်း ပေးအပ်လှူဒါန်း ခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့် ရေကြီး ရေလျှံဖြစ်ပေါ်ခဲ့သည့် ဇူလိုင် ၂၆ ရက်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရှိ ကလေး၊ ကောလင်း၊ ဝန်းသို၊ ကန့်ဘလူ၊ ကျွန်းလှ၊ ချပ်သင်း ဒေသများ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပွင့်ဖြူ၊ လက်ပံပျား၊ စလင်း၊ စကု၊ စေတုတ္တရာ၊ အရာတော်၊ ကမ္မနှင့် မင်းလှဒေသများ၊ ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မောင်တော၊ မြေပုံနှင့် လေးမြို့မြစ်ဖျားဒေသများ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူဒေသများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ညောင်တုန်း၊ မအူပင်၊ ဇလွန်၊ ဟင်္သာတနှင့် ဓနုဖြူဒေသများ၊ ချင်းပြည်နယ် ဟားခါးနှင့် ဖလမ်းမြို့နယ်များရှိ ရေဘေးသင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးအတွက် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် သိန်းပေါင်း ၄၅၀၀၀ ကျော် (ငွေကျပ် ၄ ဒသမ ၅ ဘီလီယံကျော်)လှူဒါန်းခဲ့ပြီး ဖြစ်သည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ လာရောက်ပေးပို့လှူဒါန်း ထားသော ကယ်ဆယ်ရေးအလှူပစ္စည်းမျိုးစုံ အမြောက်အမြားကိုလည်း ကမ္ဘောဇအုပ်စုပိုင် MAI လေကြောင်းလိုင်းမှ Air Bus A320 ဖြင့် ပြည်တွင်း ခရီးစဉ် ရန်ကုန်-မန္တလေးတစ်ကြိမ်၊ စင်ကာပူ၊ ဘန်ကောက်၊ ကွာလာလမ်ပူ၊ ကွမ်ကျိုးစသည့် ပြည်ပနိုင်ငံများမှ ရန်ကုန်မြို့သို့ ပို့ဆောင်ပေးခြင်း (၂၄)ကြိမ်၊ Air KBZ လေကြောင်းလိုင်းဖြင့် ရန်ကုန်-မန္တလေး-ကလေး-စစ်တွေ- ကျောက်ဖြူသို့ ပျံသန်းသော ပုံမှန်ခရီးစဉ် အခေါက် ၃၀ တွင် အလှူပစ္စည်းထုပ် ပေါင်း ၃၆၀၀ ကျော်ကို တင်ဆောင်၍လည်းကောင်း၊ Air KBZ အခမဲ့ စင်းလုံးငှားလေယာဉ်ခရီးစဉ် ၁၉ ခေါက်ပြေးဆွဲ၍လည်းကောင်း စုစုပေါင်း လေယာဉ်ခရီးစဉ် ၄၉ ခေါက်အား အခမဲ့ပျံသန်းပေးပို့ခဲ့ခြင်း၊ MI 17 ရဟတ်ယာဉ်များ၊ Y8 သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့်လည်းကောင်း၊ သင်္ဘောများ၊ စက်လှေများ၊ ၂၂ ဘီးယာဉ်ကြီးများဖြင့် တင်ဆောင်၍လည်းကောင်း သက်ဆိုင်ရာပရဟိတအသင်းများနှင့် ရေဘေးသင့်ပြည်သူများလက်ဝယ် အရောက် အလေအလွင့်အပျောက်အရှမရှိစေဘဲ စနစ်တကျ နေ့စဉ်အခမဲ့ ပို့ဆောင်ပေးခဲ့သည်။

ယခုအခါ အထက်ပါ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ချင်းပြည် နယ် ဟားခါးမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ကူညီထောက်ပံ့လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၅၂၀၀ ကျော်(ငွေကျပ် ၁ ဒသမ ၅၂ ဘီလီယံကျော်) ထပ်မံလှူဒါန်းသဖြင့် မြန်မာအပြည်အနှံ့အပြားရှိ ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ ယနေ့ထိ လှူဒါန်းငွေစုစုပေါင်းမှာ ကျပ်သိန်းပေါင်း ၆၀၂၀၀ ကျော်(ငွေကျပ် ၆ ဘီလီယံကျော်)ရှိပြီဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကျုံပျော်၌ ကျောင်းများအားလုံးပြန်လည်ဖွင့်လှစ်

**ကျုံပျော် ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒါးကချောင်းရေနှင့် မြစ်ရေ များ တိုးဝင်မှုကြောင့် ဩဂုတ် ၆ ရက်မှစ၍ ယာယီကျောင်းပိတ်ခြင်းများ ဆောင်ရွက်ခဲ့ရပြီး ရေဝင်ရောက်မှုအပေါ်မူတည်၍ စုစုပေါင်း ၆၂ ကျောင်း အထိ ပိတ်ထားခဲ့ရသည်။

ယခုအခါ ရေများပြန်လည်ကျဆင်းခဲ့ပြီး သွားလာရေးအတွက် အန္တရာယ် ကင်းလာပြီဖြစ်သောကြောင့် ဩဂုတ် ၂၁ ရက်အထိ ရှစ်ကျောင်း၊ ဩဂုတ် ၂၄ ရက်တွင် ၅၁ ကျောင်းနှင့်ဩဂုတ် ၂၇ ရက်အထိ သုံးကျောင်းဖြင့် ကျောင်း များအားလုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်ခန်းစာများ နောက်ကျမှုမရှိ စေရေးအတွက်လည်း အချိန်ပိုသင်ကြားရက်များဖြင့် ဖြည့်စွက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## ပြန်လည်ထူထောင်ရေး

❖ **ရွှေဖုံးမှ**

နစ်မြုပ်ခဲ့ပြီး ပြန်လည်စိုက်ပျိုးနိုင်မည့်အခြေအနေရှိသော်လည်း အချို့နေရာများတွင်မူ လူတို့၏ခြေသလုံးနေရာမှ ခါးမြုပ်သည်အထိ(တစ်ပေခန့်မှ သုံးပေခန့်အထိ) နစ်မြုပ်ခဲ့မှုကြောင့် ယင်းစိုက်ပျိုးမြေများတွင် ချက်ချင်းထွန်ယက်ပြီး စိုက်ပျိုးရန် မဖြစ်နိုင်တော့ပေ။

"မိုးစပါးကတော့ ခါတိုင်းစိုက်တဲ့အချိန်ထက် နောက်ကျနေပြီ။ အချို့က သဲပြင်မှာ စူးထိုးပြီး ပြန်စိုက်လို့ရတယ်။ ပြီးသလောက်တောင် ဖြစ်နေကြပြီ။ အချို့ တော်တော်များတဲ့သူတွေကတော့ ပြန်မစိုက်နိုင်သေးဘူး။ ကျန်နေသေးတယ်" ဟု ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှ တောင်သူတစ်ဦးက ဆိုသည်။

သဘာဝဘေးအန္တရာယ်ကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၁၈၄ မြို့နယ်၊ ကျေးရွာအုပ်စုပေါင်း သုံးထောင်ကျော်နှင့် တောင်သူပေါင်း နှစ်သိန်းကျော်တို့ စိုက်ပျိုးထားသည့် မိုးသီးနှံ စုစုပေါင်းဧက ၁၄ သိန်းကျော်အနက် မိုးစပါးစိုက်ဧက ၁၂ သိန်းကျော် ရေလွှမ်းမိုးခံခဲ့ရသည်။

"လယ်တွေကို နုန်းတွေက ဖုံးလွှမ်းသွားပြီး အခုလို သီးနှံတွေပျက်စီးသွားတဲ့အတွက် လာမယ့်ရာသီမှာ ဘယ်လိုရပ်တည်ရမလဲ။ လူငှားတွေနဲ့ လုပ်ရတယ်။ နွားမရှိတဲ့သူတွေ နွားတွေငှားရတဲ့အတွက် နွားငှားခတွေ ဒါတွေကို ဘယ်လိုပေးရမလဲ။ ကျွန်မတို့က မပေးရင်လည်း သူတို့ ဘယ်လိုစားကြမလဲ။ ဒါတွေကိုတွေးပြီး စိတ်ပူနေရတယ်" ဟု ကလေးမြို့နယ် သာယာကုန်းကျေးရွာမှ စပါး၊ ပဲစိုက်တောင်သူ မနိုတွယ်က ပြောသည်။

ယခုအချိန်ထိ မိုးသီးနှံစုစုပေါင်း ရေပြန်ပေါ်ဧက ၁၃ သိန်းကျော်အနက် မိုးစပါးထိခိုက်နိုင်သည့် ဧက ကိုးသိန်းကျော်ရှိပြီး ပျက်စီးနိုင်မည့်ဧကမှာ ခုနစ်သိန်းကျော်ဖြစ်သည်။

"ရေကြီးနစ်မြုပ်ပြီး ရေပြန်ကျတဲ့နေရာက လယ်မြေတွေကို ယေဘုယျအားဖြင့် သုံးမျိုးတွေ့ရပါတယ်။ သဲဖုံးလွှမ်းခံရတဲ့ လယ်မြေ၊ နုန်းဖုံးလွှမ်းခံရတဲ့လယ်မြေနဲ့ သဲ၊ နုန်း၊ အမိုက်သရိုက် ဖုံးလွှမ်းခံရတဲ့လယ်မြေတွေ ဖြစ်ပါတယ်။ ရေလွှမ်းခံရတဲ့ လယ်မြေအများစုမှာ နုန်းဖုံးလွှမ်းတာ အနည်းနဲ့အများ ဖြစ်ပေါ်ခဲ့ပြီး အဲဒီလယ်မြေတွေက မူလလယ်မြေတွေထက် မြေဆီဩဇာ ပိုမိုထက်သန်လာစေနိုင်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ပြောသည်။

သဲဖုံးလွှမ်းခံရသော လယ်မြေများကို ပြန်လည်ကောင်းမွန်လာစေရန် ဖုံးလွှမ်းခံရမှုထုထည်အတိုင်းအတာပေါ် မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

သာမန် ခြောက်လက်မခန့် သဲဖုံးပါက ထယ်နက်နက်ထိုးခြင်းဖြင့် အောက်ခံမြေလွှာသည် အပေါ်သဲများပေါ်ဖုံးလွှမ်း၍ ရောမွှေသမနိုင်သော်လည်း သဲဖုံးလွှမ်းမှုထုထည်ကြီးမားပါက ထွန်စက်နှင့် မြေကော်စက်များ အသုံးပြုဖယ်ရှားပြီးမှသာ ပြန်လည်စိုက်ပျိုးနိုင်မည်ဖြစ်သည်။

"သဲ၊ နုန်းတွေကို ဖယ်ပေးရင်လည်း မိုးစပါးက ပြန်စိုက်ပျိုးဖို့ အချိန်မမီတော့ဘူး။ ဒီမှာက မိုးကလည်း သိပ်မမှန်ဘူး။ မိုးများတယ်။ တစ်ခါတစ်ရံ နောက်မိုးပြတ်သွားတာတွေလည်းရှိတော့ ပြန်စိုက်ဖို့အချိန်မမီတော့ပါဘူး"ဟု မောင်တောမြို့နယ် မောင်နှမကျေးရွာမှ ဦးအောင်စောမောင်က ပြောသည်။



**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ သဲ၊ နုန်း၊ ကျောက်ဖုံး လယ်မြေများကို ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်နေစဉ်။**

နုန်းတူးစက်များဖြင့် နုန်းများကို ဖယ်ရှားရာတွင်လည်း ပစ်ရမည့်နေရာသတ်မှတ်ရန် လိုအပ်သည်။ မြစ်၊ ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းသည် နုန်းများ ထပ်မံပို့ပြီး တိမ်ကောသွားကာ နောက်တစ်ကြိမ် ရေလျှံတက်ခြင်းကို ထပ်မံဖြစ်ပွားစေနိုင်သဖြင့် ထိုသို့စွန့်ပစ်ခြင်းကိုလည်း ရှောင်ရှားကြရမည်ဖြစ်သည်။

ထို့ကြောင့် မြစ်ကမ်းနံဘေးကဲ့သို့သော နေရာများတွင် စနစ်တကျနေရာသတ်မှတ်၍ တာရိုးပတ်ပြီးမှ ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

ထိုသို့ နုန်းများဖယ်ရှားပြီးပါက အပင်အာဟာရဓာတ်များ ပြန်လည်ဖြည့်တင်းပေးရာတွင် အဓိကအားဖြင့် ရေနှင့် လွယ်ကူစွာ ပါဝင်ပျောက်ဆုံးသွားလေ့ရှိသည့် နိုက်ထရိုဂျင်နှင့် ဆာလ်ဖာဓာတ်တို့ ပြန်လည်ရရှိစေရန် ယူရီးယား မြေဩဇာနှင့် ဂျစ်ပဆန်မြေဩဇာများကို ဖြည့်တင်းပေးရမည်ဖြစ်သည်။

"ရေကြီးနစ်မြုပ်ခဲ့တဲ့အတွက် မြေရဲ့သစ်ဆွေးဓာတ်တွေ (Soil Organic Matter) ဆုံးရှုံးသွားလေ့ရှိပါတယ်။ ဒါကြောင့် အခြားဒေသတွေက ရနိုင်သမျှ သစ်ဆွေးမြေဩဇာ၊ သဘာဝမြေဩဇာတွေကို ထည့်သွင်းပေးသင့်ပါတယ်။ နုန်းတင်ပို့ခဲ့တာကြောင့် မြေသားဖွဲ့စည်းမှုမှာ ရွှံ့စေး၊ သစ်ဆွေးဓာတ်ပါဝင်မှုလျော့နည်းပြီး မြေဖွဲ့စည်းမှု (Aggregation) နည်းသွားနိုင်လို့ သစ်ဆွေးဓာတ်ကိုလည်း ပြန်လည်ဖြည့်တင်းဖို့ လိုအပ်ပါတယ်"ဟု မြေဆီလွှာ၊ ရေအသုံးချရေးနှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဌာနခွဲမှ အရာရှိတစ်ဦးက ဆိုသည်။

နုန်းများပိတ်နေခြင်းသည် မြေတွင်း အောက်ဆီဂျင်ဓာတ် လျော့နည်းသွားသဖြင့် အပင်စိုက်ရာတွင် အကျိုးပြုသည့် အဏုဇီဝများလည်း လျော့နည်းသွားသည်ကို သတိပြုကြရမည်ဖြစ်သည်။ ဆောင်းသီးနှံ၊ ပဲများ စိုက်ပျိုးသောအခါ ပဲသီးနှံမျိုးအလိုက် ထုတ်ဝေထားသော ပဲမြစ်ဖုဇီဝမြေဩဇာများကို ထည့်သွင်းစိုက်ပျိုးသင့်ကြောင်းကိုလည်း ၎င်းက ဆက်လက်အကြံပြုသည်။

"ရခိုင်ပြည်နယ် အချို့ဒေသတွေမှာ အက်စစ်ဆာလ်ဖိတ်ဆန်တဲ့ မြေခံမိခင်ကျောက်သားတွေ ရှိနေတတ်ပါတယ်။ နက်နက်ထွန်ယက်မယ်ဆိုရင် ဆာလ်ဖိတ်ဓာတ်တွေဟာ အပင်တွေကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် နက်နက်ထွန်ယက်ခြင်းကို ရှောင်ရှားသင့်ပါတယ်"ဟု မြေဆီလွှာ၊ ရေအသုံးချရေးနှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဌာနခွဲ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစုစုဝင်းက သုံးသပ်သည်။

ယခုကဲ့သို့ အချိန်အခါတွင် အလျင်စလို ပြန်လည်စိုက်ပျိုးခြင်းမပြုသေးဘဲ ဆောင်းသီးနှံစိုက်ချိန်တွင် အဆင်သင့်ဖြစ်စေရန်အတွက် လယ်ယာမြေ ပြန်လည်ပြုပြင်ရေးကို ဝိုင်းဝန်း၍ ဦးစားပေးဆောင်ရွက်သင့်သည်ဟုလည်း အကြံပြုထားသည်။

ရခိုင်ပြည်နယ်တွင် နုန်းဖုံးဧက ၂၇၁၆ ဧကနှင့် သဲ၊ ကျောက်စရစ်ဖုံးဧက ၆၀၀၀ ကျော်ရှိရာ မိုးသီးနှံကို အချိန်မီပြန်လည်စိုက်ပျိုးရန် မဖြစ်နိုင်တော့၍ လာမည့် ဆောင်းရာသီတွင် နှမ်းစပါးနှင့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံစသည့် ဆောင်းသီးနှံများကို ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော်နှင့် မင်းပြားမြို့နယ်များသို့ စက်မှုလယ်ယာဦးစီးဌာနက ပေးပို့ထားသော ထွန်စက်အစီး ၁၀၀ ဖြင့် မြေညှိထွန်ယက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စပါးစိုက်ဖို့ အချိန်မမီတော့ပေမယ့် ဆောင်းသီးနှံက နှစ်စဉ်လည်း စိုက်နေတာဆိုတော့ ဆောင်းသီးနှံစိုက်လို့ရပါသေးတယ်"ဟု မောင်တောမြို့နယ် နတ်ချောင်းကျေးရွာမှ တောင်သူ ဦးလှအောင်က ဆိုသည်။

ကလေးမြို့နယ်တွင် နုန်းဖုံးဧက ၁၄၆၇၃ ဧက၊ သဲဖုံးဧက ၁၂၃ ဧက ဖြစ်ပေါ်ခဲ့ရာ ကလေးမြို့နယ်သို့ ပေးပို့ထားသော ကူဘိုတာထွန်စက်အစီး ၈၀ ဖြင့် ထွန်ယက်ခဲ့ရာ ယနေ့အထိ ၁၁၇၆ ဒသမ ၉ ဧက ပြီးစီးနေပြီး ကောလင်းမြို့နယ်တွင်လည်း ကူဘိုတာထွန်စက်အစီး ၃၀ ဖြင့် ထွန်ယက်ပြီးစီးမှု ၂၇၂၅ ဧကနှင့် သဲ၊ နုန်းဖယ်ရှားပြီးစီးမှု ၃၃ ဧက ဆောင်ရွက်ပြီးဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

"မိုးစပါးအချိန်မီ ပြန်လည်မစိုက်ပျိုးနိုင်ရင်လည်း ဆောင်းသီးနှံတွေဖြစ်တဲ့ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနဲ့ အစေ့ထုတ်ပြောင်းသီးနှံတွေကို ပြန်လည်စိုက်ပျိုးလို့ရပါတယ်။ နုန်းဖုံးလွှမ်းထားတာကြောင့် စိုက်ပျိုးမြေတွေ အရင်ကထက် ပိုကောင်းမွန်လာမှာဖြစ်ပြီး ဓာတ်မြေဩဇာအသုံးပြုဖို့လည်း မလိုတော့ပါဘူး။ အထွက်နှုန်းပိုလာမှာဖြစ်ပြီး ကုန်ကျစရိတ်ကို လျော့ကျစေနိုင်တဲ့ အကျိုးကျေးဇူးတွေလည်း ရရှိနိုင်မှာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

နုန်းဖုံးသော လယ်မြေများအား နုန်းဖုံးလွှမ်းမှုထု ခြောက်လက်မဖြစ်ပေါ်ပါက မြေပြုပြင်၍ အောင်ရေသေချာလျှင် သက်တမ်းတိုစပါးမျိုးများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စပါး၊ ပဲ၊ ပြောင်း၊ နှမ်းများကို ရာသီအလိုက် စိုက်ပျိုးသူ ကလေးမြို့နယ် နတ်မြောင်းကျေးရွာမှ တောင်သူ ဦးဝင်းမောင်က "သဲ၊ နုန်းတွေက နှစ်ပေခွဲ၊ သုံးပေလောက်အထိ ဖြစ်သွားတဲ့အတွက် ပင်မ ကန်သင်းတွေပါ ပျောက်လုလုဖြစ်သွားပါတယ်။ အခုတော့ အဲဒီနေရာတွေကို အစိုးရက ဖြန့်ဝေပေးတဲ့ မျိုးစပါးတွေကို တိုက်ရိုက်မျိုးစေ့ချစနစ်နဲ့ စိုက်တယ်။ အခုဆို အပင်တွေ သုံး၊ လေးလက်မလောက် ရောက်နေပါပြီ။ အချို့နေရာတွေကလည်း သွားလို့မရသေးတော့ မျိုးစေ့ချလို့မရသေးဘူး။ ဒါကြောင့် ဆောင်းသီးနှံပဲစိုက်ပျိုးရမှာ ဖြစ်ပါတယ်။ ဆောင်းသီးနှံကတော့ အဆင်ပြေမှာပါ" ဟု ခန့်မှန်းသည်။

သို့သော်လည်း နောက်ကျပြီး စိုက်ပျိုးရသဖြင့် ရွက်လိပ်၊ ရွက်ဖြတ်၊ ဖလံပိုး၊ နှံစုပ်ဂျပိုး စသည့် ပိုးမွှားရောဂါများ ကျရောက်တတ်ရာ ဂရုစိုက်ကြိုတင်ကာကွယ်ရမည်ဟုလည်း တောင်သူများက ဆိုကြသည်။

ဆောင်းသီးနှံအမီ စိုက်ပျိုးနိုင်အောင် လုပ်ဆောင်ရန် လိုအပ်သကဲ့သို့ ယခုအချိန်အခါမျိုးတွင် စိုက်ခင်းများ၌ အပင်များမရှိတော့၍ စားစရာမရှိတော့သည့် ရောဂါပိုးမွှားများသည် စိုက်ခင်းများအတွင်းသို့ အစုလိုက်အပြုံလိုက် ကျရောက်လာနိုင်သဖြင့် ပိုးမွှားရောဂါကျရောက်မှုကို အထူးဂရုပြုစောင့်ကြည့် ကာကွယ်ကြရန်လည်း လိုအပ်ပေဦးမည်။

ယခင်က ကြုံတောင့်ကြုံခဲ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်နှင့် သဘာဝဘေးအန္တရာယ်များသည် ယခုအချိန်မှာတော့ မကြာခဏဆိုသလို ဖြစ်ပေါ်လာချေပြီ။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ခြင်းကြောင့် ရာသီဥတုကို အမှီပြုကာ အသက်မွေးဝမ်းကျောင်းပြုနေသည့် တောင်သူများအတွက် ထိုသဘာဝဘေးအန္တရာယ်များကို စိန်ခေါ်မှုအသွင် ရှုမြင်ကာ မည်သို့ရင်ဆိုင်ကြရမည်ဆိုသည်မှာတော့ . . . . . . . . . ။

# ညောင်တုန်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရေဘေးသင့်ဒေသများဖြစ်သော ရွှေသောင်ယံကျေးရွာ၊ ငွေသောင်ယံကျေးရွာ၊ ထိန်ကုန်းကျေးရွာ၊ တာဘေးကျေးရွာရှိ လူဦးရေ ၁၅၀၀ ကျော်အား ဩဂုတ် ၂၄ရက်က မြောက်ဥက္ကလာပမြို့နယ် ဓမ္မောဒယဘုန်းတော်ကြီးသင်ပညာရေး ပရဟိတအဖွဲ့မှ ကျောင်းအုပ်ဆရာတော်ကြီး ဦးဩဘာသဦးဆောင်၍ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းပြီး ဆန်အိတ် ၇၀၊ ဆီပိသ်ာ ၂၅၀၊ ဆားထုပ် ၂၅၀၊ ခေါက်ဆွဲခြောက် ၇၅၀၀၊ မုန့်မျိုးစုံ ပါကင်ထုပ်ကြီး ၂၀ တန်ဖိုးငွေကျပ် ၅၅ သိန်းရှိ ပစ္စည်းများကို ဆရာတော်ကြီးဦးဆောင်၍ လှူဒါန်းသည့်အဖွဲ့နှင့် ကိုယ်တိုင်လိုက်၍ လှူဒါန်းကြသော I-MAX နှင့် Georanzo အထည်ပိုင်ရှင် ဒေါ်ဝင်းယုသန်းက ဆန်အိတ် ၄၀၊ ခေါက်ဆွဲထုပ် ၁၀၀၀၀၊ ဆီပိသ်ာ ၅၀၀၊ ဆားပိသ်ာ ၅၀၀၊ မြန်မာအမျိုးသားလေကြောင်း(မန္တလေးဌာနခွဲ)မန်နေဂျာ ဦးအောင်မင်းဆွေက ဆန်အိတ် ၅၀၊ ခေါက်ဆွဲဖာ ၅၀၊ ပူစီကိတ် ၈၀၊ ငွေ ၂၁ သိန်း၊ အဝတ်ထုပ်ခြောက်ထုပ်နှင့် လောကနတ်သက်န်းတိုက်ပိုင်ရှင် ဦးစိုးမြင့်က ဆီပိသ်ာ ၅၀၊ ဆားပိသ်ာ ၁၅၀၊ အထက(၂) မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)ပညာရေးမိသားစုက ဆန် ၁၂ အိတ်တို့ကို လိုက်လံလှူဒါန်းကြပြီး ငွေသောင်ယံကျေးရွာနှင့် ရွှေသောင်ယံကျေးရွာရှိ သီတင်းသုံးတော်မူသော သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**(ဖွေးကြိုင်)**

■

# မိုးရွာသွန်းမှု

**နေပြည်တော် ဩဂုတ် ၂၈**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၃၀ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ဥက္ကံမြို့နှင့် ကြာအင်းဆိပ်ကြီးမြို့တို့တွင် ၂ ဒသမ ၁၈ လက်မစီ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၁၃ လက်မနှင့် လောင်းလုံးမြို့တွင် ၂ ဒသမ ၀၅ လက်မတို့ ဖြစ်ကြသည်။

# ရေဘေးသင့်ပြည်သူများအား လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်း ပညာရာမိက ဆရာတော်ကြီးကျောင်းတိုက်ဝင်းအတွင်း ရုံးတည်ဖွဲ့စည်းထားလျက်ရှိသော ရေကြည်တစ်ပေါက် ပရဟိတနှင့် လူမှုရေးအသင်း(အင်းစိန်)တို့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဘောလယ်ကျွန်းရှိ ရေဘေးသင့်ပြည်သူများအား ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ကျပ်သိန်း ၂၀၀ ကျော်တန်ဖိုးရှိ ဆန်၊ ရေသန့်ဘူး၊ အဝတ်အထည်နှင့် စားသောက်ကုန်များ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြည်တစ်ပေါက် ပရဟိတနှင့် လူမှုရေးအသင်း(အင်းစိန်)တို့သည် ဩဂုတ်လအတွင်းတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့နှင့် ယခု ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဘောလယ်ကျွန်းရှိ ကျေးရွာများသို့ ဆက်တိုက်လှူဒါန်းနေခြင်းဖြစ်ပြီး လှူဒါန်းမှုစုစုပေါင်း ကျပ်သိန်း ၁၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

ယင်းအသင်းတွင် ဥက္ကဋ္ဌ ဦးစိုးမြင့်၊ အတွင်းရေးမှူး ဦးဇော်ဇော်မင်းဦးတို့ ဦးဆောင်ပြီး ပရဟိတလုပ်ငန်းများနှင့် ဆက်သွယ်လိုပါက ဖုန်း-၃၁၀၇၁၇၂၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(ဝင်းမင်း)**

## ပြန်လည်ထူထောင်ရေး

# ရေဘေးသင့်ဒေသပြည်သူများအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပသည့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ပြည်တွင်းပြည်ပ ဟိုတယ်များမှလှူဒါန်းသည့် အလှူငွေ ကျပ် ၆၇ သိန်းနှင့် အမေရိကန်ဒေါ်လာ ၇၀၄၉ ဒေါ်လာတို့ကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အနေဖြင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် တုံ့ဂပူရိနှင့် သင်္ဂဟဟိုတယ်များ၌ ဖွင့်လှစ်ပို့ချနေသော ဒုတိယအကြိမ်မြောက်ဝန်ဆောင်မှု သင်တန်းမှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံပြီး ဟိုတယ်များတွင် လုပ်ကိုင်နေသောလူငယ်များနှင့် ပြင်ပလူငယ်သစ်များအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်း ဖြစ်ပါကြောင်း၊ သင်တန်းမှ သင်ကြားပေးသည့် ပညာရပ်များကို အခြေခံ၍ အရည်အသွေး ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ သင်တန်းကို Sky Palace Hotel၊ Junction Hotel၊ သင်္ဂဟဟိုတယ်၊ Golden Land Hotel၊ Royal Lotus Hotel နှင့် တုံ့ဂပူရိဟိုတယ်တို့၌ ဇူလိုင် ၁၃ ရက်မှ ဩဂုတ် ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၂၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

# ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ရေဘေးသင့်ပြည်သူများသို့ အစားအစာများ ဆက်လက်ထောက်ပံ့သွားမည်

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးခဲ့မှုအပေါ် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ အရေးပေါ်တုံ့ပြန်သည့် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်က ရေဘေးသင့်ပြည်သူ ၃၇၃၀၀၀ ထံသို့ အရေးပေါ်လိုအပ်သည့် အစားအစာ ၂၀၃၉ မက်ထရစ်တန်ခန့် ထောက်ပံ့ပေးခဲ့သည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အပါအဝင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်များရှိ ရေဘေးသင့်ပြည်သူ ၄၄၂၀၀၀ ထံသို့ အစားအစာများ ဆက်လက်ဖြန့်ဝေရန် စီစဉ်လျက်ရှိသည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) အနေဖြင့် မြန်မာနိုင်ငံအစိုးရ ကုလသမဂ္ဂဒေသတွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်သော အရေးပေါ်အခြေအနေ အကူအညီပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက
### ၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၀၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၀ | ၆၀၂၂ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၇၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၀၀၅၈ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၃၈၅ | ၅၀၂၆၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၅၀၃၇၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၈၉၈၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၀၂၁၉ | ၂၉၀၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၀၄၆၅၁ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၉၇၉၄၁ | ၇၆၉၄၁ | ၄၆၁၁၀ | ၅၇၂၀ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၃ | ၂၆၅၃ | ၃၁၈ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၃၆၆၉၅ | ၂၄၇၄၃၃ | ၁၉၉၆၅၄ | ၉၉၁၇ |
| | **စုစုပေါင်း** | **၁၄၄၆၆၈၉** | **၁၃၅၁၀၉၉** | **၁၁၀၅၆၁၉** | **၈၂၁၉၆၆** | **၃၃၆၈၁၅** |

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် နေပြည်တော်(ရုံးချုပ်) အလှူခံဌာန၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ပြည်တွင်း/ပြည်ပဟိုတယ်များမှ ငွေကျပ် ၆၇၀၀၀၀၀ အမေရိကန်ဒေါ်လာ ၇၀၄၉ ဒေါ်လာနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ၁၈၇၂၇၆၀၀၊ စုစုပေါင်းအလှူငွေကျပ် ၂၅၄၂၇၆၀၀၊ အမေရိကန်ဒေါ်လာ ၇၀၄၉ ဒေါ်လာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီက လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဩဂုတ် ၂၈ ရက်တွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူးရုံး၌ ငွေကျပ် ၅၀၀၀၀ လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂၈ ရက်ထိ အလှူရရှိငွေစုစုပေါင်းမှာ ၁၉၀၇၃၂၁၉၇၂ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၂၄၀၃၆၄ ဒသမ ၂၆ ဒေါ်လာ၊ ထိုင်းဘတ် ၁၆၈၀၅၅ ဘတ်၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၉၁၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၉၆၀၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်အထိ ထောက်ပံ့မှုအခြေအနေ ဇယားချုပ်(၂၈-၈-၂၀၁၅)

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၈ရက်အထိ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၁၉၆၈၄ စုမှ လူဦးရေ ၁၆၃၁၀၀၁ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၂ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၃၃၁၁၇၂၉၀နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၆၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၈၅၈၃၄၆၇၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၀၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | စုစုပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၂၈)ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၉ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၄ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၁၈၀၀၀၀၀ | ၁၃၃၇၇၄၄၅၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၇၆၁ | ၄၀၉၃ | ၂၀၉၄၇ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၄ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၃၇၆ | ၁၂၁၆၅၂ | ၅၀၅၂၉၂ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၁၆၉၀၅ | ၄၀၀၂၂၈ | ၁၆၁၆၀၉၀ | ၁၁၅ | ၁၀၂၁၃၅၈၀၀ | ၁၁၄၅၁၄၅၀ | ၁၈၀၈၉၀၀၀၀ | ၃၁၇၄၁၁၇၁၀ | ၉၉၀၀၀၀၀ | ၆၂၁၇၈၈၉၆၀ | |
| | **ဇွန်၊ ဇူလိုင်နှင့် ဩဂုတ် စုစုပေါင်း** | **၁၇၃၁၀** | **၄၀၂၃၇၄** | **၁၆၃၁၀၀၁** | **၁၂၂** | **၁၀၅၆၈၃၁၅၀** | **၁၅၂၄၄၂၃၀** | **၂၂၁၁၉၀၀၀၀** | **၃၃၃၁၁၇၂၉၀** | **၁၀၆၀၀၀၀၀** | **၆၈၅၈၃၄၆၇၀** | |

# ချင်းပြည်နယ် တွန်းဇံမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ် ၆၀ ခန့် ရေစီးဖြင့် မျောပါခဲ့သော်လည်း လူနှင့် တိရစ္ဆာန်များ အသေအပျောက်မရှိ

**နေပြည်တော် ဩဂုတ် ၂၈**

ချင်းပြည်နယ် တွန်းဇံမြို့နယ်တစ်ဝိုက်တွင် ယနေ့ နံနက် ၃ နာရီခန့်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် နတ်မြောင်းချောင်းရေ လေးပေခန့်မြင့်တက်ကာ တို့ခိန်ဇန်ကျေးရွာအပေါ်ရှိ တောင်ပေါ်ရေကန်ကျိုးပေါက်ခဲ့၍ ယင်းရွာတောင်ဘက် အပိုင်းရှိ ဟားခါးလေးရွာသို့ ရေဝင်ရောက်ခဲ့ပြီး အိမ်ခြေ ၅၉ လုံး ရေစီးဖြင့် မျောပါခဲ့ကြောင်း၊ ယင်းနေအိမ်များမှ လူဦးရေ ၃၀၀ ခန့်မှာ နန်းကျင်းဆောင်ရွာအနီး ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ယင်းဖြစ်စဉ်တွင် လူနှင့် တိရစ္ဆာန်များ အသေအပျောက် မရှိကြောင်း သိရသည်။

အဆိုပါကျေးရွာတစ်ဝိုက်တွင် ဩဂုတ်လဆန်းမှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ အလားတူ ချောင်းရေလျှံခဲ့မှုကြောင့် တိုးခိန်ဇန်ကျေးရွာ မြောက်ဘက်အပိုင်းမှ ရေဘေးသင့်ရွာသူ ရွာသားများမှာ ဩဂုတ် ၇ ရက်ခန့်မှစ၍ နန်းကျင်းဆောင်ရွာအနီး ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းသို့ ဦးစွာပြောင်းရွှေ့နေရာချထားပြီးဖြစ်ကြောင်းနှင့် ယနေ့နံနက် ရွှေ့ပြောင်းခဲ့သည့် ရေဘေးသင့်ပြည်သူများမှာ ထိုစဉ်က မရွှေ့ပြောင်းဘဲ ကျန်ရှိခဲ့သော ဟားခါးလေးရွာအပိုင်းမှ ဖြစ်ကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားရာသို့ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် တာဝန်ရှိသူများသည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်သူဦး ဦးဆောင်သော တပ်မတော်သားများနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ရောက်ရှိခဲ့ကြပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ တောင်ကျရေနှင့်အတူ မျောပါသွားသော ကျေးရွာသားနှစ်ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ချင်းပြည်နယ် တောင်ပေါ်ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ရှိ နေရှူရာမြစ်ရေတိုးပြီး ရာဇဂြိုဟ်ဆည်သို့ ရေဝင်ရောက်မှု ပိုမိုများပြားခဲ့သော်လည်း ယင်းဆည်၏ ကန်ရေပြည့်အမှတ်သည် ယနေ့ နံနက် ၆ နာရီ တိုင်းထွာချက်များအရ ၆၄၂ ဒသမ ၇၀ ပေသာရှိပြီး စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် ၁၇ ဒသမ ၃ ပေလိုအပ်ကြောင်း၊ ရေပိုလွှဲမှ ၂ ဒသမ ၇ ပေခန့် ရေကျော်ထုတ်လွှတ်လျက်ရှိကြောင်းနှင့် ဆည်တမံထိခိုက်မှုမရှိဘဲ ကြံ့ခိုင်မှုကောင်းမွန်မှုရှိပြီး စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**ပုံမှန်စိုးရိမ်ရေမှတ် ၄၄ လက်မရှိသည့် ဟသ်ာတမြို့နယ်တွင် ၄၈ ဒသမ ၁၅ လက်မထိ စံချိန်တင်ရေကြီးသွားပြီးနောက် လက်ရှိရေအမှတ်ကို ပြသနေသည့် ငဝန်မြစ်ပေါ်တွင် တိုင်းတာထားသည့် ရေတိုင်းမှတ်တစ်ခုကို တွေ့ရစဉ်။** (ဓာတ်ပုံ-ဇေယျာဝင်း)

**❒ ရာဇဂြိုဟ်မှ**

၆၅၅ ပေနဲ့ တမံရေပြည့်အမှတ်ကတော့ ပေ ၆၆၀ ရှိနေပါတယ်။ ပြည်သူတွေ စိုးရိမ်လို့ မေးမြန်းချင်တယ်ဆိုရင် ဖုန်း-၀၉-၆၄၇၂၀၀၁ ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်" ဟု ရာဇဂြိုဟ်ဆည်မှ ဝန်ထမ်း ဦးဗညားစိုးကပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းကို ပြန်လည်မေးမြန်းကြည့်ရာ၌ ဩဂုတ် ၂၈ ရက် နံနက် ၃ နာရီခန့်မှစ၍ ချင်းပြည်နယ် တွန်းဇံမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး တွန်းဇံမြို့နယ်မှ ကလေးမြို့နယ်သို့ စီးဆင်းသည့် ကလေးဒေသအခေါ် နတ်မြောင်းတောင်ကျချောင်းရေကြီးကာအိမ်ခြေ ၆၀ နှင့် ၇၀ ကြားခန့်စီရှိသော တို့ခိန်ဇန်နှင့် ဟားခါးလေးရွာ နှစ်ရွာချောင်းနံဘေးအိမ်များ ရေတိုက်စားမျောပါခဲ့ကြောင်း ပြောကြားကြောင်း သိရသည်။

# ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသည် ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team)များသည် MSF အဖွဲ့၊ Mercy Malaysia အဖွဲ့များနှင့် ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဇီးကုန်းကျေးရွာ၊ လက်ပံချောင်းကျေးရွာ၊ မြလင်းကျေးရွာ၊ အောင်မင်္ဂလာရပ်ကွက်၊ ကင်ပွန်းခြံကျေးရွာ၊ အူဒူးကျေးရွာများရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ၊ ရောဂါကာကွယ်တားဆီး စောင့်ကြပ်ကြည့်ရှုခြင်း၊ ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များသည် Health Cluster meeting ကျင်းပခြင်း၊ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့်ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ် ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စသည့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကလေးမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် ကလေးမြို့နယ် မြစိမ်းရွာနှင့် နန်းကျင်းဆောင်ရွာများရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ဆေးကုသမှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် ယာယီဆေးခန်းပေါင်း ၁၄ ခုနှင့် ရွှေ့လျားဆေးခန်းပေါင်း ငါးခု ဖွင့်လှစ်ကာ ဆေးခန်းလာပြသူလူနာ ၁၀၇၆ ဦးအား ဆေးကုသမှုပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဘာဝဘေးဒဏ်သင့်နယ်မြေများအတွင်း လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၈**

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးဒဏ်သင့်သည့် ချင်းပြည်နယ်အတွင်းရှိ ကလေး-ဖလမ်း-ဟားခါးလမ်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဘူးသီးတောင်-မောင်တောလမ်း လမ်းပန်းဆက်သွယ်ရေးပြန်လည်ကောင်းမွန်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက အလျင်အမြန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ယာဉ်ကြီး/ယာဉ်ငယ်များ သွားလာနိုင်ပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**



**ဆောက်လုပ်ရေးဝန်ကြီးဌာနက သဘာဝဘေးဒဏ်ခံစားရသည့် ကလေး-ဖလမ်း-ဟားခါးလမ်းနယ်မြေအတွင်း လမ်းပန်းဆက်သွယ်ရေးမပြတ်တောက်စေရေးအတွက် အလျင်အမြန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ မိုင်(၁၀၇/၀/၁၀၇/၁)ကြား ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာနေသည်ကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။** (ဆောက်လုပ်ရေး)



**ဆောက်လုပ်ရေးဝန်ကြီးဌာနက သဘာဝဘေးဒဏ်ခံစားရသည့် ဘူးသီးတောင်-မောင်တောလမ်းနယ်မြေအတွင်း လမ်းပန်းဆက်သွယ်ရေးမပြတ်တောက်စေရေးအတွက် အလျင်အမြန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယာဉ်ကြီး/ယာဉ်ငယ်များ သွားလာနိုင်သည်ကို ဩဂုတ် ၁၀ ရက်က တွေ့ရစဉ်။** (ဆောက်လုပ်ရေး)

**ယခုအခါ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးသည် တစ်ရက်ထက် တစ်ရက် နီးကပ်လာသည်နှင့်အမျှ မဲဆန္ဒရှင်ပြည်သူအများက မိမိတို့၏အသည်းကြားမှ မဲတစ်ပြားကို တန်ဖိုးရှိစွာ အသုံးချနိုင်ရန် စိတ်ဝင်စားလာကြပါသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့လာရောက်၍ မဲမပေးနိုင်သူများအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (ရွေးကောက်ပွဲကော်မရှင်)က ကြိုတင်မဲပေးနိုင်ရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီစဉ်ဆောင်ရွက်ထားရှိပါသည်။**

# ကြိုတင်မဲ ဘယ်လိုပေးကြမလဲ

## တက္ကသိုလ်ဆရာတစ်ဦး

**ကြိုတင်မဲဆိုတာ ဘာလဲ**

ကြိုတင်မဲဆိုသည်မှာ ရွေးကောက်ပွဲကျင်းပသည့် နေ့မတိုင်မီ ပေးသောမဲဖြစ်သည်။ တစ်နည်းအားဖြင့် မဲရုံတွင် မပေးသောမဲဖြစ်သည်။

ကြိုတင်မဲကို အဓိကအားဖြင့် နှစ်မျိုးခွဲခြားထားသည်။ မဲဆန္ဒနယ်၏ ပြင်ပတွင် ရောက်ရှိနေသော မဲဆန္ဒရှင်များ ပေးပိုင်ခွင့်ရှိသော ကြိုတင်မဲနှင့် မဲဆန္ဒနယ်အတွင်း၌ရှိသော မဲဆန္ဒရှင်များ ပေးပိုင်ခွင့်ရှိသော ကြိုတင်မဲဖြစ်သည်။

**မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲ ပေးပိုင်ခွင့်ရှိသူများ**

မဲဆန္ဒရှင်တစ်ဦးသည် အကြောင်းအမျိုးမျိုးကြောင့် မိမိမဲဆန္ဒနယ်၏ ပြင်ပတွင် ရောက်ရှိနေပါက ပုံစံ(၁၅) ဖြင့် လျှောက်ထားပြီး ကြိုတင်ဆန္ဒမဲပေးနိုင်သည်။ ဤသို့ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများမှာ-

(၁) အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ၊
(၂) တပ်မတော်သားများ၊ ရဲများနှင့် ၎င်းတို့၏ အတူနေ အိမ်ထောင်စုဝင်များ၊
(၃) တက္ကသိုလ်ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊
(၄) သင်တန်းကျောင်းများမှ သင်တန်းသားများ၊
(၅) ဆေးရုံတွင် တက်ရောက်နေသော အတွင်းလူနာများ၊
(၆) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ ဖြစ်ကြသည်။

အထက်တွင် ဖော်ပြထားသော မဲဆန္ဒရှင်များသည် ၎င်းတို့ရောက်ရှိနေသည့် နေရာဌာန၌ပင် ဆန္ဒမဲပေးလိုပါက မိမိတို့နှင့်သက်ဆိုင်သည့် သံရုံး၊ အမြဲတမ်း ကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများ၏ အကြီးအမှူးထံမှ လည်းကောင်း၊ တပ်မှူးနှင့် ရဲမှူးထံမှ လည်းကောင်း၊ ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးထံမှ လည်းကောင်း၊ ဆေးရုံအုပ်ထံမှ လည်းကောင်း၊ အချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်း ကြီးကြပ်သူထံမှ လည်းကောင်း ပုံစံ (၁၅) ကို တောင်းယူနိုင်သည်။

ရွေးကောက်ပွဲကော်မရှင် website (www.uecmyanmar.org) မှလည်း ရယူနိုင်သည်။ ပုံစံ(၁၅) ကို ပြည့်စုံစွာဖြည့်စွက်ပြီး သတ်မှတ်ပေးသည့် နောက်ဆုံးနေ့ရက်အတွင်း မိမိ၏ အကြီးအမှူးများထံ ပြန်လည်ပေးအပ်ရမည်။ ထို့နောက် ကြိုတင်ဆန္ဒမဲပေးရန် သတ်မှတ်ပေးသည့်နေ့တွင် သတ်မှတ်ပေးသောနေရာသို့ သွားရောက်၍ လွှတ်တော်အသီးသီး၏ ဆန္ဒမဲလက်မှတ်များတွင် ဆန္ဒပြုကြရမည်ဖြစ်သည်။ ဆန္ဒပြုရာ၌ မဲရုံများတွင် အသုံးပြုသော အမှန်ခြစ်တံဆိပ်တုံးဖြင့် ဆန္ဒပြုသည့် နည်းအစား ဘောလ်ပင်ဖြင့် အမှန်ခြစ်ခြစ်၍ ဆန္ဒပြုရမည် ဖြစ်သည်။ (တံဆိပ်တုံးများကို ကြိုတင်မဲပေးမည့် မဲဆန္ဒရှင်များရှိရာ နေရာ၊ ဌာန အသီးသီးသို့ အများအပြား ပေးပို့ရန် အခက်အခဲရှိခြင်းကြောင့် ဘောလ်ပင်ဖြင့် ဆန္ဒပြုရန် စီစဉ်ခြင်းဖြစ်ပါသည်။) ထို့နောက် ဆန္ဒပြုပြီးသော ကြိုတင်မဲလက်မှတ်အသီးသီးကို သက်ဆိုင်ရာ စာအိတ်များအတွင်း ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး တာဝန်ရှိသူထံ ချက်ချင်း ပြန်လည်ပေးအပ်ရမည်။

ဖော်ပြပါ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးမည့် လုပ်ငန်းစဉ်အားလုံးကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မြို့နယ်ကော်ခွဲ) များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ (ရပ်/ကျေးကော်ခွဲ)များက ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ တာဝန်ရှိသူများက ကြိုတင်မဲလက်မှတ် ထည့်ထားသော စာအိတ်များကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ စာတိုက်မှပေးပို့မည်ဖြစ်သည်။ **သံရုံးများမှ ပေးပို့သော ကြိုတင်မဲလက်မှတ်စာအိတ်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ရွေးကောက်ပွဲကော်မရှင်သို့ ရောက်ရှိလာမည်ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တိုင်းဒေသကြီး/ပြည်နယ်ကော်ခွဲ)များသို့ ယင်းစာအိတ်များကို အလျင်အမြန် ဆက်လက်ပေးပို့မည်ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်ကော်ခွဲအသီးသီးက ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်ကော်ခွဲများသို့ ဆက်လက်ပေးပို့ပြီး မြို့နယ်ကော်ခွဲသည် ရောက်ရှိလာသော ကြိုတင်မဲလက်မှတ်စာအိတ်များကို လုံခြုံရေးကြိုးဖြင့် သေချာစွာပိတ်ထားသည့် မဲပုံးတွင် ထည့်၍ သိမ်းဆည်းထားမည်ဖြစ်သည်။**

ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ(၁၅)ဖြင့် တောင်းခံထားသူများ၏ အမည်များရေးမှတ်ထားသည့် ပုံစံ(၁-၁)၊ ပုံစံ(၁-၂) နှင့် ပုံစံ(၁-၃) တစ်စောင်စီကို မြို့နယ်ကော်ခွဲရုံးနှင့် ရပ်/ကျေးကော်ခွဲရုံးတွင် ကပ်ထားကြေညာပေးမည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီထိုးပြီးသည်နှင့် တစ်ပြိုင်တည်း မြို့နယ်ကော်ခွဲ အဖွဲ့ဝင်များက လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် မီဒီယာများ ရှေ့မှောက်၌ မဲပုံးကိုဖွင့်မည်ဖြစ်ပါသည်။ **ညနေ ၄ နာရီ နောက်ပိုင်းတွင် ရောက်ရှိလာသော ကြိုတင်မဲ လက်မှတ်များကို ထည့်သွင်းရေတွက်မည်မဟုတ်ပါ။** ကြိုတင်ဆန္ဒမဲလက်မှတ်ထည့်ထားသောစာအိတ်များကို ဖွင့်ဖောက်၍ လွှတ်တော်အသီးသီးအလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲများကို ရေတွက်မည်ဖြစ်သည်။ ထို့နောက်ရလဒ်များကို ပုံစံ(၁၈)တွင် ဖြည့်သွင်းမည်ဖြစ်ပြီး ယင်းပုံစံ(၁၈) များကို အများပြည်သူများ ကြည့်ရှုနိုင်ရန် မြို့နယ်ကော်ခွဲရုံးရှေ့တွင် ကပ်ထားပေးမည်ဖြစ်သည်။

**အထက်ဖော်ပြပါ မဲဆန္ဒရှင်များ အထူးသတိထားရမည့်အချက်မှာ မိမိတို့၏ အမည်များသည် မိမိတို့ဒေသမှ မဲဆန္ဒရှင်စာရင်းများတွင်ပါဝင်မှသာ ကြိုတင်မဲပေးရန် ပုံစံ(၁၅)ဖြင့် တောင်းဆိုသည့်အခါ မိမိ၏ မြို့နယ်ကော်ခွဲက မဲလက်မှတ်များကို ပြန်လည်ပို့ပေးနိုင်မည်ဖြစ်ပါသည်။** ထို့ပြင် ပုံစံ(၁၅)တွင် မိမိတို့၏ လိပ်စာကို ဖော်ပြရာ၌ အိမ်အမှတ်၊ လမ်းအမည်၊ ရပ်ကွက်အမည်/ကျေးရွာအမည်၊ မြို့နယ်အမည်နှင့် တိုင်းဒေသကြီး/ပြည်နယ်အမည်တို့ကို ပြည့်စုံစွာဖော်ပြရန် အရေးကြီးပါသည်။ သို့မှသာ ပုံစံ(၁၅)ကို မြို့နယ်ကော်ခွဲက သက်ဆိုင်ရာ ရပ်/ကျေးကော်ခွဲသို့ ရောက်ရှိအောင်ပေးပို့နိုင်မည်ဖြစ်ပြီး ရပ်/ကျေးကော်ခွဲကလည်း မိမိ၏အမည် မဲစာရင်းတွင် ပါ/မပါ စစ်ဆေးနိုင်မည်ဖြစ်ပါသည်။

**မဲဆန္ဒနယ်အတွင်းမှ ကြိုတင်မဲ ပေးပိုင်ခွင့်ရှိသူများ**

ဤမဲဆန္ဒရှင်များသည် မိမိ၏ မဲဆန္ဒနယ်အတွင်း၌ ရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲမပေးနိုင်သောသူများ ဖြစ်ကြသည်။ ၎င်းတို့မှာ -

(၁) အနာကြီးရောဂါ စွဲကပ်နေသူများ၊
(၂) ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူများ၊
(၃) နေအိမ်တွင် မီးဖွားနေသူများ၊
(၄) အသက်အရွယ် ကြီးရင့်သူများ၊
(၅) မသန်စွမ်းသူများ၊
(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူနေရသူများ၊ (မဲဆန္ဒနယ်အတွင်း၌ရှိသော ဆေးရုံ)
(၇) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ၊ (မဲဆန္ဒနယ်အတွင်း၌ရှိသော အချုပ်စခန်း/အကျဉ်းစခန်း)
(၈) ရွေးကောက်ပွဲကျင်းပသောနေ့တွင် မိမိ၏ ရပ်ကွက်/ကျေးရွာမှ ခရီးဝေးသည့်ဒေသသို့ ရွေးကောက်ပွဲတာဝန်ဖြင့် သွားရောက်ရန်ရှိသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲများနှင့် အစိုးရဝန်ထမ်းများ၊
(၉) လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ ဖြစ်ကြသည်။

မိမိတို့၏အိမ်၌ပင် နေထိုင်လျက်ရှိသော အနာကြီးရောဂါစွဲကပ်ခံနေရသူများ၊ ဝေဒနာပြင်းထန်စွာ ခံစားနေရသူများ၊ မီးဖွားနေသူများ၊ အသက်အရွယ်ကြီးရင့်နေသူများနှင့် မသန်စွမ်းသူများသည် မဲရုံသို့ သွားရောက်၍ မဲမပေးနိုင်ပါက မိမိတို့၏နေအိမ်၌ပင် ကြိုတင်မဲပေးနိုင်ရေးအတွက် ရပ်/ကျေးကော်ခွဲက ရွေးကောက်ပွဲနေ့မတိုင်မီ ၎င်း၏အဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ ဆန္ဒမဲပေးလိုက ပေးနိုင်ကြောင်းနှင့် ဆန္ဒမဲမပေးလိုက မပေးဘဲနေနိုင်ကြောင်း လာရောက်ရှင်းပြမည်ဖြစ်သည်။ မဲပေးမည်ဆိုပါက ရပ်/ကျေးကော်ခွဲက ၎င်း၏အဖွဲ့ဝင် နှစ်ဦးကို စေလွှတ်ပြီး ရွေးကောက်ပွဲမတိုင်မီ နှစ်ရက်အလို၌ ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်သည်။ အကယ်၍ ရပ်/ကျေးကော်ခွဲက လာရောက် အကြောင်းမကြားပါက မဲဆန္ဒရှင်များ၏ မိသားစုဝင်တစ်ဦးဦးက ရပ်/ကျေးကော်ခွဲသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲ ပေးလိုကြောင်း အကြောင်းကြားနိုင်သည်။ **(ပုံစံ - ၁၅ ဖြင့် လျှောက်ထားရန် မလိုပါ။** ပုံစံ(၁၅)သည် မဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ အတွက်သာဖြစ်သည်။)

ဆန္ဒပြုရမည့်နေ့တွင် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဝင် နှစ်ဦးက မဲရုံကိုယ်စားလှယ်များ/မဲရုံအကူ ကိုယ်စားလှယ်များ လိုက်ပါလျက် မဲဆန္ဒရှင်၏ နေအိမ်သို့ လာရောက်ကြမည်ဖြစ်သည်။ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လေ့လာရန် လိုက်ပါလာပါက အိမ်ရှင်က လေ့လာခွင့်ပေးရပါမည်။

ရပ်/ကျေးကော်ခွဲအဖွဲ့ဝင်က ထုတ်ပေးသော မဲလက်မှတ်အသီးသီးတွင် ကိုယ်တိုင်ဆန္ဒပြုနိုင်ပါက ဘောလ်ပင်ဖြင့် အမှန်ခြစ် ခြစ်၍ ဆန္ဒပြုရန်ဖြစ်သည်။ ထို့နောက် ဆန္ဒပြုပြီး ကြိုတင်မဲလက်မှတ်အသီးသီးကို သက်ဆိုင်ရာစာအိတ်များတွင် ထည့်သွင်းပြီး လုံခြုံစွာ ပိတ်ပြီးနောက် ရပ်/ကျေးကော်ခွဲအဖွဲ့ဝင်ထံ အပ်နှံရမည်။ အကယ်၍ ကိုယ်တိုင်ဆန္ဒမပြုနိုင်ပါက မဲစာရင်းတွင် ပါရှိသော မိမိ၏မိသားစုဝင် တစ်ဦးဦးကိုဖြစ်စေ၊ ရပ်/ကျေးကော်ခွဲအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ မိမိကိုယ်စား ဆန္ဒပြုပေးရန် အကူအညီ တောင်းခံနိုင်သည်။ မသန်စွမ်းသူဖြစ်လျှင် မဲစာရင်းတွင်ပါရှိသော မိမိ၏ မိသားစုဝင်တစ်ဦးဦးကိုဖြစ်စေ၊ မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သော သူတစ်ဦးကိုဖြစ်စေ အကူအညီတောင်းခံနိုင်သည်။

ဆေးရုံ၌ တက်ရောက်နေသော အတွင်းလူနာများနှင့် အချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ဆေးရုံအုပ်နှင့် အချုပ်စခန်း/အကျဉ်းစခန်း အကြီးအမှူးက ရပ်/ကျေးကော်ခွဲသို့ အကြောင်းကြားမည်ဖြစ်သည်။ ထိုအခါ ရပ်/ကျေးကော်ခွဲက ဆေးရုံနှင့် အချုပ်စခန်း/အကျဉ်းစခန်း၌ပင် ဆန္ဒပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ဆန္ဒပြုနည်းမှာ အထက်ပါအပိုဒ်တွင် ဖော်ပြထားသည့် အတိုင်းပင်ဖြစ်သည်။

**ထို့ပြင် မဲဆန္ဒရှင်တစ်ဦးဦးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သာရေး၊ နာရေးကိစ္စဖြင့် ခရီးဝေးသို့ သွားရောက်ရန်ရှိပါက ရပ်/ကျေးကော်ခွဲသို့ အထောက်အထားခိုင်လုံစွာ တင်ပြနိုင်လျှင် ကြိုတင်မဲပေးခွင့်ရှိသည်။ ရွေးကောက်ပွဲမတိုင်မီ နှစ်ရက်အလိုတွင် ရပ်/ကျေးကော်ခွဲရုံးသို့ သွားရောက်ပြီး ကြိုတင်မဲပေးရန်ဖြစ်သည်။ ရပ်/ကျေးကော်ခွဲအဖွဲ့ဝင် တစ်ဦးဦးက ထုတ်ပေးသော ကြိုတင်မဲလက်မှတ်များတွင် ဘောလ်ပင်ဖြင့် အမှန်ခြစ် ခြစ်၍ ဆန္ဒပြုပြီးနောက် သက်ဆိုင်ရာလွှတ်တော် စာအိတ်အသီးသီးသို့ထည့်ပြီး စာအိတ်များကို သေချာစွာပိတ်ရမည်။ ထို့နောက် ထိုစာအိတ်များကို ရပ်/ကျေးကော်ခွဲရုံးတွင်ထားရှိသော လုံခြုံရေးကြိုးများဖြင့် သေချာစွာပိတ်ထားသည့် မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည်။ [မှတ်ချက် ယခုကဲ့သို့ ကြိုတင်မဲပေးရန် ခွင့်ပြုခြင်းသည် တစ်ဦးတစ်ယောက်ချင်း၊ မိသားစု တစ်စုချင်းအတွက်သာ ဖြစ်ပါသည်။ လုပ်ငန်းအကြောင်းပြချက် (ဥပမာ - ပင်လယ်သို့ ငါးဖမ်းထွက်ရန်)ဖြင့် ဖြစ်စေ၊ ဘုရားဖူး၊ ထီးတင်ပွဲစသည်များသွားရန် အကြောင်းပြချက်ဖြင့်ဖြစ်စေ လူနှစ်ဆယ်သုံးဆယ်က ကြိုတင်မဲပေးရန် တောင်းဆိုလာပါက ရပ်/ကျေးကော်ခွဲအနေဖြင့် ခွင့်ပြုပေးမည် မဟုတ်ပါ။]**

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိ၏ ရပ်ကွက်/ကျေးရွာမှ ညအိပ်ခရီးသွားရောက်ရမည့်ဒေသရှိ မဲရုံ၌ တာဝန်ကျသည့် ရပ်/ကျေးကော်ခွဲအဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများ၊ မဲရုံလုံခြုံရေးအတွက် တာဝန်ကျသော တပ်မတော်သားများနှင့် ရဲများသည်လည်း ရပ်/ကျေးကော်ခွဲရုံးများ၌ ကြိုတင်မဲပေးနိုင်သည်။ ကြိုတင်မဲများကို ရပ်/ကျေးကော်ခွဲရုံးများ၌ သွားရောက်ဆန္ဒပြုရန်ဖြစ်သည်။ ကြိုတင်မဲလက်မှတ် အသီးသီးတွင် ဘောလ်ပင်ဖြင့် အမှန်ခြစ်ခြစ်၍ ဆန္ဒပြုပြီးနောက် သက်ဆိုင်ရာ လွှတ်တော်စာအိတ်အသီးသီးတွင် ထည့်၍ သေချာစွာ ပိတ်ပြီး ယင်းစာအိတ်များကို လုံခြုံရေးကြိုးများနှင့်သေချာစွာပိတ်ထားသည့် မဲပုံးထဲသို့ ကိုယ်တိုင်ထည့်ရမည်။

ထို့ပြင် ရွေးကောက်ပွဲတာဝန်ဖြင့် ခရီးဝေးသွားရောက်ရန်ရှိသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ တာဝန်ရှိသူများ၊ အစိုးရတာဝန်ဖြင့် အခြားဒေသသို့ မဖြစ်မနေသွားရောက်ရန်ရှိသော အစိုးရဝန်ထမ်းများသည် မိမိတို့၏ ရပ်/ကျေးကော်ခွဲရုံးများ၌ ကြိုတင်မဲပေးပိုင်ခွင့်ရှိပါသည်။ ကြိုတင်မဲပေးရမည့်နေ့ကို ကော်မရှင်က သတ်မှတ်ကြေညာပေးမည် ဖြစ်သည်။ (၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကျင်းပခဲ့စဉ်က ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲနေ့ မတိုင်မီ ၁၀ ရက် ကြိုတင်၍ ကြိုတင်မဲပေးခွင့်ပြုခဲ့ပါသည်။)

ထို့ပြင် မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်ပါရှိသော မဲဆန္ဒနယ်မှ ခရီးဝေးသည့်ဒေသတစ်ခုခု၌ ရွေးကောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည်လည်း မိမိတို့၏ ရပ်/ကျေးကော်ခွဲရုံးများ၌ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

ဖော်ပြပါ မဲဆန္ဒနယ်အတွင်းမှ မဲဆန္ဒရှင်များ ကြိုတင်မဲပေးမည့် လုပ်ငန်းစဉ်အားလုံးကို ရပ်/ကျေးကော်ခွဲများက ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ ရပ်/ကျေးကော်ခွဲရုံးတွင် ကြိုတင်ဆန္ဒမဲပေးမှုများ အားလုံးကို မဲရုံကိုယ်စားလှယ်များ၊ မဲရုံအကူကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ Observer များနှင့် မီဒီယာများကြည့်ရှုလေ့လာခွင့်ရှိပါသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ရပ်/ကျေးကော်ခွဲအဖွဲ့ဝင်တစ်ဦးက ကြိုတင်ဆန္ဒမဲပုံးကို ကြိုတင်ဆန္ဒမဲ ပေးထားသည့် မဲဆန္ဒရှင်များ၏အမည်စာရင်း ဖြည့်သွင်းထားသော ပုံစံ-၁၃ နှင့်တကွ မဲရုံမဖွင့်မီ (နံနက် ၆ နာရီ မတိုင်မီ) မဲရုံမှူးထံ ပေးအပ်မည်ဖြစ်သည်။ မဲရုံမှူးက ပုံစံ(၁၃)ကို အများပြည်သူကြည့်ရှုနိုင်စေရန် မဲရုံရှေ့တွင် ကပ်ထားပေးမည်ဖြစ်သည်။ ကြိုတင်မဲများကို မဲရုံပိတ်ပြီးသည့်အချိန်တွင် မဲရုံကိုယ်စားလှယ်/မဲရုံအကူကိုယ်စားလှယ်၊ သက်သေများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် မီဒီယာများရှေ့မှောက်တွင် ရေတွက်မည် ဖြစ်ပါသည်။ လွှတ်တော်အရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသော ကြိုတင်ဆန္ဒမဲရလဒ်များကို မဲရုံ၌ မဲပေးသော ဆန္ဒမဲရလဒ်များနှင့်အတူ ပုံစံ(၁၆)တွင် စာရင်းသွင်းပြီး မဲရုံရှေ့တွင် အများပြည်သူများ သိရှိနိုင်ရန် ကပ်ထားကြေညာပေးမည်ဖြစ်ပါသည်။

**အချုပ်ဆိုရသော် မဲဆန္ဒရှင်တိုင်း မိမိတို့ရရှိနိုင်သည့် အခွင့်အရေးများကို သိရှိနားလည်ပြီး မှန်ကန်စွာ မဲပေးနိုင်ခြင်းဖြင့် မိမိတို့၏ မဲတစ်ပြားသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ချရာတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။ ။**

# မြန်မာ ယူ-၁၉ အသင်းနှင့် မလေးရှား ယူ-၁၉ အသင်းတို့ ယနေ့ကစားမည်

**ရန်ကုန် ဩဂုတ် ၂၈**

အာဆီယံ ယူ -၁၉ ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာယူ-၁၉ အသင်း၏ အုပ်စု တတိယပွဲစဉ်အဖြစ် ဩဂုတ် ၂၉ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစား ရမည်ဖြစ်သည်။

ယခုပွဲတွင် မြန်မာယူ-၁၉ အသင်း ဆီမီးတက်ရေးအတွက် အရေးပါသည့်ပွဲဖြစ်ပြီး ရှုံးပွဲမကြုံတွေ့မှသာ မျှော်လင့်ချက်ကို ဆက်လက်အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။ ဩဂုတ် ၂၈ ရက်ပွဲစဉ်များ အပြီးတွင် အုပ်စု(ခ)၌ မလေးရှားအသင်းကသုံးပွဲကစား ခုနစ်မှတ်၊ ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းတို့က နှစ်ပွဲကစား လေးမှတ်စီ၊ တီမောအသင်းက သုံးပွဲကစားတစ်မှတ်၊ စင်ကာပူအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲ၌ စင်ကာပူကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲတွင် တီမောအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။ မလေးရှားအသင်းမှာ တီမောအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ စင်ကာပူအသင်းကို လေးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိပြီး ဗီယက်နမ်အသင်းနှင့် ဂိုးမရှိ သရေကျထားသည်။ မလေးရှားအသင်းသည် မြန်မာအသင်းနှင့် ပွဲတွင် သရေတစ်မှတ်ရရုံဖြင့် ဆီမီးဖိုင်နယ်သို့တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာအသင်းမှာမူ ယှဉ်ပြိုင်ပြီးသည့် စင်ကာပူ၊ တီမောအသင်းတို့ထက် ခြေစွမ်းပိုင်းပိုမိုကောင်းမွန်သည့် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်ရာ ခြေစွမ်းပိုမိုကောင်းမွန်မှသာ ရလဒ်ကောင်းဖွယ်ရှိနေသည်။ မြန်မာအသင်းမှာ ယနေ့ပွဲတွင် အနိမ့်ဆုံးသရေတစ်မှတ် ရရှိမှသာ ဆီမီးတက်ရေး မျှော်လင့်ချက်ကို ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

# ၂၀၁၅ ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၈**

၂၀၁၅ ခုနှစ် မိုးနှောင်းကာလသည် စက်တင်ဘာလ ၁ ရက်နေ့ (ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့)မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသည့်နေ့အထိ ဖြစ်သည်။

**မုတ်သုံလေဆုတ်ခွာသည့် အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။

(က) ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁-၁၆ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ လည်းကောင်း၊
(ခ) ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၇-၂၂ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ လည်းကောင်း၊
(ဂ) ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၃-၂၇ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊
(ဃ) ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှ အောက်တိုဘာလ ၃ ရက်နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# ငါးသိုင်းချောင်းမြို့ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၈**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# စာရေးဆရာမအေးဖြူ၏ ဆောင်းပါးပေါင်းချုပ် မလုပ်နိုင်တာဘာရှိလဲစာအုပ် ထွက်ရှိ





စာရေးဆရာမအေးဖြူ၏ ဆောင်းပါးပေါင်းချုပ် ရှစ်အုပ်မြောက်ဖြစ်သော မလုပ်နိုင်တာဘာရှိလဲစာအုပ် ထွက်ရှိလာသည်။

ခေတ်ပညာအတော်အသင့်ရှိသူ အကြောင်းကြောင်းကြောင့် ပညာရေးစနစ်အမျိုးမျိုးတွင် Language အားနည်းခဲ့ကြရသူများ၊ အချိန်မရသဖြင့် ပြင်ပဗဟုသုတဆိုင်ရာ စာပေမဖတ်နိုင်သူများအတွက် ရည်ရွယ်ရေးသားခဲ့ကြောင်း စာရေးသူကဆိုထားသည်။

"မျက်မှောက်ခေတ် လူလောက၊ လုပ်ငန်းရှင်လောကတွင် ရင်ဆိုင်နေရသော ပြဿနာများကို တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းပေးလိုသောစေတနာကို ဆရာမ၏ စာပေတွင် တွေ့ရသည်။ ဆရာမ ဖတ်ထားမှတ်ထား လေ့လာထားသမျှ စာပေတွေကို ပြန်လည်ဝေမျှထားရာ စာအုပ်ကောင်းများစွာမှ သုတ၊ ရသအဆီအနှစ်တွေ တစ်ထိုင်တည်းတစ်နေရာတည်းရနိုင်သည်။

တချို့လက်ရာတွေက ဒိုင်းခနဲ ဉာဏ်ပွင့်လင်းစရာတွေဖြစ်မည်။ တစိမ့်စိမ့်တွေးတော အရသာခံရင်း ဉာဏ်အလင်းရစရာတွေလည်းပါသည်။" ဟု ဆရာခင်မောင်ညို(ဘောဂဗေဒ)၏ အမှာစာတွင် မှတ်ချက်ပြုထားသည်ကို တွေ့ရသည်။

အဆိုပါစာအုပ်တွင် ဆောင်းပါးပေါင်း ၃၂ ပုဒ်ကို သရုပ်ဖော်ပုံများနှင့်တကွ ဖော်ပြထားပြီး ဘာသာရေးဆိုင်ရာ အဆုံးအမများ၊ အနောက်တိုင်း အတွေးအခေါ်များ၊ ခေတ်အလျောက်တွေ့ကြုံရသောပြဿနာများ ထိုပြဿနာများကို ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်သော နည်းလမ်းများကို ဖော်ပြထားရာ ဆရာမ အေးဖြူ၏ ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ဖတ်ရှုဆင်ခြင်၍ လက်တွေ့အသုံးချနိုင်ပါစေကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ **(ကြေးမုံ)**

# နတ်မောက်မြို့နယ်အတွင်းမှ တောဆင်ရိုင်းအုပ်မထွက်ခွာသေး

**နတ်မောက် ဩဂုတ် ၂၈**

ပဲခူးရိုးမဆီမှ ရေကြည်ရာ မြက်နုရာ စားကျက်မြေ နေရာရှာဖွေရင်း မိုင်ပေါင်းရာချီခရီးကို နေခိုချိန်မှလွဲ၍ မရပ်မနားသွားလာနေကြသော်လည်း ၎င်းတို့ဘဝသာယာစွာ အသက်ရှင်နေနိုင်ရေးလမ်းစမှာ တစ်ပတ်ကျော်ကြာလာသည့်တိုင်အောင် ရှာမတွေ့သေးသည့်အပြင် ဩဂုတ် ၂၈ ရက် ညပိုင်းအထိ နတ်မောက်မြို့နယ်အတွင်းမှ ထွက်ခွာခြင်းမရှိသေးဘဲ နားခိုလျက်ရှိကြောင်း သိရသည်။

အဆိုပါ တောဆင်ရိုင်းအုပ်သည် ၎င်းတို့၏ ခြေလှမ်းသစ်စတင်ရာဖြစ်သော နတ်မောက်မြို့နယ်၊ မြို့သစ်မြို့နယ်များမှသည် မိတ္ထီလာ၊ ညောင်ဦး၊ ကျောက်ပန်းတောင်းစသည့် မြို့နယ်များကိုဖြတ်ကျော်ကာ နယ်မြေသစ်ရှာဖွေခဲ့ကြသော်လည်း ရိုးမပျော်ဆင်ရိုင်းတို့ မူလကွန်းခိုရာ ပဲခူးရိုးမဆီသို့ လှည့်ပြန်ရမည့်အနေအထားတွင် ရှိနေခဲ့သည်။

ယင်းတောဆင်အုပ် ရိုးမဆီမှ နယ်ကျွံလာသည်ဟုသိရသည်မှာ နတ်မောက်မြို့နယ် ရွှေနတ်ကယ်တောင်ကြောအရောက်တွင် သိရှိရခြင်းဖြစ်ပြီး ရွှေနတ်ကယ်တောင်သို့ ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီတွင် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယင်းရွှေနတ်ကယ်တောင်သို့ ရောက်ရှိလာချိန်တွင် ကမ္ဘာလုံးအေးစေတီအနီးတွင် နေခိုခဲ့ကြောင်းနှင့် ရွှေနတ်ကယ်တောင်ဆရာတော်ကြီးရှိရာသို့ မျက်နှာမူသည့်အနေအထားဖြင့် နေခိုခဲ့ကြောင်း၊ တစ်နေကုန် ရွှေနတ်ကယ်တောင်တွင်ရှိနေခဲ့ပြီး ညပိုင်းရောက်မှသာ ရွှေနတ်ကယ်တောင်၏မြောက်ဘက်သို့ ထွက်ခွာသွားကြောင်း ရွှေနတ်ကယ်တောင်တွင် သီတင်းသုံးတော်မူသည့် ဆရာတော်တစ်ပါးက မိန့်ကြားတော်မူသည်။

"ရွှေနတ်ကယ်တောင်ဘက်ကို ရောက်လာတဲ့အချိန်မှာ ပေ ၂၀ လောက်အကွာကနေ ဓာတ်ပုံရိုက်တာတောင် ဘာမှပြန်မလုပ်ဘူး။ လူတွေကသာ ဆင်တွေကို ခဲတွေနဲ့ ပေါက်ပြီး ခြောက်လှန့်ကြတာ။ ဘာမှဖျက်ဆီးသွားတာလည်း မရှိဘူး။ ဆင်ရိုင်းတွေဆိုရင် လူတွေအကပ်မခံသလို ဖျက်ဆီးတာတွေ လုပ်တတ်တယ်လို့ ကြားဖူးတယ်။ ခြေထောက်တွေမှာလည်း ကြိုးချည်ထားတဲ့ အရာတွေ တွေ့တယ်။ ရှေ့ကဆင်ခေါင်းဆောင်ကြီးသွားတဲ့ ခြေရာအတိုင်း နောက်ကဆင်တွေက လိုက်တယ်။ ခြေရာတွေ တအားမတွေ့ရဘူး။ သူတို့သွားပြီးတဲ့အချိန် နောက်က လိုက်ကြည့်တော့ ကျွန်မကတော့ ဆင်ရိုင်းတွေလို့ မထင်ဘူး"ဟု ရွှေနတ်ကယ်တောင်အနီးနေထိုင်သူ ဒေသခံအမျိုးသမီးတစ်ဦးက ပြောပြသည်။

အဆိုပါ တောဆင်ရိုင်းများသည် ဩဂုတ် ၁၉ ရက်တွင် မိတ္ထီလာမြို့နယ်ဘက်သို့လည်းကောင်း၊ ၂၄၊ ၂၅ ရက်တွင် ညောင်ဦးဘက်သို့လည်းကောင်း၊ ၂၆၊ ၂၇ ရက်တွင် ကျောက်ပန်းတောင်းဘက်သို့လည်းကောင်း လှည့်လည်သွားလာခဲ့သည်။ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်ဘက်သို့ရောက်ရှိစဉ် ဆင်ငယ်တစ်ကောင်မှာ နာမကျန်းဖြစ်၍ ကျန်ခဲ့ခြင်းကြောင့် ကျန်ငါးကောင်သည် အဖော်ကွဲဆင်တစ်ကောင်ရှာဖွေရင်း ကျောက်ပန်းတောင်းမြို့နယ်တွင် နှစ်ရက်ကြာ ကွန်းခိုခဲ့ကြကြောင်း ဒေသခံများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများက ပြောသည်။

ငါးကောင်ပါဝင်သည့် တောဆင်အုပ်သည် ၂၇ ရက် တစ်ရက်လုံး ကျောက်ပန်းတောင်းမြို့နယ် လွန်ပင်ကုန်းကျေးရွာနှင့် သစ်စပ်ပင်ကျေးရွာအကြားရှိ လျှိုတစ်ခုအတွင်း နားခိုနေခဲ့ပြီး ထိုမှတစ်ဆင့် မဲထီးကျေးရွာ၊ စံပြကျေးရွာတို့ကို ဖြတ်ကျော်ကာ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် နတ်မောက်မြို့နယ်အတွင်းသို့ ရောက်ရှိလာခဲ့ရာ ဒီးဒုတ်ကုန်းကျေးရွာနှင့် ဥသျှစ်မြောင်ကျေးရွာအနီးရှိ တောအုပ်ထဲတွင် နေခိုခဲ့ကြကြောင်း သိရသည်။


"တောဆင်ရိုင်းအုပ် ဒီဘက်ကို ရောက်လာမယ်လို့ မသိဘူးလေ။ မနက်ယာထဲသွားမှ တည့်တည့်တိုးတာ။ ရွာကအသံချဲ့စက်နဲ့အော်တာနဲ့ ယာထဲမှာ နှမ်းစိုက်သွားနေရာကနေ အမောတကော ပြန်ပြေးလာခဲ့တာ။ ဒီဆင်တွေရောက်လာတဲ့အချိန်မှာ အနီးအနားမှာရှိတဲ့ ကျေးရွာတွေကလည်း အဲဒီဆင်တွေကို သွားမနှောင့်ယှက်ဖို့၊ သူတို့သွားတဲ့ လမ်းကြောင်းတွေကို မပိတ်ဖို့နဲ့ ဒေသခံပြည်သူတွေ အန္တရာယ်ကင်းစေဖို့ အသံချဲ့စက်နဲ့အော်ပြီးသတိပေးတာတွေ လုပ်ကြတယ်"ဟု နတ်မောက်မြို့နယ် အိုင်ဇောက်ကျေးရွာအုပ်စု ကန်ကြီးကုန်းကျေးရွာမှ မလှလေးက ပြောသည်။



အဆိုပါ တောဆင်ရိုင်းများကို ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ မူလကျက်စားရာ နတ်မောက်/ မြို့သစ်နယ် ပဲခူးရိုးမဆီသို့ ပြန်လည်ရောက်ရှိရေးအတွက် ကွန်ချီဆင်ယဉ်များကိုအသုံးပြုကာ ဩဂုတ် ၂၇ ရက် ညနေပိုင်းမှ ည ၁၁ နာရီဝန်းကျင်အထိ ထိန်းကျောင်းမောင်းနှင်ခဲ့ကြပြီး ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် ဆင်ယဉ်များကို ဆင်သယ်ကားများဖြင့် နတ်မောက်မြို့နယ်သို့ သယ်ဆောင်လာခဲ့ကြောင်း ဆင်သယ်ယာဉ်မောင်းနှင်သူတစ်ဦးက ပြောသည်။

ရိုးမပျော်တောဆင်ရိုင်းများသည် ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီမှစတင်ကာ ညပိုင်းအထိ နတ်မောက်မြို့နယ်အတွင်းရှိ ဒီးဒုတ်ကုန်းကျေးရွာနှင့် ဥသျှစ်မြောင်ကျေးရွာအနီးတွင် ဆက်လက်ရှိနေပြီး နတ်မောက်မြို့နယ်အတွင်းမှ ၎င်းတို့နယ်ကျွံလာရာဒေသဟု ယူဆရသည့် ပဲခူးရိုးမဆီသို့ ပြန်လည်ထွက်ခွာခြင်းမရှိသေးကြောင်း ဆင်များအား အနီးကပ်စောင့်ကြည့်နေသော အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သတင်း-နိုင်လင်းကြည်(ကြေးမုံ)**
**ဓာတ်ပုံ-နေသန်**




# ဘိုင်ယန်နှင့် အာဆင်နယ်တို့တွေ့ဆုံနေသည့် ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်များ

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်များအတွက် မဲခွဲဆုံးဖြတ်ခဲ့ကြရာ ဘွန်ဒက်စ်လီဂါ အင်အားကြီး ဘိုင်ယန်နှင့် အာဆင်နယ်တို့ လေးနှစ်အတွင်း သုံးကြိမ်မြောက်အဖြစ် တွေ့ဆုံယှဉ်ပြိုင်ကြရတော့မည်ဖြစ်သည်။ ယခု နောက်ပိုင်းနှစ်များတွင် ချန်ပီယံလိဂ်ပြိုင်ပွဲများ၌ ဘိုင်ယန်နှင့်အာဆင်နယ်တို့သည် ထိပ်တိုက်တွေ့ဆုံမှုအကြိမ်ရေ အများဆုံး ဖြစ်နေပြီး အာဆင်နယ်မှာ ဘိုင်ယန်နှင့်တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်ဘဲ အဝေးဂိုးစည်းမျဉ်းကြောင့် အမြဲလိုလို ပြိုင်ပွဲမှထွက်ခွာခဲ့ရသည့် အစဉ်အလာများလည်းရှိခဲ့သည်။

မန်ယူမှာ ပီအက်စ်ဗွီ၊ စီအက်စ်ကေအေမော်စကို၊ ဝုဖ်စ်ဘတ်အသင်းတို့နှင့်တွေ့ဆုံရမည်ဖြစ်သောကြောင့် ဒီပေးမှာ အသင်းဟောင်းကို ပြိုင်ဘက်တစ်ဦးအနေဖြင့်ပြန်လည်ရင်ဆိုင်ကစားရတော့မည်ဖြစ်သည်။ မန်စီးတီးအသင်းမှာမူ အုပ်စုကျပ်အတွင်းကျရောက်လျက်ရှိပြီး အီတလီချန်ပီယံ ဂျူဗင်တပ်၊ ယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာနှင့်ဂျာမနီကလပ်မိုချန်ဂလာဘတ်တို့နှင့်ရင်ဆိုင်ရမည်ဖြစ်ရာ အုပ်စုတက်ရေးအတွက်ရေကုန်ရေခန်းယှဉ်ပြိုင်ရမည့်အနေအထားပင်ဖြစ်သည်။

လက်ရှိချန်ပီယံ ဘာစီလိုနာမှာ လေဗာကူဆင်၊ ရိုးမားနှင့် ဘိုရီဆော့ဗ်အသင်းများနှင့်လည်းကောင်း၊ ချန်ပီယံလိဂ်စံချိန်တင်ဆုရှင် ရီးယဲလ်မှာ ပြင်သစ်ချန်ပီယံ ပီအက်စ်ဂျီ၊ ရှက်တာဒိုးနက်ခ်နှင့် မယ်လ်မိုအသင်းများနှင့်လည်းကောင်း၊ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးကမူ ပေါ်တို၊ ဒိုင်နမိုကိဗ်နှင့် မက်ကာဘီအသင်းများနှင့် လည်းကောင်း အသီးသီး တွေ့ဆုံယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

သို့သော် အင်္ဂလန်အသင်းများမှာ လက်ရှိချန်ပီယံ ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့ကို ရှောင်လွှဲနိုင်သဖြင့် ကံကောင်းခဲ့ပြီး အုပ်စုအနေအထားအရ မန်စီးတီးတစ်သင်းသာ အုပ်စုတက်ရေး ရှုန်းကန်ရနိုင်သော်လည်း လက်ရှိခြေစွမ်းအရ အုပ်စုအဆင့်မှသေချာပေါက် လွန်မြောက်နိုင်မည်ဖြစ်ကြောင်း အင်္ဂလန်အားကစားသုံးသပ်ချက်များတွင် ရေးသားဖော်ပြထားသည်။

**မေလှသင်း**

မဲခွဲမှုအရ အုပ်စုအဆင့်ပွဲစဉ်အနေအထား

| အုပ်စု | အသင်း |
|---|---|
| အုပ်စု(က) | ပီအက်စ်ဂျီ၊ ရီးယဲလ်မက်ဒရစ်၊ ရှက်တာဒိုးနက်ခ်၊ မယ်လ်မို |
| အုပ်စု(ခ) | ပီအက်စ်ဗွီ၊ မန်ယူ၊ စီအက်စ်ကေအေမော်စကို၊ ဝုဖ်စ်ဘတ် |
| အုပ်စု(ဂ) | ဘင်ဖီကာ၊ အက်သလက်တီကို၊ ဂါလာတာစာရေး၊ အက်စ်တာနာ |
| အုပ်စု(ဃ) | ဂျူဗင်တပ်၊ မန်စီးတီး၊ ဆီဗီလာ၊ မိုချန်ဂလာဘတ် |
| အုပ်စု(င) | ဘာစီလိုနာ၊ လေဗာကူဆင်၊ ရိုးမား၊ ဘိုရီဆော့ဗ် |
| အုပ်စု(စ) | ဘိုင်ယန်မြူးနစ်၊ အာဆင်နယ်၊ အိုလံပီယာကော့စ်၊ ဒိုင်နမိုဇာဂရက် |
| အုပ်စု(ဆ) | ချယ်လ်ဆီး၊ ပေါ်တို၊ ဒိုင်နမိုကိဗ်၊ မက်ကာဘီ |
| အုပ်စု(ဇ) | ဇင်းနစ်၊ဗလင်စီယာ၊လိုင်ယွန်၊ဂျန့် |

## ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ်ဖွင့်

**ရန်ကုန်　ဩဂုတ်　၂၈**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးရိုက် အားကစားသမားများပေါ်ထွက်လာစေရေးအတွက် စီဘီဘဏ်လီမိတက်မှ အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ်၏ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်း တွင် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ပြင်ဦးလွင်တပ်နယ် တပ်နယ်မှူး စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြင့်မော်၊ CB Bank ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့်မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေးတို့ အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် Professional အဆင့် ၃၄ ဦး၊ အပျော်တမ်းအဆင့် အမျိုးသား ၉၆ ဦး၊ အပျော်တမ်းအဆင့် အမျိုးသမီး ၂၃ ဦး စုစုပေါင်းအားကစားသမား ၁၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ဖိုးသော်ဇင်**

## ရပ်ကွက်/ကျေးရွာ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ကျင်းပ

**တပ်ကုန်း　ဩဂုတ်　၂၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော မြို့နယ်အားကစားနှင့် ကာယပညာကော်မတီတို့၏ ပံ့ပိုးမှုဖြင့် ၂၀၁၅ ခုနှစ် တပ်ကုန်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် ညနေပိုင်းက တပ်ကုန်းမြို့နယ်အားကစားကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

“ဒီပြိုင်ပွဲကို ထူးချွန်ထက်မြက်တဲ့ အားကစားသမား လူရည်ချွန်တွေ ပေါ်ထွက်လာစေရန်နဲ့ မြို့နယ်အတွင်း အားကစားကို ပိုမိုစိတ်ဝင်စားစေရေး၊ ရွက်ပုန်းသီးအားကစားသမားများရှာဖွေနိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် လက်ရွေးစင်အားကစားသမား လူတော်၊ လူကောင်းများရှာဖွေဖော်ထုတ်ပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး ကျင်းပရခြင်း ဖြစ်ပါတယ်”ဟု မြို့နယ်အားကစားအရာရှိ ဦးထင်လင်းအောင်က ပြောသည်။

ဖွင့်ပွဲအခမ်းအနားတွင် တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီနယ်မြေ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ဘောလုံးများကို ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ် အာ/ကာ ကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက လက်ခံရယူသည်။ **(အောက်ပုံ)**

ဖွင့်ပွဲပထမပွဲစဉ်အဖြစ် ဗိုလ်မင်းရောင် ဘောလုံးအသင်းနှင့် ကျောင်းရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဗိုလ်မင်းရောင်အသင်းက ခြောက်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၃ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အုပ်စုလေးအုပ်စုခွဲကာ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဇင်ဘို)**



## စပိန်လာလီဂါရင်ခုန်သံ - ၂

**စပိန်လာလီဂါပွဲစဉ်(၁)မှာတော့ နာမည်ကြီး ရီးယဲလ်မက်ဒရစ်နိုင်ပွဲပျောက်ခဲ့တယ်။ အက်သလက်တီကို၊ ဘာစီလိုနာတို့ကလည်း ပြိုင်ဘက်တွေကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရပြီး တစ်ဂိုး ဂိုးမရှိနဲ့သာနိုင်ခဲ့ကြတယ်။ ဒါကြောင့် ဩဂုတ် ၂၉၊ ၃၀၊ ၃၁ ရက်တွေမှာကျင်းပမယ့် ပွဲစဉ်(၂)ရော ဒီအသင်းတွေ ပုံမှန်ခြေစွမ်းပြနိုင်မလားဆိုတာ စောင့်ကြည့်ရမယ်။**

**ဗီလာရီးယဲလ် - အက်စ်ပန်ညို　　နံနက် ၁း၀၀(၂၉-၈-၁၅)**

ဘက်တစ်နဲ့ တစ်ဂိုးစီသရေကျခဲ့တဲ့အဖွင့်ပွဲမှာ ဗီလာရီးရဲဟာအသင်းလိုက်ကစားပုံကောင်းမွန်ခဲ့ပေမယ့် တိုက်စစ်ပိုင်းကတော့ အားနည်းခဲ့တာတွေ့ရတယ်။ ဒါပေမယ့် ဗီလာရီးယဲလ်ဟာ အိမ်ကွင်းကစားပုံကောင်းတတ်ပြီး ဂီတာဖေးကိုနိုင်ခဲ့တဲ့ အက်စ်ပန်ညိုရဲ့ခြေစွမ်းကလည်းသာမန်သာရှိတယ်။ ဗီလာရီးယဲလ်နိုင်ပွဲစရမယ်။

**ဆိုစီဒက်- ဂီဂျွန်　　ည ၁၁း၀၀ (၂၉-၈-၁၅)**

တန်းတက်စပို့တင်းဂီဂျွန်က ရီးရဲမက်ဒရစ်ကိုသရေကစားနိုင်ခဲ့တယ်ဆိုပေမယ့် တံ့ပြန်ကစားနိုင်ခြင်းမရှိ ခဲ့ပါဘူး။ ရီးယဲလ်ကသာ တောက်လျှောက်ဖိကစားနိုင်ခဲ့တာဖြစ်ပြီး အဆုံးသတ်အားနည်းလို့သာ ဂီဂျွန်ကိုသရေကျခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ဒီပွဲကလည်းဂီဂျွန်အတွက် အဝေးကွင်းပွဲဖြစ်နေလို့ ဆိုစီဒက်နိုင်ပွဲရသွားဖို့ရှိတယ်။

**ဘာစီလိုနာ - မာလာဂါ　　နံနက် ၁း၀၀ (၃၀-၈-၁၅)**

ဆီဗီးလ်ကိုအဖွင့်ပွဲစဉ်မှာ သရေကစားနိုင်ခဲ့တဲ့ မာလာဂါဟာ အသင်းလိုက် ကစားပုံကောင်းပေမယ့် တိုက်စစ်ကဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ အထူးသဖြင့် မာလာဂါဟာ အဝေးကွင်းခြေစွမ်းပိုင်လည်း သာမန်သာရှိတတ်လို့ ဒီပွဲမှာလူစုံလာနိုင်ပြီး အိမ်ကွင်းနိုင်ပွဲအတွက် အားစိုက်လာမယ့် ဘာစီလိုနာကို ထိန်းဖို့ခက်တယ်။ ဘာစီလိုနာပဲ နိုင်ပွဲဆက်မယ်။

**ဆယ်တာဗီဂို - ဗယ်လီကာနို　　နံနက် ၂း၃၀ (၃၀-၈-၁၅)**

ဆယ်တာဗီဂိုဟာ လီဗန်တေးကိုအနိုင်ရခဲ့တယ်ဆိုပေမယ့် ခြေစွမ်းက သိသိသာသာ အသာရယူနိုင်ခြင်း မရှိပါဘူး။ ဗယ်လီကာနိုကတော့ ဗလန်စီယာကို သရေကစားသွားတဲ့ပွဲမှာ ခံစစ်နဲ့ ကွင်းလယ်ကစားပုံက ကောင်းမွန်ခဲ့ပြီး အခု ဆယ်တာဗီဂိုရဲ့ အိမ်ကွင်းအားကိုလည်း ထိန်းချုပ်နိုင်မှာပါ။ ဆယ်တာဗီဂို သရေလောက်ပဲရမယ်။

**ရီးယဲလ်မက်ဒရစ် - ဘက်တစ်　　နံနက် ၃း၀၀ (၃၀-၈-၁၅)**

ရီးယဲလ်မက်ဒရစ်ဟာ တန်းတက်ဂီဂျွန်နဲ့သရေကျခဲ့ပေမယ့် အသာစီးက ကစားနိုင်ခဲ့သလို ထိုးဖောက်အားလည်း ကောင်းခဲ့တာတွေ့ရတယ်။ ဒီပွဲစဉ်မှာလည်း ရီးယဲလ်အနေနဲ့ နိုင်ပွဲရဖို့ တိုက်စစ်ကို ပိုမိုအားပြုလာခဲ့ရင် ဘက်တစ်ခံစစ်ထိန်းချုပ်နိုင်ဖို့မလွယ်ဘူး။ အိမ်ကွင်းမှာရီးယဲလ်မက်ဒရစ်တို့ ဂိုးပြတ်အနိုင်ရသွားဖို့ရှိတယ်။

**အီဘား - ဘီဘာအို　　ည ၁၁း၀၀ (၃၀-၈-၁၅)**

ဒီရာသီမှာ ဘီဘာအိုခြေကောင်းတယ်။ စပိန်စူပါဖလားနဲ့ လာလီဂါအဖွင့်ပွဲတွေမှာ ဘာစီလိုနာကို တံ့ပြန်ကစားခဲ့တဲ့ ဘီဘာအိုခြေက သိပ်ကောင်းတယ်။ အီဘားကတော့ ခြေစွမ်းသာမန်သာရှိတဲ့အသင်းပါ။ ဒါပေမယ့် ယူရိုပါလိဂ်ခြေစစ်ပွဲကြောင့် ဘီဘာအိုပွဲပန်းနိုင်တာ သတိပြုရမယ်။ ဘီဘာအိုနိုင်ပွဲရဖို့ရှိပြီး ဂိုးတော့မများနိုင်ဘူး။

**ဆီဗီးလ်-အက်သလက်　　နံနက် ၁း၀၀(၃၁-၈-၁၅)**

ရာသီအဖွင့်ပွဲစဉ်မှာ တန်းတက်လက်စ်ပဲမက်စ်ကို တစ်ဂိုးတည်းနဲ့သာ ကပ်နိုင်ခဲ့တဲ့ အက်သလက်တီကိုခြေက အကောင်းဆုံးပုံစံမှာ မရှိသေးတာ မြင်သာတယ်။ ဆီဗီးလ်ကတော့ မာလာဂါနဲ့သရေကျခဲ့ပေမယ့် အိမ်ကွင်းမှာ ကစားပုံရော တိုက်စစ်အားပါ ပိုကောင်းတတ်တယ်။ ဒါကြောင့် ဒီပွဲမှာတော့ ဆီဗီးလ်ကပ်နိုင်ဖို့ရှိမယ်။

**ဗလန်စီယာ-ဒီပို့တီဗို　　နံနက် ၁း၀၀(၃၁-၈-၁၅)**

ဗလန်စီယာဟာ ချန်ပီယံလိဂ်ခြေစစ်ပွဲကစားနေရလို့ ပွဲဆက်တွေများနေပြီး ဒီပွဲမှာလည်း ပွဲပန်းနိုင်တယ်။ ဒါပေမယ့် ဗလန်စီယာဟာ အိမ်ကွင်းနိုင်ပွဲရရှိဖို့ အားစိုက်လာမှာ သေချာသလို ဒီပို့တီဗိုရဲ့ခြေစွမ်းကလည်း သာမန်ခြေထက်မပိုတာကြောင့် ဗလန်စီယာအခွင့်အရေးရနိုင်မယ်။ ဗလန်စီယာတို့ အိမ်ကွင်းနိုင်ပွဲရသွားမှာပါ။

**လက်ပဲလ်မက် - လီဗန်တေး　　နံနက် ၃း၀၀(၃၁-၈-၁၅)**

လီဗန်တေးဟာ အဖွင့်ပွဲစဉ်မှာ အိမ်ကွင်းမှာကစားရပါလျက် ဆဲလ်လာဗီဂိုကိုတောင် ရှုံးခဲ့ရတယ်။ အထူးသဖြင့် လီဗန်တေးရဲ့ ခံစစ်ကစားပုံက ကောင်းမွန်မှုမရှိသလို အဝေးကွင်းပွဲစဉ်တွေမှာဆိုရင်လည်း ခြေစွမ်းက ကျဆင်းတတ်တာကြောင့် လယ်ပဲမက်စ်ရဲ့ တံ့ပြန်မှုကို ခံရနိုင်တယ်။ လက်ပဲလ်မက်သရေလောက် အနိမ့်ဆုံးရမယ်။

**ဂီတာဖေး-ဂရန်နာဒါ　　နံနက် ၃း၀၀(၃၁-၈-၁၅)**

ဂီတာဖေးဟာ အဖွင့်မှာ အက်စ်ပန်ညိုကို ရှုံးနိမ့်ခဲ့တာမှန်ပေမယ့် အခုအိမ်ကွင်းပွဲမှာ နိုင်ပွဲရဖို့ အားစိုက်လာမှာသေချာသလို အိမ်ကွင်းပွဲတွေမှာလည်း ကစားပုံပိုကောင်းတတ်တယ်။ ဒါကြောင့် ဒီပွဲမှာတော့ ဂီတာဖေးအနေနဲ့ ခြေစွမ်းသာမန်သာရှိတဲ့ ဂရန်နာဒါကို ဖိအားပေးသွားနိုင်မှာပါ။ ဂီတာဖေးနိုင်ပွဲရသွားဖို့ရှိတယ်။

**ရှိုင်းမင်းမင်း**

# ပုသိမ်-ငွေဆောင်လမ်းတွင် ဆိုင်ကယ်သုံးစီး ဆင့်တိုက်မှုဖြစ် ဆိုင်ကယ်စီးလာသူများ သေဆုံးဒဏ်ရာများရရှိ

**ငွေဆောင် ဩဂုတ် ၂၈**

ပုသိမ်ခရိုင် ငွေဆောင်မြို့တွင် ဩဂုတ်၂၆ ရက် ညနေ ၅ နာရီက ဦးထွန်းမင်းသူ မောင်းနှင်ပြီး ဦးကိုကိုနိုင်လိုက်ပါလာသည့် ဆိုင်ကယ်သည် မဒေါ့ကုန်းကျေးရွာအုပ်စု မိုင်တိုင်အမှတ် (၁၇/၆) နှင့် (၁၇/၇) အကြားသို့အရောက် ပုသိမ်မှ ငွေဆောင်သို့ ဒေါ်လှညွန့် လိုက်ပါပြီး ဦးမိုးကျော်ဇင် မောင်းနှင်သည့် ၃၃ယ/---- ကန်ဘိုဆိုင်ကယ်အား ကျော်တက်ရာ ၎င်းလမ်းအတိုင်း မြတ်သူဝင်း မောင်းနှင်ပြီး ဦးဇေယျာမင်းနှင့်ဒေါ်အိအိဝင်း တို့လိုက်ပါလာသော ၁၆ယ/--- လော်ဂျားဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင် တိုက်မိပြီး ဦးထွန်းမင်းသူ မောင်းနှင်လာသော ဆိုင်ကယ်နှင့် ထပ်မံတိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဦးမြတ်သူဝင်းနှင့် ဦးကိုကိုနိုင်တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ဒေါ်လှညွန့်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် ဦးမိုးကျော်ဇင်၊ ဦးမြတ်သူဝင်း၊ ဦးထွန်းမင်းသူတို့အား သလပ်ခွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အေးငြိမ်းသူ(ပြန်/ဆက်)**



# စိတ်ကြွရူးသွပ်ဆေးပြားနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ ရက်က နယ်မြေခံတပ်မှ ကွတ်ခိုင်မြို့နယ် နမ့်ဖာတီးကျေးရွာအတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် နမ့်ဖာတီးကျေးရွာနေ လောင်စီး၏ နေအိမ်ကိုရှာဖွေရာ လက်နက်မျိုးစုံ ခုနစ်လက်၊ လေသေနတ် သုံးလက်၊ ကျည်အိမ်တစ်ခု၊ ရှေ့ထွက်မိုင်းတစ်လုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြားထုပ်များကိုပါ သိမ်းဆည်းရမိသဖြင့် လောင်စီး (၃၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# မြိုင်မြို့နယ်တွင် ပျဉ်းကတိုးသစ်ခွဲသားများ သိမ်းဆည်းရမိ

**မြိုင် ဩဂုတ် ၂၈**

ပခုက္ကူခရိုင် မြိုင်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့်အဖွဲ့၊ ဗဟင်းနယ်မြေ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် တရားမဝင်သစ်များ သယ်ဆောင်နေကြောင်း သတင်းအရ ဩဂုတ်၂၄ရက် နံနက် ၁ နာရီက မြိုင်မြို့နယ် ခင်အေးရွာ မြိုင်ကားလမ်းပေါ်တွင် စောင့်ဆိုင်းနေစဉ် ကျော်ကျေးရွာမှ မြိုင်မြို့သို့ မြိုင်မြို့နယ် ကျော်ကျေးရွာနေသူ ကျော်ဆွေမြင့် (၄၉)နှစ် မောင်းနှင်လာသော ဟီးနိုးခြောက်ဘီးယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် ပျဉ်းကတိုးသစ်ခွဲသား ၈၇ချောင်း (၅ ဒသမ ၇၀၇ တန်)အား သိမ်းဆည်းရမိပြီး သစ်ပိုင်ရှင်များမှာ မြိုင်မြို့နယ် ဆင်စွယ်ကျေးရွာနေသူ မင်းကိုဦး၊ မြိုင်မြို့နယ် ငါးဝင်(မြောက်)ကျေးရွာနေသူ ဌေးနိုင် (၂၀)နှစ်နှင့် ပုလဲမြို့နယ် နတ်ထိပ်ကျေးရွာနေသူ စန်းလွင်(၄၀)နှစ်တို့ဖြစ်ကြောင်း သိရ၍ ကျော်ဆွေမြင့်ပါ လေးဦးအား မြိုင်မြို့နယ် ဗဟင်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူမှုန့်များသိမ်းဆည်းရမိ

**တာချီလိတ် ဩဂုတ် ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်ကျော်စွာထွန်း ဦးစီးအဖွဲ့သည် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်ရှိ မတိုးတိုးဦး(ခ)အီတိုး နေထိုင်သော နေအိမ်ခန်းအား ရှာဖွေရာ မတိုးတိုးဦးနှင့်အတူ စိုင်းဆိုင်ဖူးအား နေအိမ်ခန်းအတွင်း တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွဆေးပြား ၁၀၈ ပြား (အလေးချိန် ၁၀ ဒသမ ၈ ဂရမ်)နှင့် ဘိန်းဖြူမှုန့် ၁၇ ဘူး (အလေးချိန် ၁၇ ဂရမ်)အား လည်းကောင်း၊ စိုင်းဆိုင်ဖူးထံမှ စိတ်ကြွဆေးပြားတစ်ပြား (အလေးချိန် သုည ဒသမ ၁ ဂရမ်)အား တွေ့ရှိ သိမ်းဆည်းခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က ကျောက်တောင်ရွာရှိ အားတူ ငှားရမ်းနေထိုင်သော နေအိမ်အား ရှာဖွေရာ အားတူနှင့်အတူ အားတီနှင့် အားငွေ့တို့အား နေအိမ်ခန်းအတွင်း တွေ့ရပြီး ဆက်လက်ရှာဖွေရာ အားတူလွယ်ထားသော လွယ်အိတ်အတွင်းမှ ဘိန်းဖြူမှုန့် အလေးချိန် တစ်ဂရမ်ပါ တစ်ဘူးနှင့် အအေးစုပ်ပိုက်တပ် ၂၁ ချောင်းအတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် သုည ဒသမ ၄ ဂရမ်အား လည်းကောင်း၊ အအေးစုပ်ပိုက်ငယ်နှစ်ချောင်းဖြင့် ထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် သုည ဒသမ ၁ ဂရမ်နှင့် စိတ်ကြွဆေးပြား တစ်ပြား (အလေးချိန် သုည ဒသမ ၁ ဂရမ်)နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပိုက်တပ်လျက်ကော်ဘူး တစ်ဘူး၊ ခဲပြားအပိုင်း သုံးခု၊ ဂက်စ်မီးခြစ်တစ်လုံးတို့အား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(၁၁၁)**

# ရန်ဖြစ်ပြီး ဓားဖြင့်ခုတ်၍ အစ်ကိုဖြစ်သူသေဆုံး

**စေတုတ္တရာ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ချိကျေးရွာတွင် ဩဂုတ် ၂၆ ရက် နံနက် ၁၀နာရီ ၄၅မိနစ်ခန့်က အရက်အတူသောက်ရာမှ ညီအစ်ကိုချင်းစကားများရန်ဖြစ်ရာ ညီဖြစ်သူက ဓားဖြင့်ခုတ်၍ အစ်ကိုဖြစ်သူ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စေတုတ္တရာမြို့နယ် ချိကျေးရွာနေ ဦးအောင် (၆၀)နှစ်နှင့် ၎င်း၏သားများဖြစ်သော ခင်မောင်ဝင်း(၃၃)နှစ်၊ မောင်မုန်း (ခ) ခင်မောင်လင်း(၃၁)နှစ်နှင့် တစ်ရွာတည်းနေ ကိုမြင့်လွင် (၄၃)နှစ်တို့ လေးဦးသည် နေအိမ်တွင်အရက်အတူသောက်ရာမှ ခင်မောင်ဝင်းနှင့် ညီဖြစ်သူ ခင်မောင်လင်းတို့ စကားများရန်ဖြစ်ပြီး ခင်မောင်ဝင်းက ခင်မောင်လင်းအား အရက်ပုလင်းဖြင့်ရိုက်ရာ ခင်မောင်လင်း၏ ဝဲပါးရိုးပေါ်တွင် ပေါက်ပြဲဒဏ်ရာရရှိသွားသဖြင့် ညီအစ်ကိုချင်းထိုးကြိတ်ကြရာမှ ခင်မောင်လင်းက ဓားမအားဆွဲယူ၍ အကိုဖြစ်သူ ခင်မောင်ဝင်းအားခုတ်သဖြင့် လည်ပင်းတွင်ဒဏ်ရာရရှိပြီး သေဆုံးသွားသောကြောင့် ခင်မောင်လင်းအား စေတုတ္တရာမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# စိတ်ဝေဒနာရှင်တစ်ဦး ရေနစ်သေဆုံး

**ရန်ကုန် ဩဂုတ် ၂၈**

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ရပ်ကွက် မြကန်သာကျောင်းလမ်းဘေး ရေကန်ထဲတွင် ဩဂုတ် ၂၄ ရက်က အမျိုးသားတစ်ဦး ရေနစ်သေဆုံးကြောင်း သိရသည်။

သေဆုံးသူမှာ မာန်လျှန်ခိုင် (၂၉) နှစ်ဖြစ်ပြီး စိတ်ဝေဒနာရှင်တစ်ဦးဖြစ်ကြောင်း၊ ဩဂုတ် ၁၅ ရက်က နေအိမ်မှ ပျောက်ဆုံးသွားပြီး ယင်းရေကန်အတွင်း ရေနစ်သေဆုံးကြောင်း သိရသဖြင့် အင်းစိန်မြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

**(မြင့်ဦး-အင်းစိန်)**

# အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံး

**မကွေး ဩဂုတ် ၂၈**

မကွေးခရိုင် မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာအနီးတွင် ဩဂုတ် ၂၇ ရက်က အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က တောင်တွင်းကြီးမြို့နယ်မှ မြို့သစ်မြို့နယ်သို့ အောင်မျိုးခန့် (၁၉)နှစ် ကျောင်းကုန်းရွာ မြို့သစ်မြို့နယ်နေသူသည် မောင်းနှင်လာသော ၄၂ယ/.... YUBAO 125 ဆိုင်ကယ်နောက်တွင် မသဲရွှေရည်နှင်း (ခ) သဲသဲ (၂၀) နှစ်အား တင်ဆောင်၍ တောင်တွင်းကြီး-မြို့သစ်ကားလမ်းအတိုင်း မောင်းနှင်လာရာ မိုင်တိုင်အမှတ် (၁၃/၀) နှင့် (၁၃/၁) ကြား အရောက် မသဲရွှေရည်နှင်းမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျခဲ့ပြီး ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာ၊ ပွန်းပဲ့ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်းသိရသဖြင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား မြို့သစ်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကြေးမုံ)**

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**




## မြန်မာဂေါက်သီးရိုက်အသင်း
## Club House စားသောက်ဆိုင်အတွက်တင်ဒါခေါ်ယူခြင်း


၁။ မြန်မာဂေါက်သီးရိုက်အသင်း၏ အသင်းပိုင် Club House စားသောက်ဆိုင်အား စားသောက်ဆိုင်လုပ်ငန်း လက်ရှိလုပ်ကိုင်နေသည့် အတွေ့အကြုံရှိ နိုင်ငံသားလုပ်ငန်းရှင်များထံမှ ချိပ်ပိတ်တင်ဒါပေးသွင်းရန် အဆိုပြုလွှာရှင်များ ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များပါသော တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စောင်လျှင် ကျပ် ၂၀၀၀၀/-နှုန်းဖြင့် မြန်မာဂေါက်သီးရိုက်အသင်း၊ မန်နေဂျာ(စီမံ)ရုံးတွင် ၁-၉-၂၀၁၅ရက်မှ စတင်ရောင်းချမည်ဖြစ်၍ ချိပ်ပိတ်တင်ဒါများကို ၁၅-၉-၂၀၁၅ရက် ညနေ ၃း၀၀နာရီတိတိ နောက်ဆုံးထားပြီး တင်သွင်းရမည်။

၃။ တင်ဒါတင်သွင်းသူသည် အာမခံကြေး ကျပ် သိန်းသုံးဆယ်တိတိကို KBZ Bank (9 MILE BRANCH)တွင် မြန်မာဂေါက်သီးရိုက်အသင်း၏ Call Deposit A/C No.23450323400003801သို့ ပေးသွင်း၍ ငွေသွင်းပြေစာ(မိတ္တူ)အား တင်ဒါပုံစံနှင့်အတူ ပေးသွင်းရမည်ဖြစ်သည်။ တင်ဒါရွေးချယ်ရေးအဖွဲ့မှ စိစစ်ပြီး (၁)ပတ်အတွင်း တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ ရွေးချယ်ခံရပြီး(၁)လအတွင်း လုပ်ငန်းမဆောင်ရွက်နိုင်ပါက ကော်မတီမှ သတ်မှတ်သောဒဏ်ကြေးပေးဆောင်ရမည်ဖြစ်သည်။

**အလုပ်အမှုဆောင်အဖွဲ့**
**၉ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၆၁၂၉၉၄၊ ၆၆၅၅၃၁၊ ၆၅၂၀၈၂**



# ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၈။)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **ကိုးကွယ်ရာဘာသာ**ဆိုသည်မှာ သူတစ်ဦးက မိမိယုံကြည်ရာအလိုက် ကိုးကွယ်သော ဘာသာကို ဆိုသည်။
(ခ) **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်း**ဆိုသည်မှာ သူတစ်ဦးက မိမိ၏ ယုံကြည်ရာအလိုက် ကိုးကွယ်လျက်ရှိသော ဘာသာကိုစွန့်လွှတ်၍ အခြားကိုးကွယ်ရာဘာသာသို့ လွတ်လပ်သော သဘောဆန္ဒဖြင့် ကူးပြောင်းကိုးကွယ်ခြင်းကို ဆိုသည်။
(ဂ) **ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ**ဆိုသည်မှာ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုနိုင်ရန် မှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားသူကို ဆိုသည်။
(ဃ) **မှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဆိုသည်။
(င) **မှတ်ပုံတင်ရေးအဖွဲ့ရုံး** ဆိုသည်မှာ မှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဤဥပဒေတွင် သတ်မှတ်ထားသော ဌာနကို ဆိုသည်။
(စ) **သက်သေခံလက်မှတ်**ဆိုသည်မှာ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ်ကို ဆိုသည်။

**အခန်း (၂)**
**မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်**
**ကိုးကွယ်ရာဘာသာကူးပြောင်းရန် လျှောက်ထားခြင်း**

၃။ (က) မြို့နယ်အသီးသီးတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဖွဲ့စည်းသည်-

| | | |
|---|---|---|
| (၁) | မြို့နယ်သာသနာရေးမှူး မြို့နယ်သာသနာရေးမှူးရုံး၊ | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ရွေးချယ်တင်ပြသည့် ငါးဦးထက်မပိုသော မြို့မိမြို့ဖများအနက်မှ မိမိတို့အချင်းချင်း ညှိနှိုင်းရွေးချယ်သူတစ်ဦး၊ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဥက္ကဋ္ဌတာဝန်ပေးအပ်ခြင်း မခံရသည့် သက်ဆိုင်ရာကိုးကွယ်ရာ ဘာသာအလိုက် ရွေးချယ်တင်ပြသည့် လေးဦးထက်မပိုသော မြို့မိမြို့ဖများ၊ | အဖွဲ့ဝင်များ |
| (၄) | မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ | အဖွဲ့ဝင် |
| (၆) | ကိုယ်စားလှယ်တစ်ဦး၊ မြို့နယ်အဆင့် ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ | အဖွဲ့ဝင် |
| (၇) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂) နှင့် (၃) ပါဒုတိယဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်သည့်အခါဖြစ်စေ၊ အစားထိုး ရွေးချယ်ရန်အကြောင်း ပေါ်ပေါက်သည့်အခါဖြစ်စေ လစ်လပ်သည့်အဖွဲ့ဝင်ကို သက်ဆိုင်ရာကိုးကွယ်ရာဘာသာအလိုက် သတ်မှတ်ချက်နှင့်အညီ ပြန်လည်ရွေးချယ် တင်ပြရမည်။

၄။ မည်သူမဆို-
(က) မိမိကိုးကွယ်ရာဘာသာမှ အခြားကိုးကွယ်ရာဘာသာသို့ ဖြစ်စေ၊ ဘာသာမဲ့အဖြစ်မှ ကိုးကွယ်ရာဘာသာ တစ်ခုသို့ဖြစ်စေ၊ ကိုးကွယ်ရာဘာသာတစ်ခုခုမှ ဘာသာမဲ့အဖြစ်သို့ ဖြစ်စေ မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကူးပြောင်းခွင့်ရှိသည်။
(ခ) ကူးပြောင်းကိုးကွယ်ခွင့်ရရှိထားသည့် ကိုးကွယ်ရာဘာသာမှ မူလမိမိကိုးကွယ်ရာ ဘာသာသို့ဖြစ်စေ၊ အခြားဘာသာသို့ဖြစ်စေ ကူးပြောင်းကိုးကွယ်ခွင့်ရှိသည်။

၅။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည်-
(က) အသက် ၁၈ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။
(ခ) မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကိုးကွယ်ရာဘာသာကူးပြောင်းလိုခြင်း ဖြစ်ရမည်။
(ဂ) မိမိနှင့်သက်ဆိုင်သည့် အောက်ပါအချက်များ ဖော်ပြထားသော လျှောက်လွှာကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ရုံးသို့တင်ပြရမည်-
(၁) အမည်၊
(၂) အသက်နှင့် မွေးသက္ကရာဇ်၊
(၃) ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစားနှင့်အမှတ်၊
(၄) မွေးဖွားရာအရပ်၊
(၅) နေရပ်လိပ်စာ၊
(၆) ဖခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊
(၇) မိခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊
(၈) ဇနီး သို့မဟုတ် ခင်ပွန်းရှိလျှင် ၎င်း၏ အမည်နှင့်ကိုးကွယ်ရာဘာသာ၊
(၉) လက်ရှိကိုးကွယ်ရာဘာသာ၊
(၁၀) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၊
(၁၁) ယခင်က ကိုးကွယ်ရာဘာသာကူးပြောင်းခဲ့ဖူးခြင်း ရှိ၊ မရှိ၊ ရှိလျှင်လျှောက်ထားခဲ့သည့် မြို့နယ်နှင့် သက်သေခံလက်မှတ်အမှတ်၊
(၁၂) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသည့် အကြောင်းရင်း သို့မဟုတ် ဘာသာမဲ့အဖြစ်သို့ ကူးပြောင်းလိုသည့် အကြောင်းရင်း။

၆။ မှတ်ပုံတင်ရေးအဖွဲ့ရုံးသည် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူက ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ)အရ တင်ပြသည့် လျှောက်လွှာကို လက်ခံရရှိသည့်အခါ-
(က) လျှောက်လွှာတွင် အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ၊ မရှိ စိစစ်ရမည်။
(ခ) လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံခြင်းမရှိပါက လိုအပ်ချက်ကိုရှင်းပြ၍ ဖြည့်စွက်တင်ပြစေရမည်။
(ဂ) လျှောက်လွှာတွင် အချက်အလက်ပြည့်စုံစွာ ဖော်ပြထားကြောင်း စိစစ်တွေ့ရှိလျှင် မှတ်ပုံတင်စာရင်း ရေးသွင်းပြီး အမှုတွဲဖွင့်လှစ်ရမည်။
(ဃ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား မှတ်ပုံတင်ရေးအဖွဲ့နှင့် တွေ့ဆုံမေးမြန်းနိုင်ရေးအတွက် လျှောက်လွှာလက်ခံရရှိသည့် နေ့ရက်၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း သင့်လျော်သည့် နေ့ရက်ကို ချိန်းဆိုရမည်။
(င) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ၏ နေရပ်သည် မှတ်ပုံတင်ရေးအဖွဲ့ရုံး တည်ရှိရာနေရာနှင့် ဝေးကွာသောနေရာ သို့မဟုတ် သွားလာရေးခက်ခဲသော နေရာဖြစ်ပါက မှတ်ပုံတင်ရေးအဖွဲ့သို့ ချက်ချင်းတင်ပြ၍ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား အမြန်ဆုံး တွေ့ဆုံမေးမြန်းနိုင်ရန် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

**အခန်း (၃)**
**သက်သေခံလက်မှတ်ထုတ်ပေးခြင်း**

၇။ မှတ်ပုံတင်ရေးအဖွဲ့သည်-
(က) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရာတွင် ပုဒ်မ ၃ ပါမှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင်အားလုံးအနက်မှကူးပြောင်းသည့် ဘာသာများနှင့်သက်ဆိုင်သည့် မြို့မိမြို့ဖ နှစ်ဦး အပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော် ပါဝင်သောအဖွဲ့ဖြင့် ဆောင်ရွက်ရမည်။
( ခ )လွတ်လပ်သော သဘောဆန္ဒအရ လျှောက်ထားခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရမည်။
(ဂ) ပုဒ်မခွဲ (ခ) အရ တွေ့ဆုံမေးမြန်းရာတွင် သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်းနှင့် အနိုင်အထက်ပြုခြင်း သို့မဟုတ် ယင်းသို့သဘောသက်ရောက်သော အပြောအဆို၊ အပြုအမူတို့ကို ရှောင်ကြဉ်ရမည်။
(ဃ) ပုဒ်မခွဲ (ခ)အရ တွေ့ဆုံမေးမြန်းသိရှိချက်ကို မှတ်တမ်းတင်ပြီး အောက်ပါအချက်များကို ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက လေ့လာနိုင်ရေးအတွက် လျှောက်ထားသည့်နေ့မှ ရက်ပေါင်း ၉၀ ထက်မပိုသော ကာလကို သတ်မှတ်ပေးရမည်-
(၁) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ အခြေခံသဘော၊
(၂) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခန်းခွဲဝေခြင်းဆိုင်ရာဓလေ့ထုံးတမ်းများ၊
(၃) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ အမွေဆက်ခံခြင်းနှင့် သားသမီး အုပ်ထိန်းခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းများ။
(င) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ကာလကို တိုးမြှင့်ပေးရန် တောင်းဆိုလျှင် ယင်းပုဒ်မခွဲပါ ကာလကုန်ဆုံးသည့်နေ့ရက်မှ နောက်ထပ် ရက်ပေါင်း ၉၀ ထက် မပိုသော ကာလအထိ တိုးမြှင့်ပေးနိုင်သည်။
(စ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက တောင်းဆိုလျှင် ကူးပြောင်းရန် လျှောက်ထားသည့် ကိုးကွယ်ရာဘာသာနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (ဃ) ပါအချက်များကို နှံ့စပ်သူ၊ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။
(ဆ) ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ရက် သို့မဟုတ် ပုဒ်မခွဲ (င) အရ တိုးမြှင့်ပေးသည့် ရက်ပြည့်သည့် အချိန်တွင် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူကို ထပ်မံတွေ့ဆုံပြီး ဆွေးနွေးရာ၌ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက-
(၁) ကိုးကွယ်ရာဘာသာကူးပြောင်းရန် ဆန္ဒရှိကြောင်း တင်ပြလျှင် သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ရေးသားမှတ်တမ်းတင်ပြီး ထိုသူအား ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ် ထုတ်ပေးရမည်။
(၂) ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရန် ဆန္ဒမရှိတော့ကြောင်း တင်ပြလျှင် ယင်း၏ တင်ပြချက်ကို သာသနာရေး ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ရေးသားမှတ်တမ်း တင်ပြီး ကိုးကွယ်ရာဘာသာ ကူးပြောင်းရန် လျှောက်လွှာကို သိမ်းဆည်းထားရမည်။
(ဇ) ပုဒ်မခွဲ (ဆ) အရ ဆောင်ရွက်ရာတွင် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူ၏ဆန္ဒကို ယင်းကိုယ်တိုင်စာဖြင့် ရေးသားလက်မှတ်ရေးထိုးစေရမည်။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် ကိုယ်တိုင်စာရေးသားနိုင်ခြင်းမရှိပါက မှတ်ပုံတင်ရေးအဖွဲ့က ရေးသား၍ ပြန်လည်ဖတ်ပြပြီး ယင်းအား လက်မှတ်ရေးထိုးစေခြင်း သို့မဟုတ် လက်ဗွေခတ်နှိပ်စေခြင်းပြုရမည်။

၈။ မှတ်ပုံတင်ရေးအဖွဲ့သည်-
(က) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် (င) အရ သတ်မှတ်ရက်အတွင်း ပြန်လည်သတင်းပို့ခြင်း မရှိလျှင် ယင်းထံစာဖြင့် နှိုးဆော်အကြောင်းကြားရမည်။
(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားသော်လည်း သတင်းပို့ရန် ဆက်လက်ပျက်ကွက်နေပါက လျှောက်ထားသူအား သက်သေခံလက်မှတ်ထုတ်ပေးရခြင်း မရှိကြောင်း သက်ဆိုင်ရာ အမှုတွဲတွင် မှတ်တမ်းတင်ရမည်။

၉။ မှတ်ပုံတင်ရေးအဖွဲ့သည် အောက်ပါအကြောင်းတစ်ခုခုကြောင့် မှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူ ကိုယ်တိုင်လာရောက်ခြင်းမပြုနိုင်လျှင်သော်လည်းကောင်း၊ ဆောလျင်စွာ ဆောင်ရွက်ရန် ခိုင်လုံသောအကြောင်း ပေါ်ပေါက်လျှင်သော်လည်းကောင်း ပုဒ်မ ၇ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်ပြီး သက်သေခံလက်မှတ် ထုတ်ပေးနိုင်သည်-
(က) အသက်အရွယ် ကြီးရင့်ပြီး သွားလာရန်ခက်ခဲခြင်း၊
(ခ) ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရခြင်း၊
(ဂ) မသန်စွမ်းဖြစ်ခြင်း။

၁၀။ မှတ်ပုံတင်ရေးအဖွဲ့သည်-
(က) ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ် (၁) အရ သက်သေခံလက်မှတ် ထုတ်ပေးသည့်အခါ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုသူနှင့် ပတ်သက်သော အောက်ပါအချက်များကိုဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ သတ်မှတ်ထားသည့်ပုံစံဖြင့် တင်ပြရမည်-
(၁) အမည်၊
(၂) ဖခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊
(၃) ကိုင်ဆောင်သည့် မှတ်ပုံတင်လက်မှတ်အမှတ်၊
(၄) နေရပ်လိပ်စာ၊
(၅) မူလကိုးကွယ်ရာဘာသာ၊
(၆) ကူးပြောင်းခွင့်ပြုသည့် ကိုးကွယ်ရာဘာသာနှင့် သက်သေခံလက်မှတ် ထုတ်ပေးသည့်ရက်စွဲ။
(ခ) တစ်စုံတစ်ဦး၏ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းကြောင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်း-
(၁) လျှောက်ထားသူကိုယ်တိုင်၏ တင်ပြချက်အရသိရှိရလျှင် သက်သေခံလက်မှတ် ထုတ်ပေးခြင်းမပြုဘဲ မှတ်တမ်းတင်ထားရှိရမည်။
(၂) လျှောက်ထားသူ ကိုယ်တိုင်က တင်ပြခြင်းမပြုသော်လည်း တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိရသော် စိစစ်တွေ့ရှိချက်ကို လျှောက်ထားသူအား အသိပေးမေးမြန်းပြီး လျှောက်ထားသူက ကိုးကွယ်ရာဘာသာ ကူးပြောင်းရန် ဆန္ဒရှိကြောင်း ထပ်မံ အတည်ပြုပါက အကြောင်းအရာ၊ အချက်အလက်များကို မှတ်တမ်းတင်၍သက်သေခံလက်မှတ် ထုတ်ပေးရမည်။
(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ သတ်မှတ်ထားသည့်ပုံစံဖြင့်တင်ပြရမည်။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

၁၁။ မှတ်ပုံတင်ရေးအဖွဲ့က သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီး သက်သေခံလက်မှတ် ထုတ်ပေးသည့်နေ့ရက်မှစ၍ ကိုးကွယ်ရာဘာသာ ကူးပြောင်းခွင့်ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ ကိုးကွယ်ရာဘာသာကူးပြောင်းသူသည် သက်သေခံလက်မှတ်ရရှိသည့်အခါ -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းကို ကူးပြောင်းသည့် ကိုးကွယ်ရာဘာသာ၏ ဓလေ့ထုံးတမ်းနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါအတိုင်း ဆောင်ရွက်ပြီး ကိုးကွယ်ရာဘာသာပြောင်းလဲ မှတ်တမ်းတင်နိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ ယင်းသက်သေခံလက်မှတ်မိတ္တူနှင့်အတူ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၃။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် သက်သေခံလက်မှတ်ရရှိပြီးနောက် အချိန်ကာလတစ်ခုတွင် ထပ်မံ၍ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုလျှင် ယင်းသက်သေခံလက်မှတ်ကို မှတ်ပုံတင်ရေးအဖွဲ့သို့ ပြန်လည်အပ်နှံရမည်။

**အခန်း (၄)**
**တားမြစ်ချက်**

၁၄။ မည်သူမျှ မည်သည့်ဘာသာသာသနာကိုမဆို စော်ကားရန်၊ အကြည်ညိုပျက်စေရန် သို့မဟုတ် တလွဲအသုံးပြုရန် အကြံဖြင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းမပြုရ။

၁၅။ မည်သူမျှ သူတစ်ဦးတစ်ယောက်ကို ကိုးကွယ်ရာဘာသာကူးပြောင်းရန် ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်း မပြုရ။

၁၆။ မည်သူမျှ ကိုးကွယ်ရာဘာသာကူးပြောင်းနိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်၏ ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းကို ဟန့်တားခြင်း၊ ပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

**အခန်း (၅)**
**ပြစ်ဒဏ်**

၁၇။ မည်သူမဆို ပုဒ်မ ၁၄ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်နှစ်သိန်း ထက်မပိုသော ငွေဒဏ်လည်းချမှတ်နိုင်သည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၅ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသောထောင်ဒဏ် ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က ယင်းပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် မူရင်းပြဋ္ဌာန်းသော အမြင့်ဆုံး ထောင်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

**အခန်း (၆)**
**အထွေထွေ**

၂၁။ မှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စအဝဝကို သက်ဆိုင်ရာမြို့နယ် သာသနာရေးမှူးရုံးက ဆောင်ရွက်ရမည်။ မြို့နယ်သာသနာရေးမှူးရုံးမရှိပါက မြို့နယ်သာသနာရေးမှူး၏ တာဝန်ကို ပူးတွဲထမ်းဆောင်သော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၂၂။ မှတ်ပုံတင်ရေးအဖွဲ့သည် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ အမှုတွဲနှင့် မှတ်တမ်းများကို လုံခြုံစွာထိန်းသိမ်းထားရှိရမည်။

၂၃။ (က) ပြည်ပရှိ မြန်မာနိုင်ငံသားများသည် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုပါက သက်ဆိုင်ရာ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်းကောင်း၊ မိမိနေထိုင်သည့် နိုင်ငံတွင် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မရှိပါက အနီးဆုံးနိုင်ငံရှိ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံးအရာရှိနှင့် ကောင်စစ်ဝန်တို့သည် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူက ပုဒ်မခွဲ (က) အရ ဆက်သွယ်ပါက ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) မှ (ဇ) အထိ၊ ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၂၂ တို့ပါ ကိစ္စရပ်များကို လိုအပ်သလို ဆောင်ရွက်ရမည်။

၂၄။ သက်ဆိုင်ရာကိုးကွယ်ရာဘာသာအရ ဆောင်ရွက်သော သာသနာပြုလုပ်ငန်းများသည် ပုဒ်မ ၁၅ ပါသွေးဆောင်ခြင်းဆိုသည့် စကားရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၅။ ဤဥပဒေအရကိုးကွယ်ရာဘာသာကူးပြောင်းခြင်းသည် နိုင်ငံသားဖြစ်မှုနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၆။ ပြည်သူ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ရေးအဖွဲ့ဝင်များသည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၇။ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရသာ ဆောင်ရွက်ရမည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သာသနာရေးဝန်ကြီးဌာနနှင့် သာသနာရေးဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ**
**ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၉ ။)**
**၁၃၇၇ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၂၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ **ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၀ တွင် ပါရှိသော **“နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ”** ဆိုသည့်စကားရပ်ကို **“ပြည်ထောင်စုလွှတ်တော်”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

လက်ကမ်းဖေးကူ သဒ္ဓါဖြူ ချယ်ရီဦးနှင့်လှူ
ချယ်ရီဦး တွင်နာရီဝယ်ယူရင်း ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းနိုင်မည့် အခွင့်အရေး…
LET'S SAVE OUR PEOPLE
ချယ်ရီဦး နာရီဆိုင်များတွင် (၁၅.၈.၂၀၁၅ မှ ၃၀.၉.၂၀၁၅) အတွင်း ရောင်းရငွေများမှ (၃%) ကို ဖယ်ရှား၍ ရေဘေးသင့်ပြည်သူများအတွက်
ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များတွင် ချယ်ရီဦး Customer များ၏အလှူအနေဖြင့် လှူဒါန်းပေးသွားမည်ဖြစ်ပါသည်။
ချယ်ရီဦး Customer များ၏ ရေဘေးသင့်ပြည်သူများအတွက် အလှူကို သတင်းမီဒီယာများမှ အတိအလင်း ဖော်ပြပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
CHERRY OO : 01 381751, 01 375491, 09 73145658, 02 72992 .
www.cherryoo.com
cherryoowatchgallery

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ၂၃၀ကေဗွီ အသုတ်-ပုသိမ် ဓာတ်အားလိုင်းတွင် OPGW Joint Box တပ်ဆင်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၈-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၁-၉-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉

**မြေကွက်ရောင်းမည်**
ဒဂုံမြို့သစ်၊ ပေ(၄၀ × ၆၀)
၆၉ သိန်း(ပွဲစားလုံးဝမလိုပါ)
(ပိုင်ဆိုင်မှုအလွန်ကောင်း)
ဖုန်း-၀၉-၇၉၉၉၉၀၆၂၃၇

**ပါမစ်မူရင်းပျောက်ဆုံးကြောင်း**
Tha Pyay Nyo Services Co.,Ltd မှ (27-4-2015) ရက်စွဲပါ ကားသွင်းကုန်ပါမစ်အမှတ် (ILV 15-16 0171)(6) Items Only USD 45000 ကားအစီးရေ ၆ စီး တန်ဖိုးရှိ ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဒေါ်အေးမြလွင်[၉/မရမ(နိုင်)၀၀၀၉၄၆] အဖဦးအုံးလွင်(အမှတ်-B-2၊ သစ္စာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်)နှင့် ဦးကြူဇင်[၁၂/ရကန(နိုင်)၀၀၂၂၃၀] အဖဦးသိန်းအောင်(အမှတ်-၂၇/၇၂/ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့)။ (အမှတ်-၅၉၅၇၊ ရွှေစံပယ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်)တို့နှင့် အများသိစေရန်**

နေပြည်တော် ဘောဂသီရိကားဝင်း၊ စည်ပင်အခွန်ဌာန၊ လူနေဆိုင်ခန်းအမှတ်(ပ-၂၀၆)၊ အကျယ်ပေ(၂၀×၆၀)ကို ၂-၁၁-၂၀၁၁ ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်စာချုပ်ဖြင့် အသိသက်သေ ဦးကြူဇင်နှင့် ဒေါ်တူးပါဝင်စေပြီး ဒေါ်အေးမြလွင်က ကျပ်သိန်း(၅၅၀)ဖြင့် ရောင်းချရာ ဦးသက်ဦးက လက်ရောက်ဝယ်ယူခဲ့ပြီးနောက်တွင် ဦးသက်ဦး၏ အမည်ပေါက်ဆောင်ရွက်ပေးရန် တာဝန်ရှိ၍ ဆောင်ရွက်ပေးမည်ဟု ဆိုပြီး စာချုပ်စာရွက်စာတမ်းများကို ယုံကြည်အပ်နှံစေလျက် ဒေါ်အေးမြလွင်နှင့် ဦးကြူဇင်တို့က ရယူသွားခဲ့ကာ ရောင်းချဝယ်ယူပြီးစီးခြင်း ကောင်းစွာသိရှိပါလျက် နေပြည်တော်စည်ပင်ဘဏ်သို့ မမှန်မကန် အာမခံအဖြစ် တင်သွင်းကာ ဘဏ်ချေးငွေကျပ်သိန်း(၄၄၀)ကို ရယူခဲ့ကြ၍ ရှောင်လွှဲနေခဲ့ကြပြီး ဆင့်စာများ ချအပ်မရရှိပါသဖြင့် အထက်ပါကိစ္စနှင့် ဦးကြူဇင်ဆောင်ရွက်ခဲ့သည့် မြေကိစ္စများကို ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း နောက်ဆုံးထားလျက် ကျွန်ုပ်တို့၏ထံမှတစ်ဆင့်ဖြစ်စေ၊ ဦးသက်ဦးထံသို့ မပျက်မကွက် တွေ့ဆုံရှင်းလင်းပါရန်နှင့် ပျက်ကွက်ခဲ့ပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးသက်ဦး[၁၃/တကန(နိုင်)၁၄၆၄၉၆] ၊ တိုက်(၄၄)၊ အခန်း(၅၀၂)(၅-လွှာ)(စိန်ဂေဟာအပေါ်ထပ်)ပြည်လမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၏ ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-

ဦးမြသိန်း(ပုဇွန်တောင်) (ဥပဒေဘွဲ့ရ၊ တရားလွှတ်တော်ရှေ့နေ စဉ်-၆၅၁၇)
ဒေါ်စန္ဒာဝင်း(ရွှေပြည်သာ) (LL.B,DBL) (အထက်တန်းရှေ့နေ၊ စဉ်-၂၈၇၇၃)
(ရုံး)အမှတ်-၁၂၉(ဒုတိယထပ်) အနော်ရထာလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း-၀၉၇၃၁၀၇၀၂၈၊ ၀၉၄၂၅၀၁၈၀၀၀)

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

**ယခင်အပတ်မှအဆက်**

**အမြင်နှစ်မျိုးကြားက နောက်ထပ် ခြားနားချက်တွေ**

ဒီမိုကရေစီအပေါ် အထက်-အောက် အမြင်၊ အုပ်ချုပ်သူအမြင်နဲ့ လူထုရဲ့ သာတူညီမျှ အမြင်တွေကြားက ခြားနားချက်တွေကို ဆက်ကြည့်မယ်ဆိုရင် အောက်ပါအတိုင်း တွေ့ရဦးမှာပါ။

(၁) ဒီမိုကရေစီအမျိုးအစားမှာ အထက်-အောက် အုပ်ချုပ်သူအမြင်က ကိုယ်စားလှယ် ရွေးကောက်ပွဲ ဒီမိုကရေစီ၊ ဝကွက်ချန်ရေး ဒီမိုကရေစီဖြစ်ပြီး လူထုရဲ့ သာတူညီမျှ အမြင်မှာတော့ ဒီမိုကရေစီကို အသက်သွင်းခြင်း၊ တစ်နည်းပြောရင် ဘယ်သူ့မှ ချန်မထားတဲ့ ဒီမိုကရေစီ ဖြစ်ပါတယ်။

(၂) အထက်-အောက် အုပ်ချုပ်သူ အမြင်မှာ ဒီမိုကရေစီကိုယ်၌က ဘာတန်ဖိုးမှ မရှိဘူး။ အလုပ်ဖြစ်ရေးအတွက် နည်းလမ်းတစ်ရပ်မျှသာ ဖြစ်တယ်။ လူနည်းစုကို နိုင်ငံရေးအာဏာ အပ်နှင်းဖို့အတွက် နည်းလမ်းတစ်ခုထက် မပိုဘူး။ လူထုရဲ့ သာတူညီမျှအမြင်မှာတော့ ဒီမိုကရေစီဆိုတာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဆုံးဖြတ်ခွင့်ကို ဆိုလိုပြီး တန်ဖိုးရှိတယ်။ ဒီမိုကရေစီဆိုတာ အားလုံးစုပေါင်း လေ့လာဆည်းပူးဖို့၊ နားလည်တတ်ပွန်လာဖို့ စီမံကိန်းပဲ။

(၃) အဓိက ရည်ရွယ်ချက်တွေမှာလည်း ကွာခြားတယ်။ အထက်-အောက် အုပ်ချုပ်သူ အမြင်နဲ့ကျတော့ ရည်ရွယ်ချက်က အာဏာရဖို့ပဲ။ ဒီမိုကရေစီ အခြေခံမှုကို ထံ့ပိုင်း ထံ့ပိုင်းသာ ကျင့်သုံးတယ်။ ဒီမိုကရေစီဟာ အာဏာရဖို့ ကြိုးပမ်းရာက ပေါ်ထွက်လာတဲ့ ဘေးထွက်ပစ္စည်းပဲ။

လူထုရဲ့ သာတူညီမျှ အမြင်မှာတော့ ရည်ရွယ်ချက်က အားလုံးအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (ကိုယ်ပိုင်စီရင်ဆုံးဖြတ် ပိုင်ခွင့်)၊ ဒါမှမဟုတ် အားလုံးအတွက် ညီမျှတဲ့လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်၊ လွတ်လပ်မှုရရှိရေး ဖြစ်ပါတယ်။

(၄) လူ့ဘောင် (နိုင်ငံ) ရဲ့ အမျိုးအစားမှာလည်း ကွဲသွားတယ်။ အထက်-အောက် အုပ်ချုပ်သူ အမြင်နဲ့ဆိုရင် လူ့ဘောင်ဟာ"ကိုယ်ကျိုးပဓာနဝါဒ ဖွဲ့စည်းပုံစနစ်" ဒါမှမဟုတ် အရင်းရှင်စနစ်ပဲ။ လူတွေကို ပြုသမျှ နုမယ့်သူတွေလို ဆက်ဆံတယ်။ လူထုရဲ့ ကြမ္မာကို တခြားသူတွေက ဖန်တီးတယ်။ လွှမ်းမိုးခြယ်လှယ်တယ်။ စားသုံးသူပဓာနဝါဒလည်း ဖြစ်ပါတယ်။

သာတူညီမျှ အမြင်မှာတော့ လူ့ဘောင်(နိုင်ငံ)ဟာ "သာတူညီမျှမှု ဖွဲ့စည်းပုံစနစ်"ဖြစ်ပြီး အရင်းရှင်စနစ် မဟုတ်ဘူး။ လူတွေကို ပြုသူတွေအဖြစ် ဆက်ဆံတယ်။ လူတွေက ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြတယ်။ ကိုယ့်ဘာသာ အုပ်ချုပ်စီမံကြတယ်။ လူတိုင်းအတွက် အနိမ့်ဆုံး အခြေခံဝင်ငွေ ရှိနေကြတယ်။

(၅) လူသားတွေရဲ့ ပုံရိပ်ကိုလည်း မြင်ပုံမတူဘူး။ အထက်-အောက် အုပ်ချုပ်သူ အနေနဲ့မြင်ရင် သာမန်လူတွေဟာ နိုင်ငံရေးအရ အရည်အချင်း မရှိဘူး၊ နလပိန်းတုံး တွေပဲလို့ မြင်ပါတယ်။ သာတူညီမျှအမြင်နဲ့ဆိုရင်တော့ လူတိုင်းဟာ နိုင်ငံရေးအရ အရည်အချင်းရှိတယ်။

(၆) အချုပ်အချာအာဏာနဲ့ ပတ်သက်ရင်ရော။ ဟုတ်ကဲ့-အထက်-အောက် အုပ်ချုပ်သူ အမြင်နဲ့ဆိုရင် အချုပ်အချာအာဏာဟာ နိုင်ငံတော်နဲ့ သက်ဆိုင်တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက အချုပ်အချာ အာဏာပိုင်တွေအဖြစ် ဆောင်ရွက်တယ်။

လူထုရဲ့ သာတူညီမျှ အမြင်မှာတော့ အချုပ်အခြာအာဏာဟာ လူထုနဲ့သာ သက်ဆိုင်တယ်။ (ဗဟုဝါဒလို့ ခေါ်တဲ့ အမြင် မတူ၊ အခြေခံမတူ၊ အုပ်စုမတူသူတွေအားလုံး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်တဲ့ အယူအဆနဲ့) နိုင်ငံသူ နိုင်ငံသားတွေဟာ အချုပ်အချာအာဏာပိုင်တွေအဖြစ် ဆောင်ရွက်ပါတယ်။

(၇) အုပ်ချုပ်သူတို့ရဲ့ အထက်-အောက် အမြင်မှာတော့ အာဏာက အထက်က အောက်ကို သက်ဆင်းတယ်။ လွှမ်းမိုးခြယ်လှယ်မှုပဲ။ အာဏာပြတယ်။ အနိုင့်အထက်လုပ်တယ်။ မူဝါဒရေးရာတွေနဲ့ စပ်လျဉ်းပြီး ဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့်၊ နိုင်ငံရေး အစီအစဉ်ချမှတ်ပိုင်ခွင့်ကို နိုင်ငံရေးသမားတွေက လက်ဝါးကြီး အုပ်ထားတယ်။ ဖိနှိပ်မှု၊ မတရား အမြတ်ထုတ်မှုတွေကို ကြုံတွေ့ရတယ်။ လူထုရဲ့ သာတူညီမျှ အမြင်မှာတော့ အာဏာက အောက်ကနေ အထက်ကို ဆန်ပြီးစီးတယ်။ ဒီမိုကရေစီ ဖြစ်ပါတယ်။ အာဏာကလူတိုင်းနဲ့အတူ ရှိနေတယ်။ အာဏာကို အပ်နှင်းပေးတယ်။ အနိုင့်အထက် မဟုတ်ဘူး။ မူဝါဒရေးရာတွေနဲ့ စပ်လျဉ်းပြီး ဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့်၊ နိုင်ငံရေး အစီအစဉ်ချမှတ်ပိုင်ခွင့်ကို နိုင်ငံသားတွေနဲ့ နိုင်ငံရေးသမားတွေ မျှဝေသုံးစွဲတယ်။ ကိုယ့်သဘောနဲ့ ကိုယ်လုပ်ပိုင်ခွင့်ရှိတာ၊ လွတ်လပ်တာကို ကြုံရတယ်။

(၈) နိုင်ငံတော်ဆိုရာမှာလည်း အုပ်ချုပ်သူရဲ့ အထက်-အောက် အမြင်နဲ့ဆိုရင် အရင်းရှင်ဝါဒနဲ့ နိုင်ငံတော်ဖြစ်ပြီး လူတွေကို အာဏာနဲ့ ပတ်သက်လာရင် ဝကွက်ချန်ထားတာအပေါ်မှာ အခြေခံပါတယ်။ ဆုံးဖြတ်ချက်တွေကို လူနည်းစုကသာ အထက်ကနေ အောက် ချမှတ်တယ်။ အာဏာကို တစ်နေရာတည်းမှာ စုထားပါတယ်။

လူထုရဲ့ သာတူညီမျှ အမြင်မှာတော့ နိုင်ငံတော်ဆိုတာ လူထုရဲ့ ဒီမိုကရေစီနည်းကျ နိုင်ငံရေးအစုအဝေးကြီး ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်ချရာမှာအလျား




> ကျွန်တော်တို့တွေက အခုမှ ဒီမိုကရေစီကို မြေစမ်းခရမ်းပျိုးနေရတာ။ ကမ္ဘာမှာ ဒီမိုကရေစီ လှိုင်းတံပိုးကြီးက စီးဆင်းနေခဲ့တာ နှစ်ပေါင်း ၁၀၀ နီးပါး ရှိနေပါပြီ။ အဲတော့ တခြား လူ့ဘောင်တွေ ကြုံခဲ့ရတဲ့အမှားတွေ၊ စံစားခဲ့ရတဲ့ အားသာချက်တွေ၊ ခံစားခဲ့ရတဲ့ အားနည်းချက်တွေကို အညွန့်ခူးပြီး အကောင်းဆုံးလမ်းစကို ရွေးချယ်နိုင်တာဟာ ကံကောင်းခြင်းပါပဲ။

လိုက် အများသဘောတူ၊ ဒါမှမဟုတ် သာတူညီမျှနည်းနဲ့ ချမှတ်တယ်။ အာဏာကို မျှဝေသုံးစွဲပါတယ်။

(၉) လွတ်လပ်မှုနဲ့ ပတ်သက်တဲ့ သဘောတရားမှာ အုပ်ချုပ်သူရဲ့ အထက်-အောက်အမြင်မှာ လွတ်လပ်မှုကို အကောင်းမမြင်ဘူး။ လွတ်လပ်မှုကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်လို့ မြင်ပြီး ပစ်ပယ်တယ်။ နိုင်ငံရေးနဲ့ မပတ်သက်ခြင်းဟာ တစ်ဦးချင်းစီရဲ့ လွတ်လပ်မှုနဲ့ တွဲနေတယ်။ ဆိုလိုတာက နိုင်ငံရေးသာကင်းရင် တစ်ဦးချင်းစီ လုပ်ချင်တာ လုပ်လို့ ရတယ်ဆိုတဲ့ သဘော။

လူထုရဲ့ သာတူညီမျှ အမြင်မှာတော့ လွတ်လပ်မှုကို အကောင်းမြင်တယ်။ လွတ်လပ်မှုဟာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်တာပဲ။ နိုင်ငံရေးမှာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်တာက လွတ်လပ်မှုနဲ့ တွဲနေပါတယ်။

(၁၀) အုပ်ချုပ်သူရဲ့ အထက်-အောက် အမြင်မှာ အခွင့်အရေးတွေရဲ့ ရှေ့မှာ တာဝန်က လာတယ်။ လူထုရဲ့ သာတူညီမျှ အမြင်မှာတော့ တာဝန်က နောက်၊ အခွင့်အရေးက ရှေ့ပါပဲ။

(၁၁) နိုင်ငံရေးသမားတွေနဲ့ နိုင်ငံသားတွေရဲ့ ဆက်ဆံရေးမှာ နိုင်ငံသားတွေက အပြင်လူ သက်သက်ပဲ။ လူထုနဲ့ နိုင်ငံရေးသမားတွေကြားမှာ အဖွဲ့အစည်းထုံးဓလေ့သဘောအရကို အဆင့်သတ်မှတ်ချက်က မညီမျှဘူး။ အဲဒါ အုပ်ချုပ်သူရဲ့ အထက်-အောက် အမြင်ပါ။

လူထုရဲ့ သာတူညီမျှ အမြင်မှာတော့ လူထုနဲ့ နိုင်ငံရေးသမားတွေကြားမှာ အာဏာကို မျှဝေသုံးစွဲတယ်။ သည်အုပ်စု နှစ်အုပ်စုကြားမှာ အဆင့်သတ်မှတ်ချက်အရ မညီမျှမှု လုံးဝမရှိပါဘူး။ နိုင်ငံရေးသမားတွေအပေါ်မှာ လူထုက ထိန်းချုပ်နိုင်တဲ့ ဩဇာအာဏာရှိသလို ဘာကိုမဆို စတင်ကြံစည် လုပ်ဆောင်ပိုင်ခွင့်ကလည်း လူထုလက်ထဲမှာ ရှိပါတယ်။

(၁၂) အုပ်ချုပ်သူရဲ့ အထက်-အောက် အမြင်မှာ နိုင်ငံသူ နိုင်ငံသားတွေဟာ ရွေးချယ်တင်မြှောက်သူ၊ ပြုသမျှ နုသူ၊ နိုင်ငံရေးနဲ့ မပတ်သက်တဲ့ အပြင်လူပါ။ ပါတီတွေ လူတွေကို ရွေးချယ်တင်မြှောက်တယ်၊ နိုင်ငံရေးသမားတွေကို အကြံပေး တယ်။ အရွယ်မရောက်သေးသူတွေလိုပဲ နိုင်ငံရေးသမားတွေအပေါ်မှာ နိုင်ငံရေးအရ မှီခိုနေရတယ်။ ညွှန်ကြားသမျှ လိုက်နာကြရတယ်။ ဒါ နိုင်ငံသူ နိုင်ငံသားတွေရဲ့ အခန်းကဏ္ဍပဲ။

သာတူညီမျှ အမြင်မှာတော့ နိုင်ငံသူ နိုင်ငံသားတွေဟာ ရွေးချယ်တင်မြှောက်သူသာမကဘဲ (ဆုံးဖြတ်ချက်တွေ၊ ဥပဒေ တွေအတွက်) မဲပေးသူတွေပါ ဖြစ်လာတယ်။ အရေးအကြီးဆုံး ကိစ္စတွေမှာ နိုင်ငံရေးသမားတွေက ဆုံးဖြတ်တဲ့အခါ ကြားဝင်နိုင်၊ ဆုံးဖြတ်နိုင်တဲ့ အစွမ်းအစက နိုင်ငံသူနိုင်ငံသားတွေမှာ ရှိတယ်။ နိုင်ငံရေးအရ မှီခိုမှု ကင်းရှင်း လွတ်လပ်ပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သူများ ဖြစ်ကြပါတယ်။

(၁၃) အုပ်ချုပ်သူရဲ့ အထက်-အောက် အမြင်မှာ နိုင်ငံရေးသမားတွေရဲ့ အခန်းကဏ္ဍက တက်ကြွတဲ့ နိုင်ငံသားတွေ၊ ဆုံးဖြတ်ချက် ချမှတ်သူတွေ၊ လူထုကိုယ်စား အုပ်ချုပ်သူတွေဖြစ်တယ်။ နိုင်ငံသားတွေဆီက အကြံတောင်းချင်လည်း တောင်းနိုင်တယ်။ နိုင်ငံရေးသမားဆိုတာ သာမန်လူ အနားမသီနိုင်တဲ့ အထူးသီးသန့် အုပ်စု (အခွင့်ထူးခံ) အုပ်စုထဲက လူတွေပဲ။

လူထုရဲ့ သာတူညီမျှ အမြင်မှာတော့ နိုင်ငံရေးသမားတွေဟာ- ဟုတ်ပါတယ်၊ တက်ကြွတဲ့ နိုင်ငံသားတွေ ဆိုတာ မှန်တယ်၊ ဆုံးဖြတ်ချက် ချမှတ်သူဆိုတာလည်း မှန်တယ်။ ဒါပေမယ့် တက်ကြွတာ၊ ဆုံးဖြတ်တာ၊ အုပ်ချုပ်တာတွေမှာ နိုင်ငံသူ နိုင်ငံသားများနဲ့ အတူတကွသာ ဖြစ်ပါတယ်။ လူထုကို အကြံပေးသူတွေ၊ လူထုဆီက အကြံယူသူတွေ မဟုတ်ကြဘူး။ သိပ် အထူးသီးသန့်မဆန်တဲ့ အုပ်စု၊ ဒါမှမဟုတ် လုံးလုံး သီးသန့်မဆန်တဲ့ အုပ်စု၊ တစ်နည်းပြောရရင် လူထုနဲ့ တစ်သားတည်း ဖြစ်နေတဲ့ လူတွေပါပဲ။

(၁၄) ဆုံးဖြတ်ချက်ချမှတ်တဲ့နေရာမှာ ပါဝင်ဆောင်ရွက်ကြတဲ့အခါမှာလည်း အထက်-အောက် အမြင်နဲ့ဆိုရင် နိုင်ငံသူ နိုင်ငံသားတွေက ပြုသမျှ နုရမယ့်သူတွေ။ လူတွေက ရွေးချယ်ထားသူတွေက လူတွေရဲ့ ကိုယ်စား ဆောင်ရွက်နေတာ။ ဒါကြောင့် (ရွေးကောက်ပွဲမှာက လွဲရင်) လူတွေရဲ့ ပါဝင်ဆောင်ရွက်မှုက မလိုအပ်ဘူး။ ဆုံးဖြတ်ချက်ချမှတ်သူတွေအတွက် အကောင်းဆုံးဖြစ်မယ့် အဖြေတွေကို နိုင်ငံရေးသမားတွေက ရှာဖွေကြစမြဲပါပဲ။ နိုင်ငံသူနိုင်ငံသားတွေ ပါဝင်ဆောင်ရွက်နိုင်ဖို့ အခြေခံအဆောက်အအုံ၊ အချိန်၊ နေရာ လုံးဝပေးမထားဘူး။ နိုင်ငံသူ နိုင်ငံသားတွေဟာ နိုင်ငံရေးနဲ့ ကင်းရှင်းရမယ်။ နိုင်ငံရေးနဲ့ နေ့စဉ်ဘဝနဲ့ကို ခွဲခြားထားပါတယ်။

လူထုရဲ့ သာတူညီမျှ အမြင်နဲ့ဆိုရင် နိုင်ငံသူ နိုင်ငံသားတွေက တက်ကြွပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပါဝင်ဆောင်ရွက်မှုက လိုအပ်သလို အခြေခံလည်းကျပါတယ်။ သက်ဆိုင်သူ အားလုံးအတွက် အကောင်းဆုံးဖြစ်မယ့် အဖြေတွေကို ဒီမိုကရေစီနည်းကျ နိုင်ငံရေးက ဖွေရှာပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေ ပါဝင်ဆောင်ရွက်နိုင်တဲ့ အခြေခံ အဆောက်အအုံ ရှိတယ်။ တိုက်ရိုက်ဒီမိုကရေစီ ဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ လူတွေရဲ့ နေ့စဉ်ဘဝထဲက အစိတ်အပိုင်း တစ်ခုပဲလို့ ခံယူပါတယ်။

ကျွန်တော် ဖတ်လိုက်မိတာလေးကို တတ်အားသမျှ ဘာသာပြန်တင်ဆက်လိုက်တာပါ။ မူရင်းကို http://www.activatingdemocracy.com/two-views-on-democracy/ မှာ ဖတ်နိုင်ပါတယ်။ အဲဒီ စာမျက်နှာမှာ ဒီမိုကရေစီကို အသက်သွင်းခြင်းနဲ့ ပတ်သက်လို့ အတော် ပြည့်ပြည့်စုံစုံ ဆွေးနွေးထားတာတွေ ဖတ်ရပါတယ်။ အဲဒါတွေထဲက သင့်နိုးရာရာတွေကို အလျဉ်းသင့်သလို ဆက်လက်ပြန်ပေးဆိုပေးသွားဖို့လည်း စိတ်ကူးထားပါတယ်။

ကျွန်တော့်အတွက်တော့ ဒီမိုကရေစီအပေါ် ကွဲပြားတဲ့ အမြင်နှစ်မျိုးကို ဆွေးနွေးသွားတာ ဖတ်လိုက်ရတော့ တော်တော် ဘဝင်ကျသွားပါတယ်။

ကျွန်တော်တို့က ဒီမိုကရေစီလမ်းကို စလျှောက်နေကြပါပြီ။ ဒါပေမယ့် ကိုယ်စီးတဲ့မြင်း၊ အထီးမှန်း အမမှန်း သိကြဖို့တော့ လိုဦးမယ် ထင်မိပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း ဒီမိုကရေစီမိတ်ဆက်ကို အလျဉ်းသင့်သလို ရေးသား ဟောပြောနေပါတယ်။ ကျွန်တော်ဟောတဲ့အခါ အထက်မှာ ဘာသာပြန်ပြခဲ့တဲ့ အမြင်နှစ်မျိုးက ရောယှက်နေပါတယ်။ ဒီမိုကရေစီဆိုတာ အစိုးရစနစ်တစ်ခု (အုပ်ချုပ်သူရဲ့ အထက်-အောက် အမြင်)လို့ ပြောရင်း တစ်ဆက်တည်းမှာပဲ ဒီမိုကရေစီဟာ အမြင်အမျိုးမျိုးကို နေရာ ပေးနိုင်၊ လက်ခံနိုင်တဲ့ ကျင့်စဉ် (လူထုရဲ့ သာတူညီမျှအမြင်)လို့ ပြောမိတတ်ခဲ့ပါတယ်။

သည်စာလေးကို ဖတ်မိသွားတော့မှ အဲလိုတွေ ဟောခဲ့ဖူးသူ ကျွန်တော်ကိုယ်တိုင် ဘူးလုံး နားမထွင်း ဖြစ်နေတာတွေ ရှင်းသွားပါတယ်။

အင်္ဂလိပ်စာနဲ့ ရေးထားတာမို့ အနောက်တိုင်း အယူအဆတွေ သွတ်သွင်းလာတယ်လို့ ပြောချင်လည်း ပြောနိုင်ကြပါတယ်။ အနောက်တိုင်းက လာတာတွေမို့ စစ်သည်တော်တွေလည်း ဘောင်းဘီမဝတ်၊ နောက်ပိတ်ဖိနပ်မစီး၊ သေနတ်မကိုင်၊ လေယာဉ်မမောင်းနေကြတာမှ မဟုတ်ဘဲလေ။ ခေတ်နဲ့အညီ တစ်ကမ္ဘာလုံး တစ်စိတ်တစ်ဝမ်းတည်းထားပြီး သွားကြရမယ့် ခရီးမှာ အနောက်တိုင်းတွေ၊ အရှေ့တိုင်းတွေ ပိုင်းခြားနေရင် ကျွန်တော်တို့ပဲ နောက်က မြက်စားပြီး လိုက်နေရတော့မှာပါ။

သေချာတာတစ်ခုကတော့ဗျာ၊ တစ်ကမ္ဘာလုံးက နိုင်ငံရေး သုခမိန်တွေရဲ့ ဟောကိန်းပါပဲ။

လာမယ့် နှစ် ၂၀ လောက်အတွင်းမှာ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ၊ အခြေအနေ၊ နောက်ခံပေါင်းစုံ ကွဲပြားမှုကို လက်ခံပြီး အသုံးချနိုင်တဲ့ နိုင်ငံတွေဟာ တိုးတက်ဖွံ့ဖြိုးနေမှာ ဖြစ်သလို အဲသလို ကွဲပြားမှုကို ရိုးမယ်ဖွဲ့နေတဲ့ နိုင်ငံတွေကတော့ ဆင်းရဲတွင်း နက်သထက် နက်လာမယ်လို့ သူတို့က ဟောထားပါတယ်။

မှန်ပါတယ်။ တစ်ကမ္ဘာလုံး တစ်သားတည်း ဖြစ်လာနေတဲ့ ယနေ့ကာလမှာ ကွဲပြားမှုဟာ ရိုးမယ်ဖွဲ့စရာ မဟုတ်တော့ပါဘူး။ အသုံးချရတော့မယ့် အခွင့်အလမ်းသာ ဖြစ်ပါတယ်။ ဒါကို မြင်တတ်ဖို့အတွက် လူထုရဲ့ သာတူညီမျှအမြင်နဲ့ တိုက်ရိုက် ဒီမိုကရေစီလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းဖို့ လိုပါတယ်။

ကျွန်တော်တို့မှာ ကံကောင်းတာ တစ်ခုရှိတယ်။ ကျွန်တော်တို့တွေက အခုမှ ဒီမိုကရေစီကို မြေစမ်းခရမ်းပျိုးနေရတာ။ ကမ္ဘာမှာ ဒီမိုကရေစီ လှိုင်းတံပိုးကြီးက စီးဆင်းနေခဲ့တာ နှစ်ပေါင်း ၁၀၀ နီးပါး ရှိနေပါပြီ။ အဲတော့တခြား လူ့ဘောင်တွေ ကြုံခဲ့ရတဲ့ အမှားတွေ၊ စံစားခဲ့ရတဲ့ အားသာချက်တွေ၊ ခံစားခဲ့ရတဲ့ အားနည်းချက်တွေကို အညွှန့်ခူးပြီး အကောင်းဆုံး လမ်းစကို ရွေးချယ်နိုင်တာဟာ ကံကောင်းခြင်းပါပဲ။

အဲဒီကောင်းတဲ့ကံကို အသုံးချမယ် မချဘူးဆိုတာကတော့ တစ်ဦးချင်းစီရဲ့ သဘောတော်မြတ်အတိုင်းပါပဲလို့ ပြောလည်း သိပ်ပြောချင်နေတယ်၊ ပြောကလည်း မပြောရဲဘူးခင်ဗျ။ ဒါပေမယ့် ပြောချင်တဲ့စိတ်က အနိုင်ရသွားတဲ့အတွက် မရဲတရဲနဲ့ ပြောလိုက်မိသွားရပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ် ခင်ဗျား။

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

တောင်ငူ၊ အမရ၊ ရာမညနှင့် မန္တလေးစသော ကျောင်းဆောင်များ မပေါ်သေး။ ထိုကျောင်းဆောင်များ နေရာကား ပိတောက်နှင့်မရန်းတောတို့ ဝိုင်းရံအပ်သည့် ဘောလုံးကွင်းများသာ ဖြစ်သတည်း။ အမေရိကန် သာသနာပြု ဂျုဒ်ဆွန်ကောလိပ်ဝင်းအတွင်းမှ အဆောင်တို့ကား ရွှေဘို၊ ဒဂုန်၊ မာလာဟူသော ဘွဲ့ကိုယူရန် အိပ်မက်မမက်သေး။ ဝယ်လန်တန်၊ နေ့(သ်)ဟော၊ ဘင်တန်ဟော ဟူ၍ အနောက်နိုင်ငံနံ့သင်းသင်းကလေးနှင့်ဖြစ်ကြ၏။

သက်ခိုင်တို့၏ ပြည်ကျောင်းဆောင်နှင့် တကောင်းကျောင်းဆောင်ကြီးတို့သည် အုတ်အဆောက်အအုံများဖြစ်ကြသော ဗဟိုကျောင်းဆောင်များ၊ ဂျုဒ်ဆွန်ကျောင်းဆောင်များတို့နှင့် တစ်မူကွဲစွာ ကျွန်းသားကျောင်းဆောင်ကြီးများ ဖြစ်ကြ၏။ ကျွန်းသားကျောင်းဆောင်ကြီးများ ဖြစ်ကြသောကြောင့် နှစ်ထပ်သာရှိ၍ အမြင့်မဆောင်။ အလျားသာရှည်သည်။ မောက်ကြွားပလွှားမှု မရှိ။ ခံ့ညားတည်ကြည်မှုကား ရှိနေ၏။

ပြည်နှင့် တကောင်းကျောင်းဆောင်တို့သည် မျက်နှာချင်းဆိုင်ဖြစ်ကြ၏။ အလယ်၌ စိမ်းလန်းသော မြက်ခင်းရှိနေ၏။ ပတ်ပတ်လည်တွင် ပိတောက်၊ သစ်တို၊ မရန်းစသောအပင်ကြီး အပင်ကောင်းများရှိနေသည်။ ပြည်နှင့် တကောင်းကျောင်းဆောင်ကို ဆက်ထားသော လမ်းလေးဘေး၌ စိန်ပန်းပြာပင်များရှိသည်။ စိန်ပန်းနီပင်များလည်း ဝင်းအတွင်း မရှား။ ပြည်ကျောင်းဆောင်၏ အရှေ့ဘက်အစွယ် တောင်မျက်နှာစာ၌ တက္ကသိုလ်နယ်မြေတစ်ခုလုံးတွင် ရှေးဦးစွာ ပွင့်လေ့ရှိသော ကံ့ကော်ပင်တစ်ပင်လည်း ရှိနေ၏။

ပြည်ကျောင်းဆောင်သည် လှပ၏။ သဘာဝနှင့် သဟဇာတ ဖြစ်နေ၏။

ပြည်ကျောင်းဆောင်သား အချင်းချင်းကလည်း ညီညွတ်၍ အပြန်အလှန် ချစ်ခင်ရင်းနှီးကြသည်။

တစ်ယောက်အခန်း တစ်ယောက်ထင်သလို ဝင်ထွက်နိုင်သည်။ တစ်ယောက်အခန်း၌ သွားတိုက်ဆေးကုန်လျှင်၊ ခေါင်းလိမ်းဆီ ကုန်လျှင်၊ ဆပ်ပြာကုန်လျှင်၊ ကိုယ်လိမ်းပေါင်ဒါ ကုန်လျှင်၊ ဆေးပေါ့လိပ်ကုန်လျှင်၊ အခြားမည်သူ့အခန်း၌မဆို သွားယူသုံးစွဲနိုင်သည်။ ကုန်ကုန်ပြောလျှင် တစ်ယောက်အဝတ်အစား တစ်ယောက် ငှားဝတ်နိုင်သည်။

တစ်ယောက် မှားလျှင်လည်း တစ်ယောက်က အားမနာတမ်း ဝင်ပြုပြင်ပေးသည်။ တစ်ယောက်တော်လျှင် အများက ပခုံးနှင့်ထမ်းတင် ချီးမြှောက်ပေး၏။

အမှန်ပင် ပြည်ကျောင်းဆောင်သည် ပျော်ရွှင်ဖွယ် အကောင်းဆုံးကျောင်းဆောင်တစ်ခု ဖြစ်နေ၏။

စင်စစ်မူ . . . သူ့အထာ၊ သူ့အတာနှင့် တက္ကသိုလ်ကျောင်းဆောင်တိုင်းသည် ပျော်ဖွယ်ရာသာဖြစ်ကြ၏။ တက္ကသိုလ်နယ်မြေနှင့် ပတ်ဝန်းကျင်က လည်း ဘေးလူတို့မနာလိုဖွယ်ပင် သာယာ၍ ပျော်ဖွယ်ကောင်းသည်။

၁၉၄၈ ခုနှစ် ဇူလိုင်လအတွင်းမူ ပြည်ကျောင်းဆောင်သည် လည်းကောင်း၊ တက္ကသိုလ်နယ်မြေတစ်ခုလုံးသည် လည်းကောင်း သာယာသင့်သမျှမသာယာ၊ ပျော်ဖွယ်ရှိသမျှ မပျော်ဖွယ်။ အကြောင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံကြီး တစ်ခုလုံးကိုယ်၌ကပင် မသာယာ. . . မပျော်ဖွယ်. . .။

ထိုနှစ် မတ်လ ၂၈ ရက်နေ့တွင် ကာလကတ္တားညီလာခံဆုံးဖြတ်ချက်ကို ဦးထိပ်ပန်ဆင်၍ လည်းကောင်း၊ ကိုယ့်လုပ်ဇာတ်ကို ကိုယ်ပြန်အထင်ကြီးမိ၍ လည်းကောင်း မြန်မာကွန်မြူနစ်များသည် ဘဝင်မြင့်ကာ တောခိုသွား၍ လက်နက်ကိုင် သောင်းကျန်းနေ၏။ ဇူလိုင်လအတွင်းဝယ် လက်ဝဲညီညွတ်ရေးသွေးစည်းခေါ်ပါမှ ပိုမိုကွဲပြဲကြသည်။ ရဲဘော်ဖြူများက နေ့လား. . . ညလားတောခိုတော့မည့် အခြေ၌ ရှိနေသည်။ လွတ်လပ်စနိုင်ငံတစ်ခု၏ သဘာဝကျလှသော ပြဿနာများကို မဖြေရှင်းနိုင်၊ အဖြေရှင်းရဲသူတိုင်း တောရိပ်ခိုလိုခို. . နိုင်ငံခြားအကူ မျှော်လိုမျှော်နှင့် အလွယ်လမ်းကို ခေတ်ဆန်းဖက်ရှင်အဖြစ်ကျင့်သုံးနေကြသော သမယတည်း။ ဘဝနှင့် ပတ်ဝန်းကျင်မှ သင်ခန်းစာမယူတတ်တိုင်း စာအုပ်ကြီးများကို လှန်ကာ အဖြေရှာနေကြသော ကာလဆိုး. . ကာလ နောက်ပေးတည်း။

ဤသို့လျှင် တိုင်းပြည်ကြီးတစ်ခုလုံးကိုယ်၌က မသာယာလေသောကြောင့် တက္ကသိုလ်နယ်မြေမှာလည်း သာယာသင့်တမျှ မသာယာ။ သို့ရာတွင် ပြည်ပနိုင်ငံရေးလောကမှ အကွဲအပြဲများသည် တက္ကသိုလ်ကို ပြင်းပြင်းထန်ထန် လာရောက်မထိခိုက်။

ဆိုရှယ်လစ်ပါတီကို ကိုယ်စားပြုသော ကျောင်းသားခေါင်းဆိုသူတို့မှာ ကိုယ်ကျိုးရှာမှုသတင်းနှင့် နာမည်ပျက်လျက်ရှိသောကြောင့်ခေါင်းမဖော်ရဲကြ။ ကွန်မြူနစ်ကျောင်းသားတို့မှာလည်း လက်တစ်ဆုပ်စာရှိ လူနည်းစုကလေးသာ ဖြစ်၍ အရှိန်အဝါ နည်းပါးပြီး ဩဇာကင်းမဲ့ကြ၏။ ကျောင်းသားကျောင်းသူ အများစုကား ကြောက်မက်ဖွယ်သော စစ်ကာလကို ဖြတ်သန်းရင်း ကြီးပြင်းလာရသူများဖြစ်သည် တစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုအဆင့်ဆင့်ကို မျက်မြင်ကြုံတွေ့ သိမီလာသူများဖြစ်သည်က တစ်ကြောင်း၊ တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် အကြိမ်ကြိမ် အထပ်ထပ်သတိပေး ပြောဆိုခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတို့သည် သူတို့နားတွင် ပဲ့တင်ထပ်နေသေးသည်က တစ်ကြောင်း၊ ဤအကြောင်းများကြောင့် ပြည်တွင်းဆူပူမှုကို မလိုလားကြ။ ငြိမ်းချမ်းရေး ပျက်ပြားမည်ကို ကြောက်ကြသည်။ လွတ်လပ်ရေးကြီး ပြန်လည်ဆုံးရှုံးသွားမည်ကို စိုးရိမ်ကြ၏။

တာဝန်သိတတ်သော ကျောင်းသားအများကမူ နိုင်ငံရေး ပြောင်းလဲမှုမှန်သမျှကို မျက်ခြည်မပြတ်စေဘဲ သတိနှင့် စောင့်ကြည့်နေကြ၏။ ထိုကဲ့သို့သော ကျောင်းသားများထဲတွင် ကိုလေးမောင်၊ ကိုစောလွင်၊ ကိုလှဖေ၊ ကိုမြင့်သောင်းနှင့် သက်ခိုင်တို့ ထိပ်က ပါကြ၏။

သက်ခိုင်၏ အခြားသူငယ်များ ဖြစ်ကြသော မောင်ရှိန်၊ တင်မောင်စိုး၊ အေးဝင်းစသူများကား အရေးပေါ်လျှင် ကျရာတာဝန်ထမ်းမည်။ သို့ရာတွင် လောကကို ရွှင်ရွှင်ကြည့်၍ ဘဝ၌ ပျော်ပျော်နေတတ်ကြသူများ ဖြစ်ကြ၏။

ဇူလိုင်လကုန်ခါနီး တစ်နံနက်ခင်း ရှစ်နာရီခန့်တွင် ကျောင်းတက်ရန်အတွက် သက်ခိုင်သည် ခေါင်းဖြီးပြီး အဝတ်အစားလဲနေသည်။ သင်တန်းသည် နံနက် ကိုးနာရီ၌ ဖြစ်သော်လည်း လျှောက်ရမည့်ခရီးက ဝေးသောကြောင့် ဤသို့ စောစောပြင်ဆင်ရခြင်း ဖြစ်၏။

ယုမောင်က သူ့စာကြည့်စားပွဲ၌ ထိုင်နေ၏။ စာကြည့်နေသည်မူ မဟုတ်။ စက္ကူဖြူတစ်ရွက်ပေါ်တွင် ခဲတံနှင့် တစ်စုံတစ်ခု ဆွဲနေခြင်းဖြစ်၏။

သက်ခိုင် အဝတ်အစား လဲပြီးသောအခါ ယုမောင်က -

"ဒီမှာ ကြည့်စမ်းဟေ့. . . " ဆို၍ စက္ကူကို လှမ်းပေးသည်။

စက္ကူဖြူပေါ်၌ ယုမောင် ဆွဲထားသောပုံမှာ မိန်းကလေးတစ်ဦး၏ မျက်နှာဖြစ်သည်။ ယု၏မျက်နှာနှင့် အလွန်တူနေ၏။

"ယုမောင်. . . မင်း ပန်းချီဆွဲတတ်မှန်း သိပေမယ့် ဒီလောက်တော်မှန်း ငါ မသိဘူး၊ ဓာတ်ပုံမရှိဘဲ ယုမျက်နှာကို ဒီလောက် တူအောင်ဆွဲနိုင်တာတော့ ငါချီးမွမ်းတယ်ကွာ"

"ဒါကတော့ ငါ့မျက်လုံးထဲမှာ ယုက အမြဲရှိနေတာကိုး"

သက်ခိုင်သည် ယုမောင်ကို ကြင်နာစွာ ကြည့်မိ၏။

"မင်း. . . ယုကို ဘယ်လောက် ချစ်တယ်ဆိုတာ ငါသိပါတယ် ယုမောင်၊ ဒါပေမယ့် တစ်ခုတော့ သတိပေးချင်တယ်၊ မင်း အခုတစ်လော သင်တန်းတွေလည်း မမှန်ဘူး၊ စာလည်း မကျက်ဘူး၊ မင်း မိဘကလည်း ချမ်းသာတာ မဟုတ်ဘူးကွာ"

ယုမောင်၏ မျက်နှာသည် တည်သွားပြီး ပန်းချီစာရွက်ကို သက်ခိုင်ထံမှ ပြန်ယူလိုက်ကာ စာအုပ်စင်တွင် မှီထောင်ထားလိုက်၍ ဖြေသည်။

"ငါ သင်တန်းမမှန်တာ၊ စာမကျက်တာဟာ ယုစိတ်ကြောင့်မဟုတ်ပါဘူး"

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ (ရန်ကုန် – ဂယာ – ရန်ကုန် တိုက်ရိုက်ခရီးစဉ်)

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ရက် (၉) သိန်း

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာ့ချ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ရက် (၁၀)သိန်း

အပယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာ ဗုဒ္ဓဂယာ သို့ မြတ်ဂုဏ်ရောင်နဲ့သွားကြစို့

သံဃာတော်များ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ ခရီးစဉ် တိုင်းတွင် ဦးဆောင်ဆရာတော်တစ်ပါးနှင့် Tour Leader တစ်ဦးအမြဲပါရှိပါမည်။ (၃၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံကောက်ခံခြင်းမရှိကြောင်း အထူးပင်အာမခံပါသည်။ ဟိုတယ် (၂)ည အိပ်။ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။ mgytravel@gmail.com

အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့



Nice Work

Construction & Interior Decoration Co.,Ltd.

Aluminium, Glass,Composite & Interior Design

လူကြီးမင်းတို့၏ အိမ်ရာ အဆောက်အဦးများအား ခေတ်မီလှပသောဒီဇိုင်းမျိုးစုံဖြင့် တိကျမြန်ဆန်သေသပ်ပြီး အရည်အသွေးကောင်းမွန်သော ပစ္စည်းများကိုသာသုံး၍ အာမခံချက်အပြည့်ဖြင့် တာဝန်ယူဆောင်ရွက်ပေးပါသည်။

- (PVC Ceiling & UVPC Ceiling, Gypsum Board)
- (Unitex, Orient, Primier)
- Granite Wallpaper
- Composite Stainless Steel Weather board (Cladding Wall, Casement System, Sliding System, Hydraulic System)
- Showroom Design
- (M & E)
- Custom Made & Tailor Made Display Counter
- (Mild Steel Stainless Steel)
- Structure
- Archi Design နှင့် Structure Design PAE, Supervision
- Architectural & Structural(Steel,R.C)Design

Labour ကန်ထရိုက် ဝန်ဆောင်မှုပေးခြင်း။

nicework.myanmar@gmail.com



Amazing Travels

ဗန်ကောက်-ပတ္တရား-အယုဒ္ဓယ(6D/5N)-$450

ဗန်ကောက်-ဖူးခက်(6D/5N)-$480

ဖူးခက်သီးသန့်(4D/3N)-$ 320

စင်ကာပူသီးသန့်(5D/4N)-$540

အမှတ်၁၄၉(D)မြက်နုသာလမ်း၊(၁၀)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်

09-783877711 , 09-783877710 , 09-73233255



EXCELLENT MYANMAR

International Private School

Simple Way to Brighter future

Job Vacancy

Excellent Myanmar International Private School is recruiting the following positions.

Preschool Teachers
- Any Graduate (TEFL, TESOL, ECCD Preferable)
- Proficient in written and spoken English
- Good classroom management skills and knowledge in educational development
- At least one year experience in related field

Assistant Teachers
- Any Graduate with Good English language skill
- A great team player with passion and patience when working with children

Computer Teachers
- Any Graduate with strong ICT skill

Sale & Marketing Assistant - 3 posts
- At least one year experience in related field

Office Assistant - 3 posts

Main Campus
15D, Padonmar Street (Near Russia Embassy), Dagon Township., Yangon
Ph: 01-252148 , 09254200234
Thingangyun Branch
B.5,Room(11), Ma Li Kha Housing, Yadamar Street,Thingangyun Tsp.,Yangon
Ph: 018551320, 09262130007, 09262130008

# မွန်ပြည်နယ်တွင် လယ်ယာမြေပြဿနာ အများဆုံးဖြစ်ပွား

**မော်လမြိုင် သြဂုတ် ၂၈**

မွန်ပြည်နယ်အတွင်းတွင် ၁၉၉၅ ခုနှစ်မှစတင်ကာ လယ်ယာမြေပြဿနာအများဆုံးဖြစ်ပွားပြီး အခွန်မဆောင်းမှုများက ဒုတိယနေရာလိုက်ကြောင်း၊ အမျိုးသမီးငယ် အကြမ်းဖက်စော်ကားခံရမှုက တတိယဖြစ်ပွားကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ စီမံခန့်ခွဲရေးမှူး နိုင်စဝေါ်မွန်က သတင်းထောက်များနှင့် သြဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ ကောင်းမြတ်ဟိုတယ်၌တွေ့ဆုံစဉ် ပြောကြားသွားသည်။

လက်ရှိအခြေအနေအချိန်အခါတွင် ဒေသအတွင်း လယ်ယာမြေများမှာ သိမ်းထားသော မြေယာအများဆုံးဖြစ်ပေါ်နေပြီး မြေယာမူဝါဒ အခိုင်အမာဖြစ်လာနိုင်ရန် အစိုးအရအနေဖြင့် တာဝန်အရှိဆုံး ဖြစ်သည်။

ဆက်လက်ပြီး မြေယာသိမ်းဆည်းထားရာတွင် ရော်ဘာခြံအများဆုံးဖြစ်ပြီး ခြံရှင်များအနေဖြင့် သီးစားလုပ်ပိုင်ခွင့်များကို ပြန်လည်လုပ်ပိုင်ခွင့် ပေးထားသော်လည်း အများစုမှာ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေကြသူများ အများအပြားရှိသည်။ ယင်းသို့ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရာတွင် ရေးမြို့နယ်က အများဆုံးရွှေ့ပြောင်းနေထိုင် လုပ်ကိုင်ကြရကြောင်း၊ မွန်ပြည်နယ်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် လယ်ယာမြေပြဿနာများနှင့်သက်ဆိုင်သော အစီရင်ခံစာများ စာရင်းမှတ်တမ်းကောက်ယူခြင်း အကြံပြုထားချက်များအား သက်ဆိုင်ရာအစိုးရ တာဝန်ရှိသူများထံ တင်ပြအစီရင်ခံစာတင်သွင်းထားကြောင်း သတင်းထောက်များနှင့်တွေ့ဆုံစဉ်က ပြောကြားခဲ့သည်။

**ထွဋ်ထွဋ်(ရေး)**

## မြင်းမူမြို့နယ်တွင် ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်



**မြင်းမူ သြဂုတ် ၂၈**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၂၄ ဒသမ ၉၇ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ကျေးလက်ကျောက်ချောလမ်းများခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၅ သန်းဖြင့် တစ်မိုင်အရှည်ရှိ ငွေးပင်တော-လက်ပန် ကျောက်ချောလမ်းနှင့် ခွင့်ပြုရန်ပုံငွေကျပ်၆၇ ဒသမ ၀၂ သန်းဖြင့်တစ်မိုင်၊ ၁ ဒသမ ၈ ဖာလုံအရှည်ရှိကန်ဖျားကျောက်ချောလမ်းတို့ကို မုံရွာမြို့ စိုးမိအိကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၀၂ ဒသမ ၉၅ သန်းဖြင့် ၃ မိုင် ၄ ဖာလုံအရှည်ရှိ သစ်လိန်-လက်ပန် ကျောက်ချောလမ်းကို မုံရွာမြို့ ရွှေဝါနိုင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည် ဖြစ်သည်။

ယခုအခါ ငွေးပင်တော-လက်ပန် ကျောက်ချောလမ်းသည် ၂၀ ရာခိုင်နှုန်းခန့်နှင့် ကန်ဖျားကျောက်ချောလမ်းသည် ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး သစ်လိန်-လက်ပန် ကျောက်ချောလမ်းကိုလည်း မကြာမီ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါကျေးလက်ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်းအား မြင်းမူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်အောင်နှင့် ဝန်ထမ်းများက သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးခါး**

## ရေဘေးသင့်ဒေသရှိ ရေတွင်း ရေကန်များအား သန့်ရှင်း

**ကလေး သြဂုတ် ၂၈**

ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် ကျေးရွာ ၅၄ ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိစေရန် သြဂုတ် ၈ ရက်မှစ၍ လက်ရှိအချိန်အထိ ကျေးရွာ ၁၀ ရွာတို့တွင် ရေတွင်း၊ ရေကန်များအား သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ရာတွင် တွင်းနက်၊ တွင်းတိမ်၊ တုံကင်တွင်း စုစုပေါင်း ၁၂၃ တွင်း ဆေးကြောခြင်း၊ တွင်းမှုတ်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်းများကိုဆောင်ရွက်ခဲ့သည်။

ထိုသို့လုပ်ငန်းဆောင်ရွက်မှုများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုင်နီလာထွေးနှင့် ဝန်ထမ်းများ၊ ကျေးလက်နေပြည်သူများပူးပေါင်းဆောင်ရွက်ခဲ့ကြပြီးကျန်ကျေးရွာများလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

## မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခံရသော လက်ထောက်ဆရာဝန်များအား တာဝန်အပ်နှင်း

**မော်လမြိုင် သြဂုတ် ၂၈**

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကောင်ထည်ဖော်ရာတွင် အဓိကကျသည့် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော ဆရာဝန်များအားမွေးထုတ်သောအားဖြင့် မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခံရသော ဆရာဝန်သစ်လွင် ၅၈ ဦးအား တာဝန်အပ်နှင်းပွဲကို သြဂုတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီက မော်လမြိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ရွေးချယ်ခံရသောဆရာဝန်များအနေနဲ့ အထူးကုဆရာဝန်ကြီးများရဲ့ အနီးကပ်ကြီးကြပ်မှုနှင့် ဆေးလက်တွေ့ပညာရပ်များကို ဆည်းပူးလေ့လာပြီး အရည်အသွေးပြည့်ဝလာမှသာ မိမိတို့တာဝန်ကျရာဒေသတွင်ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင် နေ့စဉ်လုပ်ငန်းတွေမှာသာ တာဝန်ကျေရုံ၊ တင်းတိမ်ရုံနဲ့မပြီးဘဲ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်အောင် ကျယ်ပြန့်သည့် အတွေးအခေါ်အမြော်အမြင်များရှိရမည့်အပြင် ခေါင်းဆောင်မှုအရည်အသွေးပါ တိုးတက်အောင်ကြိုးစားဖို့လိုကြောင်း၊ အသင်းအဖွဲ့စိတ်ဓာတ်၊ နိုင်ငံသားကောင်းစိတ်ဓာတ်တွေနဲ့ မိမိတတ်ကျွမ်းတဲ့ပညာနဲ့ ပြည်သူကိုအလုပ်အကျွေးပြုကြဖို့ တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် နေပြည်တော်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်က အမှာစကားပြောကြားပြီး မော်လမြိုင်ပြည်သူ့ဆေးရုံ၊ အမျိုးသမီးနှင့်ကလေးဆေးရုံ၊ သထုံခရိုင်ပြည်သူ့ဆေးရုံနှင့် ရေးမြို့ပြည်သူ့ဆေးရုံသို့ တာဝန်ချထားခြင်းခံရသော (သစ်လွင်) လက်ထောက်ဆရာဝန်များအား တာဝန်အပ်နှင်းခဲ့ကြောင်းသိရသည်။

အဆိုပါသစ်လွင်လက်ထောက်ဆရာဝန်များအား လိုအပ်ချက်များအရ လစ်လပ်နေရာများတွင် ခန့်ထားနိုင်ရေးအတွက် ၂၀၁၄ ခုနှစ် ဇူလိုင် ၂၈ ရက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းခန်းမ၌ ပြုလုပ်သော တိုင်းဒေသကြီး(သို့)ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော ဆရာဝန်များအား စည်းစနစ်တကျ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ရွေးချယ်ခံရသူများအနေဖြင့် မေ ၁၂ ရက်မှစ၍ ၁၄ ပတ်ကြာဖွင့်လှစ်သည့် အရာထမ်းလောင်းအခြေခံသင်တန်းအမှတ်စဉ် (၄၁) ကို တက်ရောက်ခဲ့သူများဖြစ်ကြောင်း သိရသည်။

**ဆက်နေမင်းအောင်**










## အမြန်ရောင်းမည်

အထူးသက်သာသော ဈေးနှုန်း၊ သင့်တင့်သော အကျယ်အဝန်းရှိ တိုက်အသစ်၊ အကျယ်အဝန်း (12½' x 60'), Sqft-750၊ က-၂လမ်း၊ မြို့သစ်(က-ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊

၅လွှာ-(၁၉၉)သိန်း

၂လွှာ-(၂၉၉)သိန်း

အကျိုးဆောင်ခ (၂%)ပေးမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၃၃၃၇၇၇၂၀၊ ၀၉-၂၅၀၁၁၁၁၀၃၊ ၀၉-၄၂၀၂၅၉၉၂၂

# မွန်ပြည်နယ် ယာဉ်လမ်းကြောင်း အသိပေးဆိုင်းဘုတ်များကို SCG မှလှူဒါန်း

**မော်လမြိုင် ဩဂုတ် ၂၈**

မော်လမြိုင်မြို့၏ လမ်းမများတွင် ယာဉ်များ အန္တရာယ်ကင်းရှင်းစေရန် မတော်တဆမှုများ လျှော့ချနိုင်ရန်နှင့် ခရီးသွားပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန် ရည်ရွယ်၍ အသိပေးလမ်းညွှန်ဆိုင်းဘုတ်များ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် စည်ပင်သာယာရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

"ဒီလမ်းညွှန်ဆိုင်းဘုတ်တွေဟာဆိုရင် ယာဉ်လမ်းကြောင်းသွားလာရာတွင် အဆင်ပြေချောမွေ့စေပြီး ပိုမိုလွယ်ကူစေမှာဖြစ်သလို ယာဉ်လမ်းကြောင်းတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ မတော်တဆဖြစ်မှုတွေကို လျှော့ချပေးမှာပါ။ ထိုင်ခုံခါးပတ်အသုံးပြုခြင်းစတဲ့ အသက်ကယ် အသိပေးလမ်းညွှန်မှုတွေကို ဖော်ပြပေးပါတယ်။ ဒီစီမံကိန်းဟာဆိုရင် ဆိုင်ကယ်စီးသူတွေကို အသိပညာပေးတဲ့အခါမှာ စံသတ်မှတ်ချက်တစ်ခုဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က ပြောသည်။

SCG မြန်မာ၏ Government & Public Affairs Manager Mr.Sorasak Keeratichokichaikul ကလည်း "ဒီနှစ် အနည်းငယ်အတွင်းမှာ ကားအရေအတွက်တိုးလာပြီး ယာဉ်လမ်းစည်းကမ်းလမ်းညွှန်ဆိုင်းဘုတ်တွေ ယိုယွင်းပျက်စီးလာတာကြောင့် ယာဉ်အန္တရာယ်တွေ အဖြစ်များလာတာကို တွေ့ရပါတယ်။ ဒါကြောင့် မော်တော်ယာဉ်မောင်းနှင်သူတွေနဲ့ ခြေကျင်လျှောက်သူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းအောင်ဒေသခံအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အခုလိုပညာပေးအစီစဉ်တွေ လုပ်ဆောင်ရခြင်းဖြစ်ပါတယ်"ဟု ပြောခဲ့သည်။

SCG ကုမ္ပဏီသည် ယာဉ်ကြောလမ်းညွှန်ဆိုင်းဘုတ်ပေါင်း ၅၀၀ ကျော်နှင့် လမ်းဆုံ မီးပွိုင့်သုံးနေရာတွင်၏ ယာဉ်ထိန်းရဲရုံ အသေးသုံးခုကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

ပြည်သူလူထုလူမှုဘဝအဆင့်မြင့်မားလာစေရန် ရည်ရွယ်၍ နှစ်စဉ် မော်လမြိုင်နှင့် ရန်ကုန်ရှိ ထူးချွန်ကျောင်းသားများအား တစ်နှစ်စာ ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ မြေလျှင်ဘေးအန္တရာယ်မှ လုံခြုံစေရေးနှင့် ကြိုတင်ပြင်ဆင်မှုများဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ဖြန့်ဝေပေးခြင်း စသည့် ပံ့ပိုးမှုများကိုလည်း SCG ကုမ္ပဏီမှ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ဆက်နေမင်းအောင်**

# ချောက်မြို့နယ်၌ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို လူထုပါဝင်ဆောင်ရွက်မှုဖြင့် အသွင်ကူးပြောင်းခြင်း(ဆင့်ပွား)သင်တန်းဖွင့်လှစ်

**ချောက် ဩဂုတ် ၂၈**

ချောက်မြို့နယ် ကြက်ခြေနီအသင်းအဖွဲ့မှ ကြီးကြပ်၍ တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးကို လူထုပါဝင်ဆောင်ရွက်မှုဖြင့် အသွင်ကူးပြောင်းခြင်း(ဆင့်ပွား) သင်တန်းကို မြို့နယ်ပြည်သူ့ဆေးရုံတွင် ဩဂုတ် ၂၇ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် ရွာပင်ကျေးရွာ၊ မကျီးပင်တပ်ကျေးရွာ၊ ဆားတောင်(နောက်)ကျေးရွာ၊ ကန်သာကျေးရွာများမှ သင်တန်းသား ၁၆ ဦး၊ မြို့ပေါ်သင်တန်းသားလေးဦး စုစုပေါင်းသင်တန်းသား ၂၀ တို့အား သုံးရက်တာ သင်တန်းဖွင့်လှစ်ခဲ့သည်။

မြို့နယ် ကြက်ခြေနီအသင်းမှ ဒုတိယတပ်ရင်းမှူး ဦးမိုးဟိန်း၊ အဖွဲ့ဝင် ဒေါ်ခင်ထွေးဝင်းနှင့် နေပြည်တော် ကြက်ခြေနီအသင်း(ရုံးချုပ်)မှ ဦးအောင်ထွန်းတို့က ကြီးကြပ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်း ဖွင့်လှစ်ပေးခြင်းအားဖြင့် ကျေးရွာများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဖြစ်သောရေနှင့်ပတ်သက်သည့် ယင်လုံအိမ်သာများ စနစ်တကျဆောင်ရွက်ရန်နှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားအောင် စနစ်တကျ ကာကွယ်စောင့်ရှောက်တတ်စေရန် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း တာဝန်ရှိသူ ကြက်ခြေနီအသင်းအဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးမိုးဟိန်း၏ ပြောကြားခဲ့သည်။ **ချောက်(ပြန်/ဆက်)**

# ကလေးဒေသ ထူထောင်ရေးအရှိန်အဟုန်ဖြင့်ဆောင်ရွက်



**ကလေး ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ ရေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ကျီကုန်း၊ အေးသာယာ၊ ကျောက်ကာနှင့် နတ်နန်းကျေးရွာ သစ်ဖော်ထုတ်ရေးလုပ်ငန်းများ၊ ရေလဲဦး၊ ပေါက်ခုံလမ်းပြုပြင်ရေးလုပ်ငန်းများ၊ ကလေးမြို့အတွက် လမ်းဘေးရေနုတ်မြောင်း တူးဖော်ရေးလုပ်ငန်းများကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့သို့ အဆိုပါလုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ကလေးခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက တာဝန်ရှိသူများထံသို့ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဂျိုးနက်**

# Mobile Clinic အခမဲ့ကွင်းဆင်းကုသ ပညာပေးဟောပြော

**ပခုက္ကူ ဩဂုတ် ၂၈**

ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်များအဖွဲ့သည် Mobile Clinic အခမဲ့ကွင်းဆင်းကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအား ပခုက္ကူမြို့နယ် ကွန်းရွာအုပ်စု ကွန်းရွာအလကကျောင်းတွင် ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပခုက္ကူ ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်ကသွေးလွန်တုပ်ကွေးရောဂါ၊ အဆုတ်တီဘီရောဂါနှင့် ဆေးယဉ်ပါးမှုပြဿနာအား အသိပညာပေးဟောပြောခြင်း၊ သွားနှင့် ခံတွင်းဆရာဝန်ကြီး ဒေါက်တာအေးကိုကိုက သွားနှင့်ခံတွင်း ကျန်းမာရေးအကြောင်း ရှင်းလင်းအသိပညာပေး ဟောပြောခဲ့သည်။

ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းက ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်ထံ ဆေးဖိုးအလှူငွေကျပ်တစ်သိန်း လှူဒါန်းခြင်းခဲ့ပြီး ဆေးရုံအုပ်ကြီးပါဝင်သော အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ ဒေသခံကျေးရွာနေပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အုပ်စု၊ နတ်ကျွန်းကျေးရွာအုပ်စု၊ ရွှေခါးကျေးရွာအုပ်စု၊ မန်းကျည်းပင်ပုကျေးရွာ အုပ်စုတို့မှ ရောက်ရှိလာကြသောဒေသခံပြည်သူ ၅၁၄ ဦးတို့အား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**ကျော်ဇေယျ**

Topsyne®
မူလလက်ပေါင်းအရည်အသွေးအတိုင်း ထုတ်လုပ်ထားသော "သနပ်ခါးမိတ်ကပ်"
အသစ်ထပ်မံထုတ်လုပ်ထားသော "ခေတ်သစ်ပျိုမေများရဲ့ ဖန်ဆင်းရှင်အစစ်"



Herbal Cream (ငွေရောင်ဘူး)
Herbal Cream (ပန်းပွင့်ပုံဘူး)
(ကျား/မ မရွေးသုံးနိုင်သည်)
Apple Production Co., Ltd.
အမှတ် (A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့ ။
ဖုန်း - (၀၁) ၅၈၁၃၉၅၁၊ ၅၈၁၈၈၆၊ ၅၈၁၈၄၄၊ ၀၉၄၉၃၁၆၄၀၈၊ ၀၉ ၈၆၁၈၀၈၁၊ ၀၉ ၅၀၂၀၄၈၉

ဗုဒ္ဓဂယာ နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဗုဒ္ဓဂယာ
Hotel သီးသန့်ခရီးစဉ် (၇)ညအိပ်(၈)ရက်ခရီး -သံဝေဇနီယလေးဌာန (ဖွားပွင့်ဟောစံ) ➔ 1100 USD
(၁၂)ရက်ခရီး -သံဝေဇနီယလေးဌာန၊ အဝိဇဟိတသုံးဌာန( အိန္ဒိယ+နီပေါ) ဟိုတယ် ၄ ည ➔(၉)သိန်း(၉)သောင်း
(၁၅)ရက်ခရီး -သံဝေဇနီယလေးဌာန +အဝိဇဟိတလေးဌာန +နယူးဒေလီ၊တစ်ချိမဟာ ဟိုတယ် ၆ ည ➔(၁၁)သိန်း
သီရိလင်္ကာ စွယ်တော်+မူလဇောမိပင်+ ဗန်ကောက်မြဘုရား (၇)ရက်ခရီး➔(၁၅)သိန်း(၅)သောင်းလစဉ်ထွက်မည်။
နီလာဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ ၂၀၁၅-၁၆နှစ်အတွက် အထူးဝန်ဆောင်မှုအစီအစဉ်သစ်
အထူးဆု-ကျပ်သိန်း(၁၀၀)တန် ကားသစ်ကြီး (၁)ဆုနှင့် အခြားဆုမဲများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။
ဗုဒ္ဓဂယာတွင် ခါတ်လှေကားပါဟိုတယ်၌ တည်းခိုပြီး။ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်။
ညမောင်းခရီးစဉ် လုံးဝမရှိပါ။ ခရီးစဉ်တိုင်း လေယာဉ်ပေါ်တွင် အဖွဲ့ခေါင်းဆောင်တစ်ဦးပါဝင်ပါမည်။
ဗုဒ္ဓဂယာ ခရီးစဉ်တွင် (၁၁)ဦးစုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။ ခရီးစဉ်များအားလုံးကို (၁)လကြိုတင် စာရင်းပေးသွင်းရပါမည်။
ဂယာခရီးစဉ်များ-(၁၂)ရက်ခရီးစဉ်(Oct-5,19),(Nov-2,16,30), (Dec-14), (Jan-4,18), (Feb-1,9,23), (Mar-7,21),(April-12,13)
(၁၅)ရက်ခရီးစဉ် (Sept-29),(Oct-13,27),(Nov-10,24),(Dec-8,22),(Jan-5,19),(Feb-2,16),(Mar-1,15),(April-12,13),
သီရိလင်္ကာခရီးစဉ်များ-(Sept-29),(Oct-29),(Nov-29),(Dec-29),(Jan-29),(Feb-29),(Mar-29),(April-29)
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(နံ့သာတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉
GAYA Office-Rajapur Buddha Gaya Pin-824231, Mobile:+918292790371

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ထူးချွန် ပထဝီဝင် အခြေခံပညာအဌမတန်း
မြေပုံအဆင့်ဆင့်ရေးဆွဲနည်းလမ်းညွှန်
ဓမ္မဓိဋ္ဌာန်နှင့် စံပြအဖြေများ
မြေပုံများကို လက်ရေးမူအတိုင်းရေးဆွဲထားပါသည်။
ပြည့်ဝေကျော် စာပေ
အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၁-၃၈၅၁၉၆၊ ၀၉-၇၃၀၂၅၉၂၉

# သီပေါမြို့မှ အမှိုက်များအား စက်ယန္တရားများအသုံးပြု၍ ရှင်းလင်း

**သီပေါ ဩဂုတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့၏ အမှိုက်များစွန့်ပစ်ရာဌာနဖြစ်သော စံဖိတ်ကျေးရွာအုပ်စုအနီးရှိ အမှိုက်ကန်နှင့် အနီးပတ်ဝန်းကျင်၌ စည်းကမ်းမဲ့သူတချို့၏ အမှိုက်များစွန့်ပစ်မှုကြောင့် အမှိုက်သရိုက်များစုပုံညစ်ပေနေသည့်အတွက် သီပေါမြို့နယ်စည်ပင်သာယာရေးဌာနက စက်ယန္တရားကြီးများကိုငှားရမ်းအသုံးပြု၍ ဩဂုတ် ၂၃ ရက်မှ ၂၅ ရက်အထိ ရှင်းလင်းရေးလုပ်ငန်းများ အထူးဆောင်ရွက်ခဲ့ရသည်။



အဆိုပါ စွန့်ပစ်အမှိုက်ကန်သည် သီပေါမြို့မှ သုံးမိုင်ခန့် စံဖိတ်ကျေးရွာအုပ်စုအနီးတွင် စီမံထားရှိပြီး တစ်မြို့လုံး၏အမှိုက်များကို ပို့ဆောင်စွန့်ပစ်ရာနေရာဖြစ်ခဲ့သည်။

၎င်းနေရာမှာ-သီပေါရောက်နိုင်ငံခြားသားခရီးသွားများ နှစ်သက်သည့် နမ့်တုပ်သဘာဝရေတံခွန်ကြီးသို့ သွားရောက်ရာ ကျောက်ချောကားလမ်းအနီးတွင် ရှိနေသည်။

"သီပေါမြို့တစ်မြို့လုံးရဲ့ စွန့်ပစ်တဲ့ အမှိုက်တွေကို ကျွန်တော်တို့စည်ပင်ဌာနက အမှိုက်သိမ်းယာဉ်သုံးစီးနဲ့ သယ်ယူစွန့်ပစ်ပေးနေတာပါ။ အချို့က ကိုယ်ပိုင်ကား၊ ထော်လာဂျီတို့နဲ့ အမှိုက်ပြစ်တာလည်းရှိပါတယ်။ အမှိုက်စွန့်ပစ်ကန်မှာ စနစ်တကျနဲ့စွန့်ပစ်သူရှိသလို ဖြစ်သလိုလမ်းဘေးမှာပဲ စည်းကမ်းမဲ့စွန့်ပစ်သူအချို့လည်း ရှိပါတယ်။

"အဲဒီလို စည်းကမ်းမဲ့စွန့်ပစ်အမှိုက်တွေများလာတော့ ခုလိုစက်ယန္တရားအကူအညီနဲ့ ရှင်းလင်းရတာဖြစ်ပါတယ်။ ဒီလမ်းကနေ နမ့်တုပ်သဘာဝရေတံခွန်ကို နိုင်ငံခြားသားဧည့်သည်တွေလည်းသွားလာနေတာမို့ အမှိုက်တွေ သတ်မှတ်နေရာမှာ စနစ်တကျစွန့်ပစ်ပေးကြဖို့ အထူးမေတ္တာရပ်ခံလိုပါတယ်" ဟု သီပေါမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်က ပြောကြားခဲ့သည်။ **သီပေါကိုလတ်**

## မလှိုင်မြို့၌ ဝန်ထမ်းအိမ်ရာများတည်ဆောက်ပြီးစီး

**မလှိုင် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ ရပ်ကွက်ကြီး -၂ ရုံးသစ်နယ်မြေတွင် နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် တည်ဆောက်လျက်ရှိသော ဝန်ထမ်းအိမ်ရာများသည် ယခုအခါ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဝန်ထမ်းအိမ်ရာများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တင်ဒါအောင်မြင်ခဲ့သော မိုးပြည့်ထွန်းကုမ္ပဏီနှင့် True Soule ကုမ္ပဏီတို့မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆောက်အအုံမှာ အလျား ၁၀၂ ပေ၊ အနံ ၂၉ ပေရှိ လေးခန်းတွဲ၊ သုံးထပ်ဆောင်နှစ်လုံးဖြစ်ပြီး တစ်လုံးလျှင် အခန်း ၁၂ ခန်းပါရှိကာ ရေပေးဝေရေး၊ လျှပ်စစ်မီးရရှိရေးတို့ပါ စနစ်တကျစီစဉ်ပေးထားကြောင်း သိရသည်။ အဆောက်အအုံများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တစ်လုံးလျှင် ခွင့်ပြုငွေကျပ်သိန်း ၁၄၉၀ ဖြင့် နှစ်လုံးခွင့်ပြုပေးထားပြီး ဇန်နဝါရီလမှ စတင်အကောင်ထည်ဖော်တည်ဆောက်ခဲ့ရာ ယခုအခါ လုံးဝပြီးစီးနေပြီဖြစ်သည်။

အိမ်ရာများ တည်ဆောက်ပြီးစီးပြီဖြစ်၍ ဝန်ထမ်းအိမ်ရာ နေရာချထားရေးကော်မတီက သတ်မှတ်ထားသောစည်းကမ်းချက်များနှင့် ညီညွတ်သူများ၊ နိုင်ငံတော်တာဝန်ဖြင့် ရပ်ဝေးမှပြောင်းရွှေ့လာသော အိုးပိုင်အိမ်ပိုင်မရှိသည့် နိုင်ငံ့ဝန်ထမ်းများကို စိစစ်ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည် ။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း လေးခန်းတွဲ သုံးထပ်ဆောင်နှစ်လုံးကို မိုးပြည့်ထွန်းကုမ္ပဏီနှင့် True Soule ကုမ္ပဏီတို့မှပင် တာဝန်ယူ၍ ထပ်မံတည်ဆောက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## ရေဘေးသင့်ပြည်သူများအား စားသုံးဆီပေးအပ်

**ရေစကြို ဩဂုတ် ၂၈**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှ ရေစကြိုမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် စားသုံးဆီပေးအပ်လှူဒါန်းပွဲကို ရေစကြိုမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဩဂုတ် ၂၆ ရက် ညနေ ၅ နာရီက ကျင်းပခဲ့သည်။

အခမ်းနားတွင် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးအောင်ရွှေက စားသုံးဆီတစ်လီတာ ၁၂ ဘူးပါ ဖာ ၃၀၀၊ (တန်ဖိုးကျပ် ၄၅ သိန်း)ခန့်အား ပေးအပ်လှူဒါန်းခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက လက်ခံရယူခဲ့သည်။ ယင်းအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။ **ကျော်ဇေယျ**

## မကွေးမြို့နယ်တွင် နှမ်းရိတ်သိမ်းချိန် ဈေးကောင်း၍ တောင်သူများ ဝင်ငွေတိုးလျက်ရှိ

**မကွေး ဩဂုတ် ၂၈**

မကွေးမြို့နယ်တွင် မိုးနှမ်းစိုက်လျာထားဧက ၁၇၉၁၂၆ ဧကရှိပြီး ယခုအချိန်တွင် မိုးနှမ်းခင်းများကို အောင်မြင်စွာရိတ်သိမ်းနေကြပြီဖြစ်ကာ မကွေးမြို့တွင် နှမ်းတစ်ဧကအထွက်နှုန်းမှာ နှမ်းဖြူဖြစ်ပါက ၁၂ တင်းခန့်ထွက်ရှိပြီး နှမ်းနက်မှာ ရှစ်တင်းမှ ကိုးတင်းနှုန်းထွက်ရှိလျက်ရှိကြောင်း သိရသည်။

နှမ်းရိတ်သိမ်းပြီးယာမြေများတွင် ပေါင်းမြက်များ (လက်သဲလေးခွမြက်၊ ဝမ်းဘဲစာမြက်၊ တောက်တဲ့ လက်ဝါးမြက်များ၊ ကြက်မောက်) များထူထပ်နေသဖြင့် တောင်သူများမှာ ထိသေပေါင်းသတ်ဆေးများ ပက်ဖျန်းလျက်ရှိကြောင်းသိရသည်။

အဆိုပါ ပေါင်းသတ်ဆေးများ ပက်ဖျန်းသုံးစွဲရခြင်းသည် ထယ်ထိုးထွန်မွှေမှု လွယ်ကူလျင်မြန်စေရန်အတွက်ဖြစ်ပြီး ပေါင်းမြက်ကင်းစင်စေရန်အတွက်နှင့် နောက်သီးနှံများအချိန်မီ စိုက်ပျိုးပြီးစီးနိုင်ရန်အတွက် ရည်ရွယ်ပြီးသုံးစွဲခြင်းဖြစ်ကြောင်း ဒေသခံတောင် သူများက ပြောပြသည်။

ယခုဩဂုတ်လအတွင်း နှမ်းဖြူ တစ်တင်းဈေးနှုန်းမှာ ကျပ် ၃၅၀၀၀ နှင့် နှမ်းနက်တစ်တင်းဈေးနှုန်းမှာ ကျပ် ၇၀၀၀၀ ခန့်ရှိသည့်အတွက် တောင်သူများ ဝင်ငွေတိုးတက်လျက်ရှိကြောင်း သိရသည်။

မကွေးမြို့နယ်အတွင်းတွင် နောက်ထပ်သီးနှံ သီးထပ်အဖြစ် ပင်ထောင်မြေပဲ ပဲတီစိမ်း၊ နွားစာပြောင်းများ စိုက်ပျိုးကြကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

"တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်းနှင့် တုပသုံးစွဲခြင်းမပြုလုပ်ရန် သတိပေးတားမြစ်ခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အေးသူဇာ အထည်ချုပ်လုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးသန်း(၁၂/မရက(နိုင်)၀၀၆၇၆၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း၊ မြောက်/အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၈၁)(မြေညီထပ်)တွင် တည်ရှိသော "အေးသူဇာ" အမျိုးသမီး အထည်ချုပ်လုပ်ငန်းမှဒေါ်အေးအေးသန်း(၁၂/မရက(နိုင်)၀၀၆၇၆၀)က အောက်ဖော်ပြပါ"အေးသူဇာ"အမျိုးသမီးအထည်ချုပ်လုပ်ငန်း(အတိုကောက်အမှတ်အသား-ATZ) ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင် တံဆိပ်အမှတ်အသားအဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

တံဆိပ်အမည်၊ အမှတ်အသား

® ATZ

အေးသူဇာ

အမျိုးသမီးအထည်ချုပ်လုပ်ငန်း

မှတ်ပုံတင်အမှတ်- ၁၇၄၁၆/၂၀၁၄

အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်စားအမျိုးမျိုးပြုလုပ်၍ "အေးသူဇာ" အထည်ချုပ်လုပ်ငန်းက အသင့်ချုပ်ပြီး အမျိုးသမီးဂါဝန်၊ အမျိုးသားဂါဝန်၊ ကလေးဂါဝန် စသည့် အဂါဝန်အထည်အမျိုးမျိုးတို့အပေါ်တွင်လည်းကောင်း၊ လုပ်ငန်းနှင့်ဆက်နွှယ်သည့် ကြော်ငြာအမျိုးမျိုး၊ ဘလောက်တုံး၊ Label ၊ စက္ကူအိတ်၊ စက္ကူပုံး၊ ငွေရပြေစာတို့တွင်လည်းကောင်း တပ်ဆင်၊ ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင်သာမက ပြည်ပနိုင်ငံများသို့ပါ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေ ကုန်အမှတ်တံဆိပ်မူပိုင်ရှင် ဒေါ်အေးအေးသန်းမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ခွင့်ပြုချက်မရှိဘဲ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားပြုလုပ်၍ တုပသုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ကြရန်နှင့် အကယ်၍ တုပသုံးစွဲသည်ကို တွေ့ရှိရပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သိင်္ဂီစိုး
အထက်တန်းရှေ့နေ (စဉ် - ၂၃၁၉၆)

ဒေါ်စန်းစန်းဝင်း
တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၉၄၈)

တိုက် - ၉/၁၁ ၊ အခန်း - ၃(ဘီ)၊ မြေညီထပ်၊ ၃၆ လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၁၀ ၇၈၂၅၅ ၊ ၀၉ ၄၉၅၉ ၄၇၄၇

## ရွှေပြည်ဟိန်းမိုးကောင်းလမ်းရေလှမ်းဒေသကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်

ရွှေပြည်ဟိန်းဆရာတော်၏ဇာတိနယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်နှင့်ကျေးရွာပေါင်း (၃၀)ကျော်တို့ သွားလာမှုအဆင်ပြေစေရန်အတွက် ရေလှမ်းဒေသအတွင်းပါဝင်သော ထန်းကုန်းကျေးရွာမြောက် (၂)မိုင်ခန့်အကွာ ရွှေပြည်ဟိန်း တံတားမှ မိုးကောင်းရွာအထိ (၂)မိုင်ခွဲအရှည်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆက်လက် ဆောင်ရွက်လျက်ရှိရာ ကျောက်တစ်ကျင်း (၃၀၀၀ဝိ/-) သဲကားတစ်စီး (၂၀၀၀ဝိ/-)၊ ဘိလပ်မြေ (၁)အိပ် ၆၀၀ဝိ/-၊ ဂဝံမြေ (၁)ကျင်း ၁၅၀၀ဝိ/- ပါဝင်လှူဒါန်းကာ လမ်းတံတားအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## သီတဂူရွှေပြည်ဟိန်းစက္ကူဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

စက်တင်ဘာလ (၁၂၊ ၁၃)ရက်တွင် ၅၁-ကြိမ်မြောက် မျက်စိဝေဒနာရှင်ဦးရေ (၆၅၈၀)ပြည့် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ဝိ/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ထည့်သွင်း၍ဖြစ်စေ၊လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံဘုရားလမ်း၊ တာမွေလေး၊ သလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဝိုင်းကမ္ဘောဇဘဏ် အရှင်စန္ဒောဘာသိရိအမည်ဖြင့် (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


The 2nd International Processing & Packaging Exhibition for Myanmar
ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ထုတ်လုပ်ခြင်း နှင့် ထုတ်ပိုးခြင်းဆိုင်ရာပြပွဲ




Incorporating:
PROPAK MYANMAR 2015
DRINKTECH MYANMAR 2015
PLASPAK MYANMAR 2015
24-26 SEPTEMBER 2015
Myanmar Event Park (MEP), Yangon, Myanmar
Visit
The 2nd international processing and packaging technology trade event for Myanmar's food, drink and pharmaceutical industries
Including:
- 170 Exhibitors from 18 countries
- 4 International Pavilions from China, Singapore Taiwan and Thailand
- Industry Conferences & Seminars

Visitor pre-registration at
www.propakmyanmar.com
Information Hotline Contact: U Htet Wai Zaw, Tel: +95-1 513 515-519
Email: marketing@informationmatrix.com
Supported by: MFPEA MIA FoSTA
Organised by: BES Allworld Exhibitions Bangkok Exhibition Services Ltd.

MIC Myanmar Imperial College
မြန်မာလူငယ်များ၏ အနာဂတ်အခွင့်အလမ်းများကို ဆွေးနွေးပေးမည့်
MIC Education Seminar 2015




တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်
- Diploma in Business (HND)
- Diploma in Advertising & Branding (HND)
- Diploma in Hospitality & Tourism (HND)
- Bachelor of Business & Management
- Bachelor of Marketing Management
- Bachelor of Tourism Management

မြန်မာနိုင်ငံ၏
အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်
MBA | DBA

+ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူလူငယ်များ၏ အနာဂတ်ပညာရေးအတွက်ပြုလုပ်သင့်သောကြိုတင်ပြင်ဆင်မှုများ၊
+ အချိန်ကာလ 2 နှစ်ခွဲအတွင်း UK မှတိုက်ရိုက်ပေးအပ်သော စီးပွားရေးဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ဆောင်မှုဆိုင်ရာ HND Diploma နှင့် Bachelor ဘွဲ့များအကြောင်း၊
+ University of Northampton (UK) နှင့် ပူးပေါင်းကာဖွင့်လှစ်သင်ကြားပေးမည့်စီးပွားရေး မဟာဘွဲ့ (MBA)၊ စီးပွားရေးပါရဂူဘွဲ့ (DBA) နှင့် ပြည်တွင်းတွင်သင်ကြားရမည့် ကျောင်းလခကုန်ကျစရိတ်နှင့်အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို ဆွေးနွေးပေးမည်ဖြစ်ပါသည်။

Date - 30 August 2015 (Sunday)
Time - 2:00 - 4:00 PM
Venue - MIC New Campus

September Intake!

အမှတ် (၁) ဈေးမြောက်လမ်း၊ ဘုရားကြီးရပ်ကွက် (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ 0973210001 / 0942110022

FAME Neurodopa®
Natural dopamine supplement
ကိုယ်စိတ်သန်စွမ်းဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 010851 (0117)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

FAME SawPalmetto
5α-reductase inhibitor
ဆီးကျိတ်ရောဂါဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 007343 (1216)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph : 09-5425251, 09-73225484



Forever
Gems by
ရွှေနန်းတော်

ဒါရိုက်တာကိုနိုင်(N.V.G) ရိုက်ကူး၍ စေးရေး မြင့်မိုးအောင်၊
ကိုလတ်(OASIS)သီကုံးရေးသားပြီး ကျော်သီဟ၊နေနေ၊ရွှေရည်ဖြိုးမောင်တို့သီဆိုထား၍
ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီနေတိုး၊ အကယ်ဒမီဝတ်မှုန်ရွှေရည်
နှင့်ဇေရဲထက်တို့ ပါဝင်သရုပ်ဆောင်ထားသည့်ကြော်ငြာအသစ်များကို
၃၀-၈-၂၀၁၅ (တနင်္ဂနွေနေ့) မှစတင်၍ (MRTV-4)ရုပ်သံလိုင်း၌
ညနေ (၆း၁၅) မှ (၇း၁၅) ကြားတွင် စက္ကန့် (၁၈၀) နှင့်
ည (၈း၃၀) မှ (၉း၃၀) ကြားတွင် စက္ကန့် (၁၀၀)ကြော်ငြာအသစ်များကို
ရွှေနန်းတော်၏ ရတနာချစ်သူ မိတ်ပြည်သူများအတွက်
စတင်ထုတ်လွှင့်ပြသမည် ဖြစ်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

ရွှေနန်းတော်စိန်ရွှေရတနာဆိုင်မိသားစု



ဆီးချိုသွေးချိုရှိသူများအတွက် No.1 ဖြည့်စွက်အာဟာရမှုန့် Diabetasol မှ ဖုန်းငွေဖြည့်ကတ်များ လက်ဆောင်ရယူလိုက်ပါ....

Diabetasol
Diabetes Nutrition Solution

ဆီးချိုသွေးချိုရှိသူများ၏ အာဟာရအတွက်
အသင့်တော်ဆုံးရွေးချယ်မှု ....







နမူနာခါတ်ပုံ

လိုအပ်ချက်
- အသုံးပြုပြီးသော Diabetasol ဘူးခွံ (၂) ခု
- ၎င်း ဘူးခွံ အပေါ်ဘက် အဖုံးနေရာတွင်...
အမည်၊ မိဘိုင်းဖုန်းနံပါတ်၊ လိပ်စာ
အပြည့်အစုံတို့ကို မိမိကိုယ်တိုင် လက်ရေးဖြင့် ရေးသားပါ။

ပေးပို့ရန်နည်းလမ်း
အမည်၊ မိဘိုင်းဖုန်းနံပါတ်၊ လိပ်စာအပြည့်အစုံ ရေးသားထားသော
ဒိုင်ယာဘီတစော အခွံနှစ်ခုကို လက်ကိုင်ဖုန်းဖြင့် နမူနာပုံအတိုင်း
ဓာတ်ပုံရိုက်ပြီး ဖုန်းနံပါတ် -09 960768858 သို့ Viber
ဖြင့် ပေးပို့နိုင်ပါသည်။

ပထမဦးဆုံး ပေးပို့သူ အယောက် ၁၀၀၀ မှ ဖုန်းငွေဖြည့်ကတ် 5000ကျပ် ရရှိမည့်အခွင့်အရေး
ဒုတိယ ပေးပို့သူ အယောက် ၁၀၀၀ မှ ဖုန်းငွေဖြည့်ကတ် 3000ကျပ် ရရှိမည့်အခွင့်အရေး

(မှတ်ချက်။ ။ဓာတ်ပုံရိုက်ရာတွင် မိမိရေးသားထားသော အချက်အလက်များ ပေါ်လွင်ထင်ရှားရပါမည်။)

Promotion ကာလမှာ ....
ဩဂုတ်လ နှင့် စက်တင်ဘာလ (၂) လတည်းသာဖြစ်ပါသည်။

KALBE Customer Care 01-2399800

KALBE

IFC International Finance Corporation WORLD BANK GROUP

M.O.B
Myanmar Oriental Bank Ltd.

# CONGRATULATIONS!

## Signing Ceremony
## of
## Loan Agreement to enhance
## MOB-IFC
## Long-Term Partnership







19th August 2015

Sule Shangri-La Hotel


BRIDGESTONE
Your Journey, Our Passion
Free Tyre Safety Check
5 - 6 SEPT 2015
10:30am - 5pm
@ Myanmar Culture Valley (People's Park)
BECAUSE YOU LOVE
YOUR FAMILY
မိုးရာသီ Promotion အစီအစဉ်
BUY ANY PSR TYRE 2
To Get 1 Umbrella.
BUY ANY PSR TYRE 4
To Get 2 Umbrellas.
ယခုလိုမိုးရာသီအချိန်အခါတွင် သင့်ဘဝလုံခြုံစိတ်ချမှုအတွက်
တာယာများကို လဲလှယ်တပ်ဆင်ပေးရန် လိုအပ်ပါသည်။
BRIDGESTONE မိုးရာသီ ပရိုမိုးရှင်းအစီအစဉ်မှတစ်ဆင့်
သင်ရဲ့ လုံခြုံစိတ်ချမှုကို ကူညီပံ့ပိုးပြသပေးသွားမည် ဖြစ်ပါသည်။
BRIDGESTONE
KEEPS YOU SAFE
FIRST JAPAN TIRE SERVICES
a subsidiary of Mitsubishi Corporation
fjts@fjts-mm.com Hotline : 09 2615 96860
Pyi Htun Aung Trading Co., Ltd. Hotline : 09 42110 3088

# (၁)နှစ်ပြည့်တမ်းတခြင်း

## (၂၉-၈-၂၀၁၄-၂၉-၈-၂၀၁၅)

## ဒေါ်ခင်လေးစု

## (ပဲခူး)

- မိခင်ကြီးအပေါ်တာဝန်ကျေတဲ့သမီး
- ခင်ပွန်းအပေါ်တာဝန်ကျေတဲ့ ဇနီး
- သားသမီးတွေအပေါ်တာဝန်ကျေတဲ့မိခင်
- မြေးတွေအပေါ်တာဝန်ကျေတဲ့ အဘွား
- မောင်နှမတွေအပေါ် တာဝန်ကျေတဲ့ အစ်မ
- တူ၊ တူမတွေအပေါ် တာဝန်ကျေတဲ့ အဒေါ်
- သူ့လိုလူဘယ်တော့မှ ပြန်မရတော့ပါလား
- နှမြောလိုက်တာ "မမစု"ရယ်
- နောင်ဘဝဆိုတာရှိရင် ပြန်ဆုံပါရစေနော်

**မိခင်ကြီး ဒေါ်ခင်ညွန့်နှင့်မောင်နှမများ**
**(ဇော်ညီနောင်အိမ်ဆောက်ပစ္စည်းဆိုင်)**

# (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဒေါ်ခင်လေးစု

## (ပဲခူး)

(၁)နှစ်ပြည့်ပြီး ဖြစ်သော်လည်း ယနေ့တိုင် ရင်နှင့်အမျှ ဝမ်းနည်းကြေကွဲ လွမ်းဆွတ်လျက် ရှိနေပါသည်။

**ဦးထွန်းအောင်ကျော်**
**ညွှန်မှူး(ငြိမ်း)၊ ကညန**
**နှင့် မြေးများ**

## သမီးလေးပန်းစုလှိုင်အေးသို့
## (၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## (၂၉-၈-၂၀၁၁ မှ ၂၉-၈-၂၀၁၅)

သမီးလေး ပန်းစုလှိုင်အေးရေ---

သမီးကွယ်လွန်သွားတာ (၄)နှစ်ပြည့်ခဲ့ပြီဆိုပေမယ့် ဖေဖေ၊ မေမေတို့ မိသားစုအားလုံးရဲ့ ရင်ထဲမှာတော့ မနေ့တစ်နေ့ကလိုပဲ နာကျင်စွာ ခံစားရဆဲပါ သမီးရယ်--

သမီးလေးထားရစ်ခဲ့တဲ့ သားသားလေးကို ချစ်မြတ်နိုးစွာ ကျွေးမွေးပြုစု ယုယထွေးပွေ့နေရင်းနှင့်အတူ သမီးလေးကို မိသားစုအားလုံးက ယနေ့ထိတိုင် တစ်နေ့ တစ်ရက်မျှ မေ့လို့မရခဲ့ပါဘူးကွယ်---

ဖေဖေ မေမေတို့ မိသားစုက ဘုရားအမျိုးရှိသော သံဃာတော်အရှင်မြတ်များကို နေ့စဉ် အလှူဒါန မျိုးစုံပြုလျက် သမီးလေးအတွက် ဆုတောင်းပေးနေပါတယ်ကွယ်။ ဖေဖေတို့ မေမေတို့ မိသားစု ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုရဲ့ အဖို့ဘာဂကို သမီးလေးမြင့်မြတ်တဲ့ဘုံဘဝမှာ သိနိုင် မြင်နိုင် ကြားနိုင်ပြီး သာဓု ခေါ်နိုင်ပါစေ သမီးရယ်----

သမီးပန်းစုလှိုင်အေးရေ---

အမျှ--- အမျှ--- အမျှ-- ပါ သမီးရယ်။

(သာဓု--သာဓု-- သာဓု) ၃

**ဖေဖေ ဦးမန်းစိမ်း**
**မေမေ ဒေါ်စိန်စိန်ဝင်း**
**ကိုကြီး ကိုဝေဖြိုးအောင်-မကြည်ကြည်အောင်**
**"မန်းဧရာ"**
**ကျောက်မျက်ရတနာရောင်းဝယ်ရေးမိသားစု**

### တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
### မောင်သိန်းဇံမောင်(ခ)ညီးချေ
(၂၉.၈.၂၀၁၄) - (၂၉.၈.၂၀၁၅)

သားငယ် ညီးချေ မိသားစုအားခွဲခွာသွားသည်မှာ တစ်နှစ်ပြည့်ခဲ့ပြီး ဖြစ်ပါသည်။ ညီးချေကို ရည်စူး၍ နေ့စဉ်နှင့်အမျှ ပြုလုပ်ပြီး၊ပြုလုပ်ဆဲ၊ပြုလုပ်မည့် ကုသိုလ်ကောင်းမှု အစုစုတို့ကို မေတ္တာပို့ အမျှ-အမျှ-အမျှ ပေးဝေပါသည်။ရောက်ရာဘုံဘဝမှ သာဓု-သာဓု -သာဓု ခေါ်ဆိုနိုင်ပြီး မြင့်မြတ်သော ဘုံဘဝ၌ ခံစား စံစားနိုင်ပါစေ။

| | |
|---|---|
| ပါပါ | - ဦးဦးဘိုးသိန်း(MD,Inn Pauk Wa Co;Ltd) |
| မေမေ | - ဒေါ်နွဲ့ခင် |
| အစ်ကိုကြီး | - မောင်တင်အောင်ဦး(ခ)ဖိုးနီ+ မခင်အိပိုင် |
| အစ်ကိုလတ် | - မောင်ဘိုဘိုအောင်ကျော် (ခ) ဖိုးချို |
| ညီမငယ် | - မဇင်မာအောင် (ခ) Gracy |
| တူမများ | - Nyoko နှင့် Yuko |

### တိုက်နှင့်ခြံရောင်းမည်

ကလောမြို့၊ Viewအလွန်လှ၊ (95'× 55')၊ နှစ်ထပ် RC တိုက်သစ်၊ အဆင့်မြင့် ပြင်ဆင်ပြီး၊ ရေမီးစုံ၊ သိန်း (၃၅၀၀)
Ph: 09-5071649,
09-795370882,09-260454548

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုကို၏ CDC-93128 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၈၇၆၈၆**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာငွေးအောင်

**ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်**
**အသက်(၆၀)**

မော်လမြိုင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာငွေးအောင် အသက်(၆၀)သည် ၂၄-၈-၂၀၁၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၁၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်**
**ပါမောက္ခဌာနမှူးများနှင့်**
**ဘားအံတက္ကသိုလ်မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ပစ္စည်းလေးပါး ဒါယိကာမကြီး

**ဒေါ်စန်းစန်း**
**အသက်(၈၃)နှစ်**

YANGON STEEL ENGINEERING & CONSTRUCTION CO.,LTD. Director - ဦးနိုင်ထွေးသန်း-ဒေါ်မြတ်သန်းစိုးတို့၏မိခင် ဒေါ်စန်းစန်း အသက်(၈၃)နှစ်သည်၂၂-၈-၂၀၁၅ရက်(စနေနေ့) နံနက် ၃း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

YANGON STEEL ENGINEERING & CONSTRUCTION CO.,LTD
**ဝန်ထမ်းမိသားစုများ**

**အမည်ပြောင်း** ဒိုက်ဦးမြို့နယ်၊ အမှတ်(၉)၊ ဖအောင်ဝဲရပ်ကွက်နေ အဖ ဦးလှိုင်ဝင်း၏ သားအလကခွဲရှာလည်ကျောင်း စတုတ္ထတန်းမှ မောင်ဝေလျှံဦးအား မောင်ဝေနိုင်ဦးဟု ခေါ်ဆိုပါရန်။ **မောင်ဝေနိုင်ဦး**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန္တာဦး** B.A (History)
**အသက်(၄၈) နှစ်**
**(ပဲခူးတိုင်းဒေသကြီး၊ နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း အလုပ်အမှုဆောင်)**
**အထက(၃) ပဲခူးကျောင်းသူဟောင်း**

ပဲခူးမြို့၊ ကြည်တော်ကုန်း(၁)၊ (၃)လမ်း၊ အမှတ်(၂၉၇)နေ ဦးခင်ဇော်၏ဇနီး ဒေါ်သန္တာဦး (၄၈)နှစ်သည် ၂၃-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဗဟိုကော်မတီ**

**မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း**

### ပျောက်ဆုံးကြောင်း

ကျွန်တော် U Nay Tun Htin Aung [9/Ah Ma Za (N) 000560] ၏ ISP IDV8 15-16 13352 လိုင်စင်ဖြင့် ID No.729888(08-Jul-2005) ရက်နေ့ဖြင့် တင်သွင်းခဲ့ရာ၊ ID မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၄၄၈၀၀၃၀၃၃**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းစံပြကျေးရွာ၊ ဒသမတန်းမှ မပြုံးမော်မော်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်[၁၂/ကခက(နိုင်)၁၀၅၁၀၉] ဖြစ်ပါကြောင်း။ **ဦးမင်းဇော်**

# ရာဇဂြိုဟ်ဆည်ပေါက်သည်ဟု ကောလာဟလသတင်း မှန်ကန်မှုမရှိ တွန်းဇံမြို့နယ်မှ နတ်မြောင်းတောင်ကျချောင်း ရေကြီးခြင်းသာဖြစ်

ဂျူးနက်


ရာဇဂြိုဟ်ရေလှောင်တမံကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။

**ကလေး ဩဂုတ် ၂၈**

ယနေ့ နံနက် ၇ နာရီမှစ၍ ရာဇဂြိုဟ်ဆည်ပေါက်သည်ဟု ကောလာဟလသတင်း ဖြစ်ပွားကာ ကလေးမြို့အနိမ့်ပိုင်းရှိ ပြည်သူများစိုးရိမ်ထိတ်လန့်မှုဖြစ်ပွားပြီး နေအိမ်မှ ပြောင်းရွှေ့ရေး ကိစ္စများလုပ်ဆောင်လျက် ကျောင်းသွားနေသော မိမိတို့ သားသမီးများကို ကျောင်းမှ ပြန်ခေါ်ခဲ့ကြောင်း၊ ယင်းသတင်းကြောင့် တမူးခရိုင်၊ ကလေးဝ၊ မင်းကင်း၊ ကလေးမြို့နယ်များနှင့် ချင်းပြည်နယ်အထိ သတင်းပြန့်ခဲ့ကြောင်း သိရသည်။

"အခုလိုသတင်းထွက်လာတော့ ကျောင်းသားမိဘတွေလာပြီး သူတို့ရဲ့သားသမီးတွေကို စိုးရိမ်လို့ လာခေါ်ကြတယ်။ ကျွန်မ သက်ဆိုင်ရာကိုမေးကြည့်တော့ ဆည်ဘာမှ မဖြစ်ပါဘူး။ ကောလာဟလသတင်းတွေပါဆိုပြီး ပြောတယ်။ ကျွန်မကတော့ ကျောင်းသားကျောင်းသူတွေ အိမ်ပြန်ဖို့ ခွင့်မပြုပါဘူး၊ တာဝန်ယူပါတယ်"ဟုအမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးကပြောသည်။

အဆိုပါကောလာဟလသတင်းပြန့်မှုကြောင့် ကလေးခရိုင်ပြန်/ဆက်ဦးစီးဌာနမှ ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် ရာဇဂြိုဟ်ဆည်တည်ဆောက်ရေး တာဝန်ယူထားသည့် တည်ဆောက်ရေး(၄)ကိုတယ်လီဖုန်းဖြင့်မေးမြန်းရာ ရာဇဂြိုဟ်ဆည် မပေါက်ကြောင်း သိရှိရ၍ ပြည်သူများအားစိုးရိမ်ထိတ်လန့်မှုမရှိအောင် လက်လှမ်းမီရာပြည်သူများနှင့် တယ်လီဖုန်း၊ အွန်လိုင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ မြို့တွင်းသို့ အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ပြန်ကြားပေးသည်။

"ရာဇဂြိုဟ်ဆည် ရေမကြီးပါဘူး။ ဆည်ရေတစ်ပေတော့တက်တယ်။ ဒါပုံမှန်ပါပဲ။ ကလေးမြို့တောင်ဘက်ပိုင်း နတ်မြောင်းချောင်းရေကတော့ ရေနည်းနည်းကြီးနေတာပဲကြားတယ်။ အဲဒါရာဇဂြိုဟ်ဆည်နဲ့ မဆိုင်ပါဘူး။ ဒါ့အပြင် ဒီသတင်းထွက်နေတဲ့အချိန်မှာရာဇဂြိုဟ်ဆည်မှာဦးမော်မော်နိုင်(EE)ကိုယ်တိုင်ထိုင်နေပါတယ်။ တမံဘက်ခြမ်းမှာ လုပ်သား ၂၀၀ ခန့်နဲ့ ရေအားလျှပ်စစ်အပိုင်းမှာ လုပ်သား ၁၀၀ ကျော် အလုပ်လုပ်နေကြပါတယ်။ ဆည်ရဲ့ကန်ရေအမှတ်ကတော့ ၆၄၂ ဒသမ ၇၀ ပေ၊ ဆည်ရဲ့ စိုးရိမ်ရေအမှတ်ကတော့

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

## မြန်မာယူ-၁၉ အသင်းနှင့် မလေးရှားယူ-၁၉အသင်းတို့ ယှဉ်ပြိုင်ကစားပုံအား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၈**

လာအိုနိုင်ငံတွင် ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၄ရက်အထိ ကျင်းပမည့် AFF U-19 Championships 2015 ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များမှ မြန်မာယူ-၁၉ အသင်းနှင့် မလေးရှား ယူ-၁၉ အသင်းတို့သည် ဩဂုတ် ၂၉ရက် မြန်မာစံတော်ချိန် ညနေ ၆နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

၎င်းယှဉ်ပြိုင်ကစားကြပုံများကို မြန်မာစံတော်ချိန် ညနေ ၆နာရီ မိနစ် ၂၀မှ စတင်၍ MRTV Entertainment Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံ ကုန်းတွင်းသို့ဝင်ရောက်သွား

**နေပြည်တော် ဩဂုတ် ၂၈**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေမှ ကုန်းတွင်းသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

ယနေ့ **မာတိကာ**

**အနည်းဆုံး အခကြေးငွေ ထုတ်ပြန်ကြေညာ** — စာမျက်နှာ » ၄


**ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ နည်းဥပဒေများ ထုတ်ပြန်**

**မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ နည်းဥပဒေများ ထုတ်ပြန်** — စာမျက်နှာ » ၅

# ချင်းပြည်နယ် တွန်းဇံမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ် ၆၀ ခန့် ရေစီးဖြင့် မျောပါခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ အသေအပျောက်မရှိ

သတင်းစာမျက်နှာ » ၁၀





CHEVROLET
TURBO-CHARGED
AMERICAN BEAUTY
CHEVROLET MALIBU / FIND NEW ROADS
CHEVROLET 3S SHOWROOM: No.242, Upper Pazundaung Street, Sat San Quarter, Mingalar Taung Nyunt Township, Yangon, Myanmar. Tel: 019000621
HLEDAN SALES GALLERY: No.81, Corner of Insein Road & Hledan Road, Kamaryut Township, Yangon, Myanmar. Tel: 012306042 / 012306043
Exclusive Distributor: PACIFIC-AA MOTOR LTD
Exclusive Service Agent: PACIFIC ALPINE MYANMAR LTD
WWW.CHEVROLET.COM.MM
PACIFIC ALPINE
Follow Chevrolet Myanmar on:

4TV ၏ တစ်ပတ်တာကြည့်ရှုစရာအစီအစဉ်ကောင်းများ
(၂၉-၈-၂၀၁၅ မှ ၄-၉-၂၀၁၅ အထိ)
4tv Vol.1 No-33 အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

မဟာဗောဓိ
ဓမ္မ ရုပ်သံလိုင်း

နွေးထွေးသောကမ်းလက်များ
4tv

# နွေးထွေးသော ကမ်းလက်များမိသားစုနှင့် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းမှုအား တိပိဋက ဆရာတော်ကြီးများ ပင့်ဖိတ်၍ ပူဇော်ရေစက်ချပွဲ

"**4TV** နွေးထွေးသော ကမ်းလက်များ" မိသားစု၏ မြန်မာနိုင်ငံအနှံ့အပြားတွင် ရှိသော ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းမှုအစုစုကို တရားတော်နာရေစက်ချမည့် အခမ်းအနားကိုကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
သို့ဖြစ်ပါ၍ 4TV မိသားစု၏ လှူဒါန်းမှုတွင် ပါဝင်လှူဒါန်းခဲ့ကြသောအလှူရှင်များအနေဖြင့် (၂၉.၈.၂၀၁၅) စနေနေ့နောက်ဆုံးထား၍ Myanmar Event Park (MEP)သို့ နံနက် (၁၀) နာရီမှ ညနေ (၅)နာရီ အတွင်း တရားတော်နာ ရေစက်ချ ဖိတ်ကြားစာကိုလာရောက်ထုတ်ယူပေးကြပါရန် ဂါရဝတရားရှေ့ထား၍ ဖိတ်မန္တကပြုအပ်ပါသည်။

"4TV နွေးထွေးသော ကမ်းလက်များ" မိသားစု



